ကြေးမုံ The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်၊ တနင်္ဂနွေနေ့ (17-3-2013) (၇၄၂၇)

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အော့ကလန်မြို့တောင်ပိုင်းရှိ ပန်းမန်ပျိုးဥယျာဉ် ကြည့်ရှုလေ့လာ

နေပြည်တော် မတ် ၁၆

နယူးဇီလန်နိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မတ် ၁၆ ရက် နံနက်ပိုင်းတွင် နယူးဇီလန်နိုင်ငံ အော့ကလန်မြို့တောင်ပိုင်းရှိ Shipherd Nurseries ပန်းမန်ပျိုးဥယျာဉ်သို့ ရောက်ရှိကြရာ ပျိုးဥယျာဉ်တာဝန်ခံ Mr.Frans Van Dorsser က ခေတ်မီမှန်လုံအိမ်စိုက်ပျိုးနည်းစနစ်ဖြင့် နှင်းဆီပန်းမျိုးစုံနှင့် အခြားပန်းမန်များ စိုက်ပျိုးထုတ်လုပ်၍ ဈေးကွက်သို့တင်ပို့ရောင်းချမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ခေတ်မီမှန်လုံအိမ်စိုက်နည်းစနစ်ဖြင့် နှင်းဆီပန်းမျိုးစုံ စိုက်ပျိုးထားရှိမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ကာရာကာရှိ နို့စားနွားမွေးမြူရေးခြံသို့ ရောက်ရှိကြရာ ဒေသခံတောင်သူ Mr. Murray Shaw က နို့စားနွားများကို စားကျက်တွင် မွေးမြူထားရှိမှုနှင့် နို့ထုတ်လုပ်မှုအဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် Hamilton Jet အမြန်ရေယာဉ် စမ်းသပ်မောင်းနှင်ပြသမှုကို ကြည့်ရှုလေ့လာစဉ်။

(သတင်းစဉ်)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို မြင်းစီးပြိုင်ပွဲကျင်းပ ခရီးရှည် တာဝေးမြင်းစီးပြိုင်ပွဲကို လေးနိုင်ငံပါဝင်ယှဉ်ပြိုင်

နေပြည်တော် မတ် ၁၆

သတင်း - ဖေမြင့်ဦး ➢ ဓာတ်ပုံ - စိုးညွန့်

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို မြင်းစီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို မတ် ၁၅ ရက်တွင် ဝဏ္ဏသိဒ္ဓိမြင်းစီးအားကစားကွင်း၌ ကျင်းပခဲ့ပြီး ခရီးရှည်တာဝေး မြင်းစီးပြိုင်ပွဲကို ဆက်လက်ကျင်းပသည်။**(ဓါတ်ပုံ)**

အဆိုပါမြင်းစီးပြိုင်ပွဲသည် ၄၈ ကီလိုမီတာ ခရီးရှည် တာဝေးပြိုင်ပွဲဖြစ်ပြီး အိမ်ရှင်မြန်မာနိုင်ငံမှ ကစားသမား နှစ်ဦး၊ မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ကစားသမား နှစ်ဦးနှင့် အင်ဒိုနီးရှားနိုင်ငံမှ ကစားသမားတစ်ဦး စုစုပေါင်း ငါးဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ ကမ္ဘောဒီးယားနှင့် စင်ကာပူ နိုင်ငံတို့မှ ပါဝင်ယှဉ်ပြိုင်ခြင်းမရှိပေ။

မြန်မာနိုင်ငံမှ ဇော်မျိုးအောင်က စိန်နှင်းဆီ၊ ကျော်ဇင်က စိန်ရတီအမည်ရှိမြင်းများဖြင့် ပြိုင်ခဲ့ပြီး မလေးရှားနိုင်ငံမှ အက်စ်ရီဘန်က ရွှေဆယ်၊ ဟာလမ်ဘန်က မြတ်လေးငုံ အမည်ရှိမြင်းများဖြင့်လည်းကောင်း၊ ထိုင်းနိုင်ငံမှ မီချော့ချိုင်းက စိန်သစ္စာ၊ ပလာရွှန်ဖြူဂျီက ဖောင်ကလာအမည်ရှိ မြင်းများဖြင့်လည်းကောင်း၊ အင်ဒိုနီးရှားနိုင်ငံမှ အော့တိုရစ်ချတ်က စိန်ဂန္ဓဝင်အမည်ရှိ မြင်းဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် ၄၈ ကီလိုမီတာ တာဝေးခရီးစဉ်ကို ၂၄ ကီလိုမီတာနှစ်ခေါက်ပြိုင်ခြင်းဖြစ်ပြီး နံနက် ၁၀ နာရီ ၃ မိနစ်ထက်စောပြီး ပန်းဝင်၍မရသလို ၁၁ နာရီ ၃ မိနစ်ထက်လည်း နောက်ကျပြီး ပန်းဝင်၍မရပေ။ ထိုသတ်မှတ်ချိန်များထက် စောလျှင်သော်လည်းကောင်း၊ နောက်ကျလျှင်သော်လည်းကောင်း ပြိုင်ပွဲမှ ပယ်ဖျက်ခြင်းခံရမည်ဖြစ်သည်။

မြန်မာမြင်းစီးအဖွဲ့သည် အပြည်ပြည်ဆိုင်ရာမြင်းစီးအဖွဲ့ချုပ်သို့ ပြိုင်ပွဲဝင်မြင်းများအဖြစ် စာရင်းဝင်နိုင်ရေး မှတ်တမ်းအတွက် မြင်းရှစ်ကောင်လည်း အဆိုပါ ခရီးရှည်တာဝေးမြင်းစီးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင် မှတ်တမ်းယူခဲ့ကြောင်းလည်း သိရသည်။

စာမျက်နှာ ၇ ကော်လံ ၅ သို့ ✻

ယနေ့ မာတိကာ

အနာဂတ်အတွက် အခွင့်အလမ်းကောင်း

စာမျက်နှာ - ၂

ရွှေတံဆိပ်များ ဆွတ်ခူးနိုင်အောင် စွမ်းဆောင်ကြပါစို့ . . .

စာမျက်နှာ - ၁၁

ရင်ခုန်ဖွယ်မြင်တွေ့ရမည့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်များ

စာမျက်နှာ - ၁၃

ကြေးမုံစာတည်းရှုထောင့် ၁၇-၃-၂၀၁၃၊ တနင်္ဂနွေနေ့

အနာဂတ်အတွက် အခွင့်အလမ်းကောင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် မတ်လ ၁၄ ရက်နေ့က နယူးဇီလန်နိုင်ငံ အော့ကလန်မြို့သို့ ချစ်ကြည်ရေးခရီး ရောက်ရှိခဲ့ပေသည်။ အဆိုပါ ချစ်ကြည်ရေးခရီးစဉ်တွင် နယူးဇီလန် နိုင်ငံခေါင်းဆောင်များ၊ ကုမ္ပဏီများသာမက အတိုက်အခံပါတီခေါင်းဆောင်တို့နှင့်ပါ တွေ့ဆုံဆွေးနွေးခဲ့ကြရာ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုကိစ္စရပ်များတွင် အားတက်သရော ပူးပေါင်းပါဝင်ကူညီသွားမည်ဟု သိရှိရသည်။

နယူးဇီလန်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံခေါင်းဆောင်များ ဆွေးနွေးညှိနှိုင်းကြရာတွင် မြန်မာနိုင်ငံအတွက် အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းခဲ့ပေသည်။ အထူးသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ပြည်သူပြည်သားများ ကျန်းမာကြံ့ခိုင်ရေးကဏ္ဍတို့အတွက် အထောက်အကူဖြစ်စေခဲ့သည်ကို တွေ့ရပေသည်။

မြန်မာနိုင်ငံအနေဖြင့် ရေခံမြေခံနှင့် လုပ်အားစွမ်းရည် အခြေခံကောင်းများရှိပြီးဖြစ်သော်လည်း အရင်းအနှီး၊ နည်းပညာနှင့် စီးပွားရေးစနစ်တို့ အားနည်းခဲ့သောကြောင့် လုပ်သင့်သလောက်မလုပ်နိုင်ဘဲ နောက်ကျကျန်ရစ်ခဲ့ရပေသည်။

ယခုခရီးစဉ်တွင် မြန်မာနိုင်ငံနှင့် အခြေခံသဘောတရားတူညီသည့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည့် အခြေအနေများကို ညှိနှိုင်းဆွေးနွေးခဲ့ကြရာ မြန်မာနိုင်ငံ၏ အနာဂတ်မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာမျှော်လင့်မိပါသည်။

အဘယ်ကြောင့်ဆိုသော် နယူးဇီလန်နိုင်ငံသည် နို့စားနွား မွေးမြူရေးကဏ္ဍတွင် ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်ပြီး လက်ရှိတွင် နယူးဇီလန်နိုင်ငံ နို့နှင့်နို့ထွက်ပစ္စည်းစက်ရုံများက တစ်နှစ်လျှင် နွားနို့ ၁၇ ဘီလီယံလီတာကို ကုန်ချောအဖြစ် ပြုပြင်ထုတ်လုပ်ပြီး နိုင်ငံပေါင်း ၁၀၀ သို့ ဖြန့်ချိနေသောကြောင့် ဖြစ်ပါသည်။

ထိုနိုင်ငံတွင် အစုရှယ်ယာ ၁၀၅၀၀ပါဝင်သည့် နို့နှင့်နို့ထွက်ပစ္စည်းထုတ်လုပ်ရေး သမဝါယမအသင်းဖွဲ့စည်းကာ လုပ်သားအင်အား မြောက်မြားစွာဖြင့် အောင်မြင်သော စီးပွားရေးလုပ်ငန်းများကို ထူထောင်ထားသည်။

မြန်မာနိုင်ငံအနေဖြင့် လုပ်ငန်းသဘာဝနီးစပ်သည့် ရှမ်းပြည်နယ်အတွင်း နို့စားနွားမွေးမြူရေးလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံထူထောင်ပြီး ပူးပေါင်းဆောင်ရွက်နိုင်မည်ဆိုလျှင် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းပေါ်များပြီး ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည် ဖြစ်သည်။

ရှမ်းပြည်နယ်သည် ပြည်နယ်များအားလုံးတွင် အကျယ်ဆုံးပြည်နယ်တစ်ခုဖြစ်ပြီး ကုန်းပြင်မြင့်များရှိ၍ ဥတုသပ္ပါယအေးမြသည့်ဒေသ ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပြုပြင်လျှင် နေရာဒေသများစွာတို့သည် ဥရောပတိုက် ရေမြေအနေအထား ရာသီဥတုဆန်ဆန်မျိုးရှိသည်။ ထို့ကြောင့် နယူးဇီလန်ကဲ့သို့ နို့စားနွားမွေးမြူရေးလုပ်ငန်းကို ထူထောင်နိုင်ရန် အလားအလာကောင်းများစွာရှိသည်။

မြန်မာနိုင်ငံတွင် နိုင်ငံတော်သမ္မတကြီးလမ်းညွှန်မှုဖြင့် တစ်ဦးချင်းနွားနို့သောက်သုံးမှုနှုန်းထားမြင့်မားရေးကို ဆောင်ရွက်လျက်ရှိသည်။ ကလေးငယ်များ၏ ကာယ၊ ဉာဏ စွမ်းအားမြင့်မားရေးအတွက် နွားနို့တိုက်ကျွေးနိုင်မည့် အစီအမံများလည်းရှိပြီးဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်သမ္မတကြီးသွားရောက်ခဲ့သည့် ဥရောပနိုင်ငံ ခရီးစဉ်များမှ ပေါ်ထွန်းလာမည့် အကျိုးရလဒ်ကောင်းများမှတစ်ဆင့် မြန်မာနိုင်ငံတွင် အလုပ်အကိုင်အခွင့်အလမ်းပေါ်များရေး၊ ကျန်းမာကြံ့ခိုင်သန်စွမ်းရေးနှင့် ရှမ်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးတို့ အနာဂတ်ကာလတွင် ဖြစ်ထွန်းလာမည်ဟု ရှုမြင်ပါသည်။ ။

အေဒီ(၁၇၅၆)ခုနှစ်တွင် မြန်မာဘုရင် အလောင်းဘုရား ဗြိတိန်ဘုရင် George (2)ထံ ရွှေသားအစစ် ပေစာရွက်တစ်ရွက်ပေးပို့ခဲ့

နေပြည်တော် မတ် ၁၆

အေဒီ(၁၇၅၆)ခုနှစ်တွင် မြန်မာဘုရင် အလောင်းဘုရားက ဗြိတိန်ဘုရင် George (2) ထံ ပေးပို့ခဲ့သည့် ရွှေပေရွက်လွှာသည် ယနေ့အထိ ဂျာမနီနိုင်ငံ ဟန်နိုဗာမြို့ရှိ Gottfried Wilhelm Leibniz စာကြည့်တိုက်၌ ထိန်းသိမ်းထားရာ အေဒီ(၁၇၅၆)ခုနှစ်တွင် အလောင်းဘုရားက ဗြိတိန်ဘုရင် George (2) ထံ မြန်မာနှင့် ဗြိတိန် ချစ်ကြည်ရေးတိုးမြှင့်ဆောင်ရွက်ရန် ရေးသားခဲ့ကာ အင်္ဂလိပ်ကုန်သည်အဖွဲ့အား ဟိုင်းကြီးကျွန်းတွင် နေထိုင်၍ ကုန်သွယ်ခွင့်ပြုထားကြောင်း၊ ဆက်လက်၍လည်း နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တို့ကို ဖော်ပြထားသည်။

လွတ်လပ်သော ပြည်ထောင်မင်းအချင်းချင်း တန်းတူညီမျှမှုဖြင့် သဝဏ်လွှာပေးပို့ခြင်းဖြစ်ကာ ဗြိတိန်ဘုရင် George (2)က ၎င်း၏မွေးဖွားရာဇာတိ ဟန်နိုဗာမြို့ စာကြည့်တိုက်သို့ လွှဲပြောင်းပေးပို့ခဲ့ခြင်း ဖြစ်သည်။ အဆိုပါ ရွှေပေရွက်လွှာသည် အရည်အသွေးကောင်းသော ရွှေအစစ်ကို ပါးလွှာအောင် အပြားခတ်ထားပြီး အလျား ၅၅ စင်တီမီတာ၊ အနံ ၁၂ စင်တီမီတာရှိ ပေရွက်ပုံသဏ္ဌာန် ပြုလုပ်ထားကာ ထိပ်တစ်ဖက်စီတွင် အရည်အသွေးတူညီသော ပတ္တမြား ၁၂ လုံးစီ မြှုပ်ထားသည်။ ရွှေပေရွက်လွှာပေါ်တွင် ကညစ်ဖြင့် ရေးသားထားသော စာကြောင်း ၁၀ ကြောင်း ပါဝင်ပြီး သက္ကရာဇ် ၁၁၁၈ ခု ကဆုန်လဆန်း ၁၀ ရက် (၇. ၅. ၁၇၅၆)ဟူ၍ ရက်စွဲပါရှိသည်။ အဆိုပါ ရွှေပေရွက်လွှာကို လိပ်၍ ဆင်စွယ်ကြုတ်တွင် ထည့်သွင်းထားသည်။ နှစ်ပေါင်း(၂၅၀) ကြာမြင့်ပြီးနောက် ၂၀၀၇ ခုနှစ်တွင် ဟန်နိုဗာမြို့ရှိ စာကြည့်တိုက်မှ ပညာရှင် Dr. Friedrich Hulsmann က တွေ့ရှိခဲ့ပြီး လူဇင်ဘတ်နိုင်ငံသားသမိုင်းပညာရှင်၏အကူအညီဖြင့် လေ့လာသုတေသနပြုခဲ့ရာမှ မြန်မာဘာသာဖြင့် ရေးသားထားကြောင်း သိရှိခဲ့ပြီး ကွန်ပျူတာအကူအညီဖြင့် ဘာသာပြန်ခြင်း၊ အက္ခရာဖလှယ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ဟန်နိုဗာမြို့ရှိ စာကြည့်တိုက်သည် ဂျာမနီနိုင်ငံမြောက်ပိုင်းရှိ အရေးပါထင်ရှားသော စာကြည့်တိုက်ဖြစ်ပြီး အေဒီ(၈)ရာစုက အဟောင်းဆုံးစာအုပ်အပါအဝင် ကမ္ဘာ့အရပ်ရပ်မှ စာပေပစ္စည်း ၁ ဒသမ ၆ သန်းကျော် စုဆောင်းထားသည့် စာကြည့်တိုက်ဖြစ်ကြောင်း၊ အလောင်းဘုရားပေးပို့သည့် ရွှေပေရွက်လွှာကို ခါတ်ပုံစက္ကူဖြင့် ပုံအကြီးချဲ့၍ ချိတ်ဆွဲပြသထားပြီး မူရင်းရွှေပေရွက်လွှာအစစ်ကို စနစ်တကျ ပြုပြင်ထိန်းသိမ်း၍ အထူးသိမ်းဆည်းထားကြောင်း၊ ၎င်းစာကြည့်တိုက်သည် အလောင်းဘုရားပေးပို့ခဲ့သည့် ရွှေပေရွက်လွှာကို ကမ္ဘာ့မှတ်တမ်းဝင် (Memory of the World)အဖြစ် တင်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့် ယဉ်ကျေးမှုအဖွဲ့က ဟန်နိုဗာရှိ Gottfried Wilhelm Leibniz စာကြည့်တိုက်သို့ ရောက်ရှိစဉ် အဆိုပါ ရွှေပေရွက်လွှာအား ကြည့်ရှုလေ့လာခွင့်ရခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ရှေးဟောင်းအဆောက်အအုံများ၏ ပရိဝုဏ်နှင့်လွတ်ကင်းသောနေရာများတွင် ညစာစားပွဲကျင်းပနိုင်

နေပြည်တော် မတ် ၁၆

၂၀၁၂ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဘက်စုံခန်းမ၌ ကျင်းပသော ရှေးဟောင်းအမွေအနှစ်များ စနစ်တကျ စီမံခန့်ခွဲရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး အလုပ်ရုံဆွေးနွေးပွဲ၏ အကြံပြုချက်များအရ ခရီးသွားလုပ်ငန်းဆိုင်ရာ အကြံပြုတောင်းဆိုချက်များ၌ အချို့သော ခရီးသည်အုပ်စုဖြင့် စီစဉ်သော ခရီးသွား ဧည့်သည်များအတွက် တောင်းခံလာပါက ဘုရားပရိဝုဏ်များနှင့်စေတီ၊ ပုထိုးဘုရားများကို မထိခိုက်စေဘဲ ညစာစားပွဲကျင်းပခွင့် အကြံပြုသည်များ ရှိကြောင်းနှင့် ယင်းဖော်ထုတ် အကြံပြုချက်ကို သင့်လျော်စွာ လိုက်လျောပေးသည့် အနေဖြင့် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ရှေးဟောင်းအဆောက်အအုံများ၏ ပရိဝုဏ်နှင့်လွတ်ကင်းသော ဓမ္မရံကြီးဘုရား၏ အနောက်မြောက်ဘက်ရှိ ယာကွက်၊ အိုးထိန်းတောင်နှင့်ရွှေနန်းရင်တော ဘုရား၏ တောင်ဘက်တို့တွင် ပုဂံဟိုတယ်လုပ်ငန်းရှင်များနှင့် ပုဂံခရီးသွားလုပ်ငန်းရှင်များက ခရီးသွားဧည့်သည်များအတွက် သန့်ရှင်းသပ်ရပ်လှပသော ညစာစားပွဲများ ကျင်းပလိုပါက တာဝန်ခံ၍ ကျင်းပခွင့်ပြုပေးမည်ဖြစ်သည်။

ထိုသို့ ကျင်းပလိုခြင်းအတွက် ပုဂံမြို့ရှိ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသို့ ကြိုတင်မှတ်ပုံတင် အသိပေးသွားရန်သာလိုကြောင်း၊ ၄င်းရမ်းခ ဝန်ဆောင်ခများ မည်သည့်ခေါင်းစဉ်နှင့်မျှ ပေးသွားရန်မလိုဘဲ ညစာစားပွဲကျင်းပပြီးသည့် နောက်တစ်နေ့တွင် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အပြည့်အဝတာဝန်ခံ ဆောင်ရွက်ပေးရန်လိုကြောင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ပုဂံဇုန်၌ လည်ပတ်သော ခရီးသည်များအတွက် စိတ်ရွှင်လန်းမှုရစေရန်သာ ဝန်ဆောင်မှုပံ့ပိုးခြင်းဖြစ်သည်ဟု သိရသည်။ **(သတင်းစဉ်)**

မဟာမကုဋရံသီ ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်

နေပြည်တော် မတ် ၁၆

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ သရဏတောင်(ခေါ်) မော်တင်တောင်တော်ဦးရှိ မဟာမကုဋရံသီဆံတော်ရှင်မြတ် မော်တင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲအခမ်းအနားကို မတ် ၁၂ ရက် နံနက် ၇ နာရီ မိနစ် ၂၀ တွင် ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုးက မြတ်မော်တင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများနှင့်အတူ မင်္ဂလာမုခ်ဦးအား အမွှေးနံ့သာရည် ပက်ဖျန်းပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် မြတ်မော်တင်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့် ရေစက်ချမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းရေးရာ

☆ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် နို့စားနွား အကောင် ၅၀ အား တစ်ပြိုင်တည်း နို့ညှစ်နိုင်သည့် နို့ညှစ်စက်များ၊ Fonterra ကုမ္ပဏီမှ ထွက်ရှိသည့် နွားနို့များကို အရည်အသွေးစစ်ဆေးသည့်ကားဖြင့် လာရောက်သယ်ယူမှု၊ နွားစာအဖြစ်စီမံထားသည့် မြက်ချဉ်ခြောက်များနှင့် မွေးမြူထားသည့် နို့စားနွားများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထိုသို့လေ့လာစဉ်အတွင်း နိုင်ငံတော်သမ္မတနှင့်အဖွဲ့က နို့စားနွားမွေးမြူ၍ နို့ထုတ်လုပ်နိုင်မှုအခြေအနေများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြသည်။

အဆိုပါတောင်သူမွေးမြူထားသည့် နို့စားနွားမှာ အကောင် ၅၀၀ ရှိပြီး တစ်ကောင်လျှင် တစ်နေ့ပျမ်းမျှ နွားနို့ ၂၄ လီတာရရှိကြောင်း၊ ဧက ၃၅၀ ပေါ်တွင် ကိုယ်ပိုင်စားကျက်ကွင်း၊ နို့ညှစ်စက်၊ နို့သိုလှောင်ကန်ပါဝင်၍ ခေတ်မီစွာ မွေးမြူထားခြင်းဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် အော့ကလန်ရေကြောင်းကယ်ဆယ်ရေးဌာန (Auckland Marine Rescue Centre)သို့ရောက်ရှိရာ Hamilton Jet ရေယာဉ်ထုတ်လုပ်ရေးစီမံကိန်း မန်နေဂျာ Mr.Brent Cleand က အမြန်ရေယာဉ်ထုတ်လုပ်မှုအခြေအနေနှင့် ရေကြောင်းကယ်ဆယ်ရေးဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် Hamilton Jet ရေယာဉ်စမ်းသပ်မောင်းနှင်ပြသမှုကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် Auckland War Memorial Museum သို့ရောက်ရှိပြီး ပြတိုက်အတွင်း ရှေးဟောင်းယဉ်ကျေးမှုအနုပညာလက်ရာပစ္စည်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။ ယင်းနောက် ပြတိုက်ခန်းမ၌ ညွှန်ကြားရေးမှူး Mr.Rob Clare က ပြတိုက်ဖြစ်ပေါ်လာပုံနောက်ခံသမိုင်းကြောင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက သိရှိလိုသည်များကို မေးမြန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ပြတိုက်ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ညနေပိုင်းတွင် နိုင်ငံတော်သမ္မတသည် သံအမတ်ကြီးနှင့် သံရုံးမိသားစုများ၊ နယူးဇီလန်နိုင်ငံတွင် ပညာသင်ကြားနေကြသည့် ပညာတော်သင်ကျောင်းသားများအား တွေ့ဆုံနှုတ်ဆက်ကာ အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယူးဇီလန်နိုင်ငံ အော့ကလန်မြို့တောင်ပိုင်းရှိ Shipherd Nurseries ပန်းမန်ပျိုးဥယျာဉ်၌ သစ်သီးပန်းမန်စိုက်ခင်းများ ကြည့်ရှုစဉ်။ (သတင်းစဉ်)

✳ ၂၀၁၄ ခုနှစ်မှ

အဆောက်အအုံများတွင် လုံခြုံရေး၊ အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေး၊ ဖျော်ဖြေရေး၊ တည်းခိုနေထိုင်ရေးနှင့် ကျွေးမွေးရေးဆိုင်ရာများ နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် ယခုလိုတွေ့ဆုံရသည့် ရည်ရွယ်ချက်မှာ ၂၀၁၄ ခုနှစ်တွင် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပမည့် Ruby Hall နှင့် Jade Villa အဆောက်အအုံများပြီးစီးမှုကို သိရှိလို၍ လာရောက်ကြည့်ရှုခြင်းဖြစ်ကြောင်း၊ ဆောက်လုပ်ရေးပိုင်းတွင် အဆောက်အအုံများ အကောင်အထည်ပေါ်အောင် ဆောင်ရွက်ရန်များစွာလိုအပ်နေသည်ကို တွေ့ရှိရ၍ အဆောက်အအုံများ အကောင်အထည်ပေါ်အောင် ဆောင်ရွက်ရန် အထူးလိုအပ်ပါကြောင်း၊ ထို့ကြောင့် စီမံကိန်း သတ်မှတ်ကာလအတွင်း ရာခိုင်နှုန်းပြည့် ပြီးစီးအောင် ဆောင်ရွက်ရန် အရေးကြီးပါကြောင်း။

မိမိတို့နိုင်ငံသည် နိုင်ငံတကာ အစည်းအဝေးကြီးများနှင့် အခမ်းအနားကြီးများကို လက်ခံကျင်းပသည့် အတွေ့အကြုံနည်းပါးနေသေးကြောင်း၊ ဆောက်လုပ်ရေး၏အချို့သော အပိုင်းများသည် ချက်ချင်းဆောင်ရွက်၍ ရသည့်အပိုင်းများရှိသလို အချိန်ယူဆောင်ရွက်ရမည့်အပိုင်းများလည်းရှိပါကြောင်း၊ ထို့ကြောင့် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပမည့် Ruby Hall၊ Jade Villa အဆောက်အအုံများနှင့် ပါဝင်ရမည့် စနစ်များအားလုံးကို မြန်မြန်ဆန်ဆန်အကောင်အထည်ပေါ်လာအောင် ဆောင်ရွက်ရန် အထူးလိုအပ်ပါကြောင်း။

၂၀၁၄ ခုနှစ်တွင် ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အခြားနိုင်ငံများနည်းတူ နိုင်ငံတကာအဆင့်မီမီဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် အစည်းအဝေးများကျင်းပရာတွင် ဧည့်ခံကြိုဆိုရေး၊ သွားလာရေး၊ တည်းခိုနေထိုင်စားသောက်ရေး၊ ဖျော်ဖြေရေး၊ လုံခြုံရေး၊ သတင်းရုပ်သံထုတ်လွှင့်ရေးလုပ်ငန်းများကို ဆောင်ရွက်မည့် ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနများသည် အဆောက်အအုံများကို တာဝန်ယူဆောက်လုပ်လျက်ရှိသော ကုမ္ပဏီများနှင့် ယခုအချိန်ကတည်းက လိုအပ်သည်များကို အချင်းချင်းဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်းဖြင့် လမ်းညွှန်မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိသော Ruby Hall ဆောက်လုပ်နေမှု၊ ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ Jade Villa အဆောက်အအုံများ တည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ၂၀၁၄ ခုနှစ်တွင် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အာဆီယံအဆင့်၊ နိုင်ငံတကာအဆင့် အောင်မြင်စွာ ကျင်းပနိုင်အောင် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကများ တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးစားပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

(သတင်းစဉ်)

နယ်သာလန်နိုင်ငံဘုရင်မကြီးထံ သံအမတ်ကြီး ဦးပေါ်လွင်စိန်က ဧည့်ခန်းဌာနဲ့အပ်လွှာပေးအပ်

နေပြည်တော် မတ် ၁၇

နယ်သာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးပေါ်လွင်စိန်သည် ဧည့်၏ခန့်အပ်လွှာကို ၂၀၁၃ ခုနှစ် မတ် ၁၃ ရက်တွင် သည်ဟိဂ်မြို့၌ နယ်သာလန်နိုင်ငံ ဘုရင်မကြီး ဘီယက်ထရစ်ထံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် ပညာရေးကင်းရှင်းကြောင်း ထောက်ခံချက်ရယူတင်ပြရန် မလိုအပ်တော့ကြောင်း အသိပေးကြေညာ

ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့သို့ နိုင်ငံကူးလက်မှတ် လျှောက်ထားရန်အတွက် "ပညာရေးကင်းရှင်းကြောင်း ထောက်ခံချက်" ပူးတွဲတင်ပြရန် သတ်မှတ်ချက်ကို (၁၈-၃-၂၀၁၃)ရက်နေ့မှစ၍ ပယ်ဖျက်လိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပညာရေးဝန်ကြီးဌာန၊အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)

ZYP
MOBILE PHONE
SALES & SERVICES
8th Anniversary
Special Discount
17.3.2013 - 21.3.2013
အထူးလျှော့ဈေးဖြင့် ရောင်းချမည့် Handset များကို ဝယ်ယူသူတိုင်း မိလ အာမခံနှင့်အတူ Memory Card 4GB/ 8GB/ ၅၀၀၀ကျပ်တန် ငွေဖြည့်ကတ် တစ်ခုခုကို လက်ဆောင်ရရှိမည်။
အခမဲ့ဝန်ဆောင်မှု - Application, Game, Myanmar Font, Jailbreak, Rooting
Junction-8 Shopping Center: No.F33, 1st Floor, Mayangone Tsp, Yangon. Tel:01-650771,650772,650773(Ext:142), 0103001242
Mayangone Branch: No.(4)A-4, Room(2), Ground Floor, Parami Road, 10Quarter, Mayangone Tsp, Yangon. Tel: 01-666600
Tamwe Branch: No.(48), ground Floor (Right), Thamainbayan Street, Htaykyawe (Ka) Quarter, Tamwe Township, Yangon. Tel: 09-420218999 (near shwebaho clinic)

ဗုဒ္ဓံ ဓမ္မံ သံဃံ
" မြန်မာ့နှစ်သစ်အထူး "
သိမ်းငှက်သုံးကောင် အာမခံရွှေဆိုင်
၁.၃.၂၀၁၃ မှ ၃၀.၄.၂၀၁၃ ထိ
၁၅ပဲ ရည် ရွှေရည်ပြည့်ပြည့်ဖြင့် ပြုလုပ်ထားသော ရွှေသားရွှေဆွဲကြိုး - ၁၅ ကျပ် ကံစမ်းမဲ ဖောက်ပေးပါမည်။
▪ အမှတ် (၇၁၁)၊ မဟာဗန္ဓုလလမ်းမ၊ ၁၈ လမ်းနှင့် စဉ့်အိုးတန်း လမ်းကြား၊ လသာမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း - ၀၉ - ၄၉၂၈၈၈၅၅
မြဝတီမြို့ - သိမ်းငှက်သုံးကောင် အာမခံရွှေဆိုင်မှလည်း အလားတူ ၁၅ပဲ ရည် ရွှေရည်ပြည့်ပြည့်ဖြင့် ပြုလုပ်ထားသော ရွှေသားရွှေဆွဲကြိုး - ၁၅ ကျပ် ကံစမ်းမဲ ဖောက်ပေးပါမည်။
▪ အမှတ် (၈/၇၅)၊ ဘုရင့်နောင်လမ်းမ၊ ညဈေးအနီး၊ မြဝတီမြို့ ဖုန်း - ၀၅၈ - ၅၀၇၉၃
"ဓိတ်ဟောင်းဓိတ်သစ်များ အစဉ်ကြီးပွားတိုးတက်ပါစေ"
ရွှေဝယ်သူတိုင်း ကူပွန်ရရှိမည့် အခွင့်အရေး...

ဒုံးကာကွယ်ရေးအစီအစဉ် အကောင်အထည်ဖော်ရန် အမေရိကန်ကာကွယ်ရေးဝန်ကြီး ထုတ်ပြန်ကြေညာ

ဝါရှင်တန် မတ် ၁၆

အမေရိကန်ပြည်ထောင်စုသည် မြောက်ကိုရီးယား၏ ခြိမ်းခြောက်မှုကို တန်ပြန်နိုင်ရေးအတွက် အနောက်ဘက် ပင်လယ်ကမ်းရိုးတန်းဒေသ၌ ဒုံးကာကွယ်ရေးအစီအစဉ် တစ်ရပ်ကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ချတ်ဟေဂဲလ်က ထုတ်ပြန်ကြေညာသည်။

အမေရိကန်ပြည်ထောင်စုသည် ၂၀၁၇ခုနှစ်ထက် နောက်မကျဘဲ ဒုံးလက်နက် ကြားဖြတ်ဟန့်တားရေးစနစ် ၁၄ ခုကို ထပ်မံဖြန့်ကြက်သွားမည်ဖြစ်သည်။ လောလောဆယ်တွင် အလားတူစနစ် ၃၀ကို ကာလီဖိုးနီးယားနှင့် အလက်စကာ ပြည်နယ်တို့၌ ဖြန့်ကြက်လျက်ရှိသည်။

သို့ရာတွင် အမေရိကန်ပြည်ထောင်စု၏ ဥရောပ ဆိုင်ရာ ဒုံးလက်နက်ကာကွယ်ရေးအစီအစဉ်၏ နောက်ဆုံးအဆင့်ကို ဖျက်သိမ်းလိုက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ အမေရိကန် ပြည်ထောင်စုအတွင်း ဒုံးလက်နက်ကြားဖြတ်ဟန့်တားရေး စနစ်များကို ထပ်မံဖြန့်ကြက်နိုင်ရေးအတွက် ရန်ပုံငွေရရှိမည် ဖြစ်ကြောင်း ဟေဂဲလ်က ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံသည် လွန်ခဲ့သည့်လက တတိယအကြိမ် နျူကလီးယားစမ်းသပ်မှုတစ်ရပ်ကို ပြုလုပ်ခဲ့ပြီးနောက် စစ်ရေးအရ ရန်စလှုံ့ဆော်မှုများကို တိုးမြှင့်ပြုလုပ်လာသည်။

မိမိတို့သည် အမေရိကန်ပြည်ထောင်စုအား နျူကလီး ယားလက်နက်ဖြင့် လက်ဦးမှုရယူကာ တိုက်ခိုက်သွားမည် ဟုလည်း မြောက်ကိုရီးယားနိုင်ငံက ခြိမ်းခြောက်ခဲ့သည်။

သို့ရာတွင် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် အမေ ရိကန်ပြည်ထောင်စုအထိရောက်အောင် ပစ်ခတ်နိုင်စွမ်း ရှိသော နျူကလီးယားထိပ်ဖူးသယ်ဆောင်နိုင်သည့် ဒုံးကျည် ကို ထုတ်လုပ်နိုင်ရန် နှစ်ပေါင်းများစွာ အချိန်ယူရဦးမည် ဖြစ်ကြောင်း စစ်ရေးဆန်းစစ်သူများက ပြောကြားသည်။

ဘီဘီစီ။

အမေရိကန်ပြည်ထောင်စု အလက်စကာပြည်နယ်၌ ဒုံးကာကွယ်ရေးစနစ် ဖြန့်ကြက်စဉ်။

ကြံ့ချိုတရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး ဗီယက်နမ်နိုင်ငံအား ကမ္ဘာ့နိုင်ငံများတိုက်တွန်း

ဗန်ကောက် မတ် ၁၆

ဆေးဖက်ဝင်ဂုဏ်သတ္တိများရှိသည်ဟူသော ထင်မြင် ယူဆချက်များဖြင့် ဗီယက်နမ်နိုင်ငံတွင် ဈေးကောင်းရနေ သော ကြံ့ဦးချိုများအား တရားမဝင်ရောင်းဝယ်မှုများကို တိုက်ဖျက်သွားသင့်ကြောင်း ကမ္ဘာ့နိုင်ငံများက ဗီယက်နမ် နိုင်ငံအား မတ် ၁၂ ရက်တွင် တိုက်တွန်းလိုက်သည်။

အဖွဲ့ဝင် ၁၇၈ နိုင်ငံပါဝင်သော မျိုးသုဉ်းလုနီးပါး ဘေး အန္တရာယ်ကျရောက်နေသည့် သတ္တဝါမျိုးစိတ်များအား ကူးသန်းရောင်းဝယ်မှုတိုက်ဖျက်ရေးအဖွဲ့က ထိုင်းနိုင်ငံ ဗန်ကောက်၌ကျင်းပသော သဘာဝတောရိုင်းတိရစ္ဆာန်များ ဆိုင်ရာညီလာခံတွင် အာရှတိုက်၏ ကြံ့ချိုဝယ်လိုအား ကြီးမြင့်လာမှုကိုထိန်းချုပ်ရန်အတွက် ကြံ့ချို တရားမဝင် ကုန်ကူးသန်းသူများကို တရားစွဲဆိုသွားရန် တိုက်တွန်းလိုက် သည်။ ယင်းအဖွဲ့အစည်းအဝေးက ဗီယက်နမ်နိုင်ငံအား ကြံ့ချိုရောင်းဝယ်မှုတိုက်ဖျက်ရေး ဆတက်ထမ်းပိုးလုပ်ဆောင် ရန် သီးသန့်တိုက်တွန်းခဲ့သည့်နည်းတူ မိုဇမ်ဘစ်နိုင်ငံကို လည်း ကြံ့သတ္တဝါများအား အမဲလိုက်သတ်ဖြတ်မှုနှင့် တရားမဝင် ကူးသန်းရောင်းဝယ်ခြင်းတို့ကို ဦးစားပေး ကာကွယ်သောဥပဒေများ ပြဋ္ဌာန်းကျင့်သုံးရန် တိုက်တွန်း ခဲ့သည်။

ရိုက်တာ။

ဗီယက်နမ် အကောက်ခွန်ဌာနက သိမ်းဆည်းရမိသော ကြံ့ချိုများကို စစ်ဆေးနေစဉ်။

နယူးဇီလန်တွင် နှစ် ၃၀ အတွင်း အဆိုးရွားဆုံးမိုးခေါင်

ဝဲလ်လင်တန် မတ် ၁၆

နယူးဇီလန်ကျွန်းမြောက်ပိုင်း တစ်ခွင်လုံးတွင် မိုးခေါင်မှုဖြစ်ပွားနေကြောင်း အစိုးရက ကြေညာခဲ့ရာ နှစ်ပေါင်း ၃၀ အတွင်း အဆိုးရွားဆုံးဖြစ်သည်ဟု ဖော်ပြ သည်။

အထူးသဖြင့် စိုက်ပျိုးထားသည့် သီးနှံများဆုံးရှုံး ကြရသော လယ်သမားများမှာ စီးပွားရေးတိုးတက်မှု တစ်ရာခိုင်နှုန်းလျော့နည်းသွားမည်ဟု မျှော်လင့်ရသည်။

မြို့တော်ဝဲလ်လင်တန်တွင် သောက်သုံးရေမှာ ၁၈ ရက် စာမျှသာ ကျန်ရှိတော့သည်ဟုဆိုသည်။ နိုင်ငံတောင်ပိုင်း တွင်လည်း မကြာမီ ရေပြတ်လပ်မှုဒုက္ခ ကြုံရဖွယ်ရှိနေသည်။

နှစ်လအတွင်း ပထမဆုံးအကြိမ်အဖြစ် အသင့် အတင့်မိုးရွာမည်ဟု ကြိုတင်ခန့်မှန်းထားရာ သီတင်းပတ် ကုန်တွင် အသက်ရှူပေါက်ချောင်လာမည်ဖြစ်သည်။

မိုးခေါင်နေသောဒေသအကျယ်အဝန်းကို ကောင်းကင် မှတွေ့မြင်နိုင်သည်။ နယူးဇီလန်နိုင်ငံ၏ မည်သည့်ရပ်ဝန်း များသည် စိမ်းလန်းစိုပြည်သော အစိမ်းရောင်မှ ပူပြင်း ခြောက်သွေ့သော အညိုရောင်သို့ပြောင်းလဲသွားသည်ကို ဂြိုဟ်တုဓာတ်ပုံများက ဖော်ပြသည်။

အစဉ်အလာအရ နိုင်ငံ၏စီးပွားရေးကိုမောင်းနှင် ပေးနေသည့် တောင်သူလယ်သမားများသည် မိုးခေါင်ခြင်း ကြောင့် နယူးဇီလန်ဒေါ်လာ တစ်ဘီလီယံ (အမေရိကန် ဒေါ်လာ သန်း ၈၂၀)ခန့် နစ်နာမည်ဟု ခန့်မှန်းသည်။

ယင်းပြဿနာနှင့်စပ်လျဉ်း၍ အစိုးရက ဘဏ္ဍာရေး အကူအညီများပေးအပ်ရန် ကမ်းလှမ်းထားသည်။**ဘီဘီစီ။**

NEW WAY 0973238655, 0973217877
Mar 24

မြတ်မော်တင်ဘုရားပွဲတော်
221978
215973
09 5403844

ကောင်းကင်သစ် 09-73207416, 09-43098308
ဆံတော်ရှင်မြတ်မော်တင်စွန်း
Mar 15, 22, 24, 29
Apr 6, 11, 12, 13, 17

ချမ်းမြိုင်းသစ္စာ
မြတ်မော်တင်စွန်းဘုရားပွဲတော် (Mar 15,22) 30000
မန်းရွှေစက်တော် 40000
အလောင်းတော်ကဿပ 55000
0973198239, 0943033237, 0973163538

အများသိစေရန်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၈လမ်း၊ အမှတ်(၁၈၁/၁၈၅)၊ (4-F) တိုက်ခန်း (၁) ခန်းအား ပိုင်ရှင်ဖြစ်သူ ဦးအောင်နိုင်ထွန်း မှတ်ပုံတင်အမှတ်[၉/မနမ(နိုင်)၀၀၀၆၀၄]ထံမှ ကျွန်ုပ်တို့က စရန်ငွေပေးချေဝယ်ယူထားပါသဖြင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာသည့်နေ့မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်တို့ထံ အောက်ပါလိပ်စာအတိုင်း အထောက်အထားအပြည့်အစုံနှင့်တကွ တင်ပြကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်ရန် မရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

ဒေါ်သန္တာထွန်း [၁၂/ကတတ(နိုင်)၀၁၉၂၇၈]

ဦးစိုးအောင် [၁၂/ကတတ(နိုင်)၀၁၉၂၈၁]

အမှတ်(၂၀၆)၊ မြေညီထပ်၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဆရာကြီး ဦးဌေးမြိုင် (ဒဂုန်တာရာ)အား ဆရာဝန်တင်ရွှေစာပေဂုဏ်ဆောင်ဆု ပေးအပ်ချီးမြှင့်

ရန်ကုန် မတ် ၁၆

(၁၁)ကြိမ်မြောက် ဆရာဝန်တင်ရွှေ စာပေဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ စာပေပညာရှင်ကြီးများ၊ ဆရာဝန်တင်ရွှေစာပေဆုစိစစ်ရွေးချယ်ရေး အဖွဲ့ဝင်များ၊ ဆရာဝန်တင်ရွှေမိသားစုဝင်များ၊ စာပေဆုရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က အမှာစကားပြောကြားရာ၌ ယနေ့ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ရာတွင် အကြီးမားဆုံးတွေ့ကြုံနေရသည့် အခက်အခဲမှာ အသိပညာ၊ အတတ်ပညာကျွမ်းကျင်မှု မလုံလောက်ခြင်းဖြစ်သည်ဟု မိမိခံစားမိကြောင်း၊ မိမိတို့၏ တန်ဖိုးထားမှုများ၊ ယုံကြည်မှုများ၊ သဘောထားရည်ရွယ်ချက်များနှင့် လူနေမှုဘဝအယူအဆများသည် ဒီမိုကရေစီ စိတ်နေစိတ်ထားနှင့်အညီ လိုက်လျောညီထွေပြောင်းလဲကြရန် လိုအပ်နေပြီဖြစ်ကြောင်း။

ထို့ကြောင့် စာပေပညာရှင်များ၊ စာပေဆုရှင်များ၊ စာရေးသူများနှင့် ပေးဝေသူများဘက်က တတ်နိုင်သမျှ ညဏ်ပါရမီရင့်သန်စွာ၊ စိတ်အားထက်သန်စွာဖြင့် အမျိုးမျိုးအစားစား ကွဲပြားခြားနားသော ပညာရပ်များကို ပြည်သူလူထုလက်ဝယ်သို့ အများအပြားရောက်ရှိအောင် ကြိုးစားပေးကြပါ၊ ဆရာကြီး ဆရာဝန်တင်ရွှေ၏ ဆိုစကားအတိုင်း "စာပေပညာ သေရွာမယူစတမ်းဟေ့"ဟု ကြွေးကြော်ပြီး အစွမ်းကုန် ပေးဝေသွားကြပါဟု တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်း(မနုဿ ကျော်ဝင်း)က နှုတ်ခွန်းဆက်စကားပြောကြားပြီး ဆရာဝန်တင်ရွှေ စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဝင် ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)က ဆုရွေးချယ်ရေးအဖွဲ့၏ မှတ်ချက်အကျဉ်းကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က ၂၀၁၁ ခုနှစ်အတွက် ဆရာဝန်တင်ရွှေစာပေဆု စာပေဂုဏ်ဆောင်ဆုရ ဆရာကြီးဦးဌေးမြိုင်(ဒဂုန်တာရာ) ကိုယ်စား ဦးမောင်မောင်ဦး(ဟိန်းလတ်)အား လည်းကောင်း၊ "ခင်ဦး၏ခင်ဦး"စာအုပ်ဖြင့် ဆုရရှိသူ ဒေါက်တာဒေါ်ရီရီလှ (ယုဝတီခင်ဦး)အားလည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးသောင်းတင်က "မြင့်မားသော ပညာရေးဖြင့်သာ"စာအုပ်ဖြင့် ဆုရရှိသူ ဒေါက်တာမောင်သင်းအား လည်းကောင်း၊ ဆရာဝန်တင်ရွှေ စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ဝင် စည်သူ ဒေါက်တာ သော်ကောင်းက "သစ္စာ"စာအုပ်ဖြင့် ဆုရရှိသူ ဒေါက်တာ စိန်လင်း(ခွဲစိတ်နှင့်ကင်ဆာပါရဂူ)အား လည်းကောင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်း (မနုဿ ကျော်ဝင်း)က "Bamar Snacks" စာအုပ်ဖြင့် ဆုရရှိသူ ဥမ္မာသျှားအားလည်းကောင်း ဆုများကိုချီးမြှင့်ကြသည်။

ထို့နောက် ဆရာဝန်တင်ရွှေ၏ဇနီး ဒေါ်အေးသန့်က ဆုရွေးချယ်ရေးအဖွဲ့ကိုယ်စား အဖွဲ့ဝင် ဦးတင်ခ (တက္ကသိုလ်တင်ခ)အား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်သည်။

(၁၁)ကြိမ်မြောက် ဆရာဝန်တင်ရွှေ စာပေဆုပေးပွဲတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများ၊ အလှူရှင် မိသားစုများနှင့် စာပေဆုရှင်များ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ယင်းနောက် စာပေဂုဏ်ဆောင်ဆုရ ဆရာကြီး ဒဂုန်တာရာကိုယ်စား ဦးမောင်မောင်ဦး(ဟိန်းလတ်)နှင့် ဆရာဝန်တင်ရွှေ စာပေဆုရှင်များက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြပြီး စာပေဆုအလှူရှင် ဆရာဝန်တင်ရွှေမိသားစုကိုယ်စား မိခင်ကြီး ဒေါ်အေးသန့်က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများ၊ အလှူရှင်မိသားစုများနှင့် စာပေဆုရှင်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

(သတင်းစဉ်)

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းနှင့်ပတ်သက်၍ဆွေးနွေးရန် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)သို့ ဖိတ်ကြား

နေပြည်တော် မတ် ၁၆

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ) အနေဖြင့် ပြင်ဆင်ဖြည့်စွက်လိုသည့်အချက်များအား ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသို့ အကြံပြုဆွေးနွေးတင်ပြနိုင်ရေးအတွက်ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မတ် ၂၃ ရက်တွင် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)၏ ကိုယ်စားလှယ်များနှင့် တွေ့ဆုံရန် အစည်းအဝေး ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာတစ်နိုင်ငံလုံး ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲများ မတ် ၁၃ ရက် (ဗုဒ္ဓဟူးနေ့) က ဖြေဆိုကြရာ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့၌ တက္ကသိုလ်ဝင်စာမေးပွဲ (ပထမနေ့) ဖြေဆိုကြရာ ယင်းစာဖြေဌာနများမှ စိတ်အေးချမ်းသာစွာ ပြန်ထွက်လာကြသော ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့အား စောင့်ဆိုင်းနေကြသော မိဘညီအစ်ကိုမောင်နှမများအား တွေ့ရစဉ်။ (အသောက)

❖ ကျောဖုံးမှ

အချက်နှင့်ပတ်သက်၍ သိပ္ပံပညာရှင် အသိုက်အဝန်းအတွင်း သဘောထားအမြင်များ ကွဲပြားခြားနားလျက်ရှိသည်။ ဆဲလ်ဖုန်းများမှ ထုတ်လွှတ်သော လျှပ်စစ်သံလိုက် ဓာတ်ရောင်ခြည်လှိုင်းများသည် ကလပ်စည်းဆိုင်ရာ ဒီအင်န်အေကို ပြောင်းလဲနိုင်စွမ်းမရှိသဖြင့် ကင်ဆာရောဂါ ဖြစ်ပွားနိုင်ခြင်းမရှိဟု သဘောထားအမြင် တစ်ရပ် ပေါ်ထွက်ခဲ့သည်။

သို့ရာတွင် မကြာသေးမီနှစ်များအတွင်း ပြုလုပ်သော လေ့လာချက်များတွင် ဆဲလ်ဖုန်းဆိုင်ရာ ရောင်ခြည်လှိုင်းနှင့် တွေ့ထိဖန်များပါက အထူးသဖြင့် ဦးနှောက်နှင့် တံတွေးဂလင်းတို့၌ ကင်ဆာဖြစ်စေနိုင်ကြောင်း အကျိတ်အဖုများ ဖြစ်ပေါ်လာနိုင်သည့်အချက်ကို အလေးပေးဖော်ပြထားသည်။

အဆိုပါ လေ့လာတွေ့ရှိချက်ကို အစ္စရေးနိုင်ငံအီလတ်မြို့၌ မတ် ၁၀ ရက်က ကျင်းပသော နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့်လည်ပင်း ရောဂါများဆိုင်ရာ ခွဲစိတ်ကုသရေး သမားတော်ကြီးများ၏ ညီလာခံတွင် တင်သွင်းခဲ့သည်။

ဆဲလ်ဖုန်းအသုံးပြုမှုနှင့် ကင်ဆာရောဂါဖြစ်မှု ဆက်နွယ်မှုရှိသည်ဆိုသော အချက်နှင့်ပတ်သက်၍ သိပ္ပံပညာရှင် အသိုက်အဝန်းအတွင်း သဘောထားအမြင်များ ကွဲပြားခြားနားလျက်ရှိသည်။ ဆဲလ်ဖုန်းများမှ ထုတ်လွှတ်သော လျှပ်စစ်သံလိုက်ဓာတ်ရောင်ခြည် လှိုင်းများသည် ကလပ်စည်းဆိုင်ရာ ဒီအင်န်အေကို ပြောင်းလဲနိုင်စွမ်းမရှိသဖြင့် ကင်ဆာရောဂါဖြစ်ပွားနိုင်ခြင်းမရှိဟု သဘောထားအမြင်တစ်ရပ် ပေါ်ထွက်ခဲ့သည်။

သို့ရာတွင် မကြာသေးမီနှစ်များအတွင်းပြုလုပ်သော လေ့လာချက်များတွင် ဆဲလ်ဖုန်းဆိုင်ရာရောင်ခြည်လှိုင်းနှင့် တွေ့ထိဖန်များလာပါက အထူးသဖြင့် ဦးနှောက်နှင့်တံတွေးဂလင်းတို့၌ ကင်ဆာဖြစ်နိုင်သော အကျိတ်အဖုများ ဖြစ်ပေါ်လာနိုင်သည့်အချက်ကို အလေးပေးဖော်ပြထားသည်။

(ရည်ညွှန်း ဟားရတ်သတင်းစာ)

နိုင်ငံတကာစံနှုန်း၊ ပြည်တွင်းစံနှုန်းပေါင်းပြီး ကိုက်ညီတဲ့သတင်းလွတ်လပ်ခွင့်စံနှုန်း ဖြစ်စေချင်

စာရေးဆရာ၊ သတင်းစာဆရာ ဦးစိုးသိမ်း (မောင်ဝံသ)

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ သဘောထားအမြင်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းနဲ့ ပတ်သက်ပြီး သတင်းမီဒီယာလောကသမားအနေနဲ့ ကျွန်တော်တို့ကတော့ ပုံနှိပ်သူထုတ်ဝေသူနဲ့ပဲသက်ဆိုင်တယ်လို့မယူဆဘူး။ ဒါမီဒီယာလောကတစ်ခုလုံးနဲ့ပတ်သက်တယ်။

ဒါကြောင့်မို့ သတင်းမီဒီယာဥပဒေနဲ့ပတ်သက်ပြီးတော့ ဥပဒေ၊ ကျင့်ဝတ် အဲဒါနဲ့လုပ်ရင်တစ်နွယ်ငင်တစ်စင်ပါပေါ့၊ ပုံနှိပ်သူ၊ ထုတ်ဝေသူတွဲရက်ပါသွားတာပေါ့။ သတင်းမီဒီယာဆိုတာ ကိုယ့်ဘာသာကို ပြောလို့ဆိုလို့ရတာမှ မဟုတ်ဘူး။ ပြည်သူလူထုဆီကိုရောက်အောင်ပို့တဲ့အခါမှာ ထုတ်ဝေသူရှိရမယ်၊ ပုံနှိပ်သူရှိရမယ်၊ သတင်းစုဆောင်းတဲ့သူ၊ သတင်းစာမူနဲ့ သတင်းကြေညာသူတွေရှိရမယ်၊ အဲဒီလိုအဆင့်ဆင့်ရှိတဲ့အတွက် ဒါဟာဆက်စပ်နေတယ်။

ပုံနှိပ်သူနဲ့ထုတ်ဝေသူ ဥပဒေကြမ်းဖြစ်တဲ့အတွက် သတင်းမီဒီယာလောကရဲ့ သဘောဆန္ဒတွေကို ရယူစရာမလိုဘူး၊ တောင်းခံစရာမလိုဘူးဆိုတဲ့ ယူဆချက်ကို ကျွန်တော်တို့သဘောမတူဘူး။ ဒီပုံနှိပ်လောကဆိုတာ ပုံနှိပ်သူရယ်၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်ဘယ်ဟာပဲထုတ်ထုတ် ပုံနှိပ်သူရယ်၊ ထုတ်ဝေသူရယ်၊ အယ်ဒီတာရယ်သုံးပိုင်းရှိတယ်ပေါ့၊ ဒါကြောင့် အယ်ဒီတာအပိုင်းကလည်း သဘောထားမှတ်ချက်လိုတယ်၊ ဒါကြောင့် အယ်ဒီတာ၊ သတင်းထောက်၊ မီဒီယာလုပ်ငန်းတွေမှာ ထိန်းချုပ်မှုတွေ၊ ကန့်သတ်မှုတွေ ရှိမယ်ဆိုရင်တော့ ကျွန်တော်တို့ကထောက်ပြမယ်၊ ပြုပြင်သင့်တာတွေ ပြုပြင်၊ ပြင်ဆင်သင့်တာတွေပြင်ဆင်၊ ဖြုတ်ပယ်သင့်တာတွေ ဖြုတ်ပယ်ပါ။ ဖြည့်စွက်သင့်တာတွေ ဖြည့်စွက်မယ်၊ အဲဒါမျိုးဖြစ်စေချင်တယ်။ ဒါမျိုးရောက်အောင်လည်း ကျွန်တော်တို့က ကြိုးစားတာပေါ့။

ဒီဥပဒေကြမ်းမှမဟုတ်ဘူး၊ ဘယ်ဥပဒေကြမ်းပဲဖြစ်ဖြစ် အများပြည်သူနဲ့ဆိုင်တဲ့ ဥပဒေကြမ်းမှန်သမျှ ပြည်သူလူထုရဲ့ အကျိုးစီးပွား၊ နောက်တစ်ခါ ဥပဒေနဲ့ သက်ဆိုင်တဲ့ကာယကံရှင်လောကသားတွေ အကျိုးစီးပွား၊ ကာကွယ်ပေးဖို့ပဲဆိုတာ ကျွန်တော်နားလည်တယ်။ ဥပဒေဆိုတာက ပြည်သူလူထုကို စည်းနဲ့ကမ်းနဲ့ ကာကွယ်ပေးတာ၊ ပြည်သူလူထုကို ဒီဥပဒေတွေထုတ်ပြန်ပြီးတော့ နှိပ်ကွပ်ဖို့၊ ထိန်းချုပ်ဖို့၊ ကန့်သတ်ဖို့ဆိုတာ ဒီမိုကရေစီအစိုးရတွေက မလုပ်ဘူး။ ဒီမိုကရေစီအစိုးရဆိုတာကိုက ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားတဲ့ အစိုးရဖြစ်ရမယ်။ ပြည်သူလူထုက ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရဟာ ပြည်သူလူထုကို ဆန့်ကျင်ပြီးတော့ ပြည်သူလူထုကို နှိပ်ကွပ်တဲ့ ဥပဒေတွေကို ထုတ်ဖို့စိတ်ကူးနဲ့တောင် မရှိသင့်ဘူး။

ဒီမိုကရေစီအစိုးရမတိုင်ခင်ကရှိတဲ့ ဥပဒေဟောင်းတွေထဲမှာ တည်ဆဲဥပဒေထဲမှာ ပြည်သူလူထု စိတ်မချမ်းမြေ့တဲ့၊ ပြည်သူလူထုရဲ့ အကျိုးစီးပွားကို မကာကွယ်တဲ့၊ ပြည်သူလူထုကို ထိန်းချုပ်ကန့်သတ်တဲ့ ဥပဒေမျိုးတွေ ရှိနေရင်တောင် လက်ရှိဒီမိုကရေစီအစိုးရ၊ ဒီမိုကရေစီကို ဖော်ဆောင်နေတဲ့ လွှတ်တော်တို့က ဖျက်သိမ်းပစ်ရမယ်လို့ ကျွန်တော်ယူဆပါတယ်။

ဒီတော့ဒီပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းကိုလည်း ဒီအခြေအနေမျိုး ကျွန်တော်ဖြစ်စေချင်တယ်။ တစ်ခုချင်းပေါ့လေ၊ ဘယ်ဟာတော့ကြိုက်တယ်၊ ဘယ်ဟာတော့ လက်မခံနိုင်ဘူးဆိုတာ ကြေညာချက်တွေရှိတယ်။ ကျွန်တော်ဆိုရင် မြန်မာနိုင်ငံ သတင်းစာဆရာအသင်းအနေနဲ့ ထုတ်တာရှိတယ်။ မတ် ၁၂ ရက်က လုပ်တဲ့ သတင်းလွတ်လပ်ခွင့်ကော်မတီတို့ကနေ ထုတ်ပြန်တဲ့ ကြေညာချက်တွေရှိတယ်။ နောက်သတင်းမီဒီယာလောက ထုတ်ပြန်တဲ့ ထုတ်ပြန်ချက်တွေရှိတယ်။

ဒါတွေက လက်ရှိအစိုးရလုပ်နေတာကို ထိပ်တိုက်ဆန့်ကျင်ဖို့ ကြိုးစားနေတာမဟုတ်ဘူး။ ဒါဖြစ်သင့်ဖြစ်ထိုက်တဲ့ အခြေအနေတစ်ခုကို ညှိညှိနှိုင်းနှိုင်းနဲ့ ပြင်သင့်တာပြင်၊ ဖြည့်သင်တာဖြည့်၊ ဖြုတ်သင့်တာဖြုတ် အဲဒီလိုဖြစ်ဖို့ လိုလားတယ်လို့ ပြောတာဖြစ်တယ်။

ကျွန်တော်တို့ ဒါကိုမျက်ခြည်မပြတ်စောင့်ပြီး ဖတ်ရှုလေ့လာနေတော့ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ သဘောထား၊ အစိုးရသတင်းစာတွေမှာပါတဲ့ သဘောထားတွေကို ကြည့်တဲ့အခါ အချက်နှစ်ချက်တွေ့တယ်။ စာပေစိစစ်ရေး ရုပ်သိမ်းလိုက်တာ ခြောက်လတာကာလရှိသွားပြီ၊ အဲဒီမှာ စာနယ်ဇင်းတချို့က ပြည်သူလူထုကို အဆိပ်အတောက်ဖြစ်စေတဲ့စာပေမျိုး ထုတ်လုပ်မှုတွေရှိတယ်။ ဒါနဲ့ပတ်သက်ပြီး အချက်အလက်တွေ ပြောတာတွေရှိတယ်။ ဥပဒေနဲ့ ပြန်ပြီး စည်းနဲ့ကမ်းနဲ့ဖြစ်အောင်လုပ်ရတယ်။ ဒါဟာထိန်းချုပ်တာ။ စာပေစိစစ်ရေးမရှိတဲ့အခါကျတော့ ကျွန်တော်တို့ စည်းမဲ့ကမ်းမဲ့ဖြစ်တယ်။ ပြည်သူလူထုကိုအဆိပ်အတောက်တွေပေးတယ်။ ထိန်းချုပ်ဖို့လိုနေတယ်။ ဒါမဖြစ်သင့်ဘူး။ ဒီဥပဒေထုတ်ပြီးတော့ ထိန်းချုပ်မယ့်အစား ညစ်ညမ်းစာပေ ထုတ်ဝေသူကို ဖမ်းပြီး အရေးယူဒဏ်ငွေချ၊ ပြင်းထန်လို့ရှိရင် ပြင်းထန်တဲ့ပြစ်ဒဏ်ပေး တရားရုံးက လုပ်ရမယ့်ကိစ္စတွေရှိတယ်။ အလားတူပဲ ဆူပူအောင်လှုံ့ဆော်တယ်ဆိုရင် ဆူပူအောင်လှုံ့ဆော်အောင် ဘာသာရေးနှင့်ပတ်သက်ပြီး မသင့်တော်တာတွေရေးတယ်ဆိုရင် သက်ဆိုင်ရာဥပဒေပုဒ်မနှင့် တရားရုံးက လုပ်လို့ရတာတွေရှိတယ်။ အဲဒီလိုဖြစ်သင့်တယ်လို့ထင်တယ်။ ဒီဥပဒေတစ်ခုကို လုပ်လိုက်တဲ့အခါ ရည်ရွယ်ချက်က အဆိပ်အတောက်တွေကို ကာကွယ်ဖို့ဆိုတာ အကုန်လုံး ကျန်တဲ့ ကျွန်တော်တို့ဆိုရင် ဒါတွေကိုကြိုက်လည်းမကြိုက်ဘူး။ ညစ်ညမ်းစာပေလှုံ့ဆော်တာတွေ လက်မခံနိုင်ဘူး။ စိုးရိမ်ကြောင့်ကြစရာတွေဖြစ်လာတယ်။ ဒါတစ်ချက်၊ နောက်တစ်ခုက ဧပြီ ၁ ရက်မှာ နေ့စဉ်သတင်းစာတွေခွင့်ပြုမယ်။ နေ့စဉ် သတင်းစာအတွက် ဒီဥပဒေရှိဖို့ လိုတယ်(ပုံနှိပ်ထုတ်ဝေသူ)၊ ဒါကြောင့် အမြန်လုပ်တယ်။

ဒီအတွက် ဒီဥပဒေလုပ်တယ်လို့ အကြောင်းပြချက်ဖြစ်တယ်။ ဒါလည်းနေ့စဉ်သတင်းစာကို ဧပြီ ၁ ရက်မှ ထုတ်ခွင့်ပြုဖို့ အဲဒီလောက်ကြီး အလောသုံးဆယ်လုပ်ရတယ်ဆိုရင် ဒီဥပဒေတစ်ရပ်က အလောသုံးဆယ်လုပ်ရရင် သိပ်ပြီးစဉ်းစဉ်းစားစားချင့်ချင့်ချိန်ချိန်လုပ်ရမယ့် အနေအထားမျိုးမရောက်နိုင်ဘူးလို့ထင်တယ်။ အချိန်ယူရမယ်။ အဲဒီတော့ ၁၉၆၂ ခုနှစ် ပုံနှိပ်ဥပဒေက နောက်ထပ်ဥပဒေသစ်မပေါ်ခင်မှာ အသက်ဝင်တယ်။ အဲဒီတော့ ဘာပဲပြောပြော နောက်ထပ်ဥပဒေက ၁၉၆၂ ခုနှစ် ဥပဒေထက်ပိုပြီး ပြည်သူလူထုအများစုနှင့် သတင်းမီဒီယာလောက ကရော လက်ခံနိုင်တဲ့ ဥပဒေမျိုးဖြစ်အောင် မဖြစ်ဖြစ်အောင်လုပ်ပြီးမှ ဥပဒေအသစ်ကို ထုတ်သင့်တယ်။ မဟုတ်ရင် လောလောဆယ် ၁၉၆၂ ခုနှစ်ဥပဒေကို အသာလေးမေ့ပြီးတော့ သွားလိုက်ပါဦး။ ၁၉၆၂ ခုနှစ် ပုံနှိပ်ဥပဒေနဲ့ပဲ။ အဲဒီဥပဒေကို ကျွန်တော်မီလိုက်တယ်။ ၁၉၆၂ ခုနှစ် ဥပဒေကိုပဲ တော်လှန်ရေးကောင်စီက ထုတ်ပြန်ပြီးမှ တော်လှန်ရေးကောင်စီမှာ ပုဂ္ဂလိက သတင်းစာတွေရှိနေသေးတယ်။ သိကြမှာပါ။ ၆၈/၆၉ မှာ မြန်မာ့အလင်း/ဟံသာဝတီတို့ ပြည်သူပိုင်သိမ်းတယ်။ အဲဒီမတိုင်မီ ရန်ကုန်/ဟံသာဝတီ မြန်မာ့အလင်း သတင်းစာ၊ မန္တလေးမှာရှိတဲ့ လူထု/ဗဟိုစည်/မြန်မာ့လမ်းစဉ်/နေ့စဉ်ထုတ်တဲ့ သတင်းစာတွေရှိတယ်။ အဲဒါဘာနဲ့ ဆက်ထုတ်ကြလဲဆိုတော့ ၁၉၆၂ ခုနှစ် ဥပဒေနဲ့ ၁၉၆၈/၆၉ အထိကို ထုတ်နေတာ အလုပ်ဖြစ်နေတာပဲ၊ အဲဒါတစ်ပိုင်း၊ သတင်းစာဆိုတာပြီးတော့မှ စာပေစိစစ်ရေး မရှိပေမဲ့ မှတ်ပုံတင်ရုံးရှိတယ်။ သူတို့နဲ့ပဲလုပ်တာ၊ ပုဂ္ဂလိက သတင်းစာတွေတချို့က သူတို့ဘာသာရပ်သွားတာရှိတယ်။ တချို့ထုတ်ဝေခွင့်လက်မှတ် သက်တမ်းမတိုးပေးလို့ လူထုသတင်းစာရပ်သွားတာရှိတယ်။ နိုင်ငံပိုင်သိမ်းလိုက်လို့ရပ်သွားတဲ့ ဟံသာဝတီ၊ မြန်မာ့အလင်း၊ ဗိုလ်တထောင်၊ ဂါဒီယန်း၊ ကြေးမုံတို့ရှိတယ်။ အဲဒီလို ဒါအတိတ်ကိစ္စ ၁၉၆၈ မှ ၁၉၇၂ ခုနှစ်အထိ ပုဂ္ဂလိက အပတ်စဉ်ထုတ် ဂျာနယ် နှစ်ပတ်တစ်ကြိမ်ထုတ်တဲ့သတင်း၊ ရွှေတူ၊ အိုးဝေ၊ ရှုထောင့်၊ ပွင့်လင်း၊ ပြည်သူကြယ်ဂျာနယ်ဒါတွေကို ၁၉၆၂ ခုနှစ် ဥပဒေနဲ့ ကျင့်သုံးသွားတယ်။ အဲဒီအချိန်မှာ ဘာမျှပြဿနာမဖြစ်ဘူး။ အလုပ်ဖြစ်နေတယ်။ ကျွန်တော်ဆိုတာက ဒီဥပဒေကို ပြန်သုံးဖို့ ပြောတာမဟုတ်ဘူး၊ မေ့ထားလို့ ရသေးတယ်။ ပြီးတော့မှ ပြည်လမ်းမှာရှိတဲ့ လက်တွေ့လုပ်နေတဲ့ သတင်းမီဒီယာလောကတစ်ခုလုံး ညီတော်၊ နောင်တော်၊ ပုံနှိပ်ထုတ်ဝေသူတွေအားလုံး အယ်ဒီတာအပိုင်း သတင်းသမားတွေ အကုန်လုံးက ကျေနပ်လက်ခံမယ့် ဥပဒေကို ညှိနှိုင်းပြီးဆွဲပါ။ ပြန်ကြားရေးဝန်ကြီးဌာနနဲ့ စာနယ်ဇင်းကောင်စီက ရေးဆွဲတဲ့ ဥပဒေနဲ့ပေါင်းစပ်ပြီး သဟဇာတဖြစ်အောင် လုပ်ပါ။ အဲဒီလိုဆိုရင် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ သတင်းစာကွန်ရက်တို့ အကုန်လုံးက သဘောကျမှာပါ။ ကျွန်တော်တို့လောကကိုကောင်းဖို့ အကာအကွယ်ပေးမယ့် ဥပဒေမျိုးပေါ်လာမှာကိုး၊ အဲဒါဆိုရင်ကြိုမှာပါ၊ အထူးပြောချင်တာက နိုင်ငံတကာရဲ့ အမြင်ပေါ့၊ နိုင်ငံတကာအမြင်မှာ စောင့်ကြည့်နေတယ်၊ မြန်မာနိုင်ငံမှာ ဒီမိုကရေစီ တည်ဆောက်နေတာ ဒီမိုကရေစီရဲ့ စံတွေထဲမှာ Freedom ပါတယ်။ Freedom နဲ့ ပတ်သက်ပြီး Freedom of Religion /Freedom of believe တို့မှာ Freedom Press ပါတယ်၊ သတင်းလွတ်လပ်ခွင့်ပါတယ်၊ ပုံနှိပ်ထုတ်ဝေတဲ့လုပ်ငန်း သတင်းလွတ်လပ်ခွင့် ဒီနိုင်ငံမှာ ဘယ်လောက်ရှိတယ်ဆိုတာကို နိုင်ငံတကာစံနှုန်းနဲ့ တိုင်းတာတယ်၊ ပြည်ထောင်စုဝန်ကြီးက ကျွန်တော်တို့နဲ့ တွေ့တော့ပြောတယ်၊ နိုင်ငံတကာစံနှုန်းနဲ့ ကိုက်ညီတဲ့ သတင်းလွတ်လပ်ခွင့်အဆင့်ရအောင် ကျွန်တော်တို့ ကြိုးစားမယ်လို့ပြောတယ်။ ထောက်ခံပါတယ်။ နိုင်ငံတကာစံနှုန်းနဲ့ညီလား၊ မညီလားဆိုတာ စံထိုးကြည့်ဖို့လိုတယ်။ လက်ရှိသဘောထား တောင်းခံထားတဲ့ ဥပဒေကြမ်းဟာ တော်တော်များများ အချက်တွေက နိုင်ငံတကာစံနှုန်းနဲ့ မညီဘူးလို့ ကျွန်တော်တို့က မြင်တယ်၊ ဒါတွေကို ပြင်ရမယ်၊ ဆိုလိုတာ မှတ်ပုံတင်ရုံးမှာ အခွင့်အာဏာပေးထားတာ စာပေစိစစ်ရေးကို ပေးထားတဲ့အခွင့်အာဏာထက်တောင် ပိုသေးတယ်၊ အာဏာသုံးခုရှိနေတယ်။ အဲဒါမျိုးတွေ ပြင်သင့်တယ်လို့ထင်တယ်၊ နိုင်ငံတကာစံနှုန်းရယ်၊ ပြည်တွင်းစံနှုန်းရယ် နှစ်ခုလုံးပေါင်းပြီး သတင်းလွတ်လပ်ခွင့်စံနှုန်းနဲ့ ကိုက်ညီတာကို ဖြစ်စေချင်တယ်၊ ဒါမျိုးအကောင်အထည်ဖော်အောင် ညှိနှိုင်းအချိန်ယူဖို့ လိုတယ်၊ ညှိညှိနှိုင်းနှိုင်း လုပ်ရင်ဖြစ်ကိုဖြစ်ရမယ်၊ ဒီဥပဒေကြီးကို ငါတို့လွှတ်တော်ထဲ တင်လိုက်လို့ရှိရင် မဲအသာရမှာပဲ၊ တင်လိုက်မယ်၊ ပြဋ္ဌာန်းလိုက်မယ် ဆိုရင် ဥပဒေကတော့ ဖြစ်သွားမှာပဲ၊ ဒါပေမယ့် ပြည်သူလူထုရော၊ သတင်းမီဒီယာသမားတွေပါ သဘောမတူတဲ့၊ လက်မခံနိုင်တဲ့ ဥပဒေဆိုရင် တိုင်းပြည်ရှေ့ရေးအတွက် ကောင်းမယ့်အလားအလာမဟုတ်ဘူးလို့ မြင်တယ်။ ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၇-၃-၂၀၁၃ (တနင်္ဂနွေနေ့)

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၇း၃၀	နံနက်ခင်းသတင်း
၁၁း၅၀	မြန်မာရုပ်ရှင် "ကျော်ကိုချစ်မလား၊ ဇော်ကိုချစ်မလား" (ညွှန့်ဝင်း၊ လင်းထင်၊ တင်တင်ညို) (ဒါရိုက်တာ-စိန်ဖေတင်)
၄း၄၅	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (မြန်မာစာအထူးပြု)(မြန်မာစာ)
၅း၅၅	ဆိုကြမယ်၊ ပျော်ကြမယ်
၈း၀၀	ပြည်တွင်းသတင်း -မိုးလေဝသအခြေအနေ "တစ်မျက်နှာ တကွက်စာ" "ထိုက်သူစံ"(ဇာတ်သိမ်း) (စွမ်းရည်၊ ကောင်းဆက်ထူး၊ မရီနာ) (ဒါရိုက်တာ-မေတင်) (MMG)

ညနေပိုင်းထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်းချက်ပြုတ်ခြင်း မပြုရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ အထူးသတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန

ပြည်တွင်းရေးရာ

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ဧကူနဝီသတိမအစည်းအဝေး စတင်ကျင်းပ

ရန်ကုန် မတ် ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ ဧကူနဝီသတိမ အစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ စတင်ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသကလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိဇ္ဇောဒယကလည်းကောင်း ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ သဘာပတိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော်က သာရဏီယဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာ၌ ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီး နှစ်ပေါင်းများစွာ ကာလကြာမြင့်အောင် အစဉ်သဖြင့် သန့်ရှင်းတည်တံ့ပြန့်ပွားစေရန် ဆရာဒကာညီညာ လက်တွဲ၍ ဆောင်ရွက်ကြရာတွင် ဆရာတော်သံဃာတော် အရှင်သူမြတ်တို့၏ သာသနာတော်မြတ်ကြီးအား ဓမ္မာနုဂ္ဂဟအားဖြင့် ချီးမြှောက်မှုသည် အဓိကအရေးကြီးလှပါကြောင်း၊ သာသနာ့ဝန်ဆောင် ရဟန်းသံဃာတော်များ ဦးဆောင်မှုအင်အားတောင့်တင်းမှ သာသနာတော် တည်တံ့နိုင်မည်ဖြစ်ရာ ဆရာတော် သံဃာတော် အရှင်သူမြတ်တို့၏ သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးချီးမြှောက်ထောက်ပံ့မှုများ ဆတက်ထမ်းပိုးတိုး၍ အောင်မြင်ဖြစ်ထွန်းစေရန်အတွက် တပည့်တော်တို့ ဒါယကာ ဒါယိကာမများဘက်မှ ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှောက်ထောက်ပံ့လျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း သံဃာအဖွဲ့အစည်းနှင့်သက်ဆိုင်သည့် သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာကဏ္ဍများ၌ တည်တံ့ခိုင်မြဲရေးမဏ္ဍိုင် မယိမ်းမယိုင်စေရန် ဓမ္မစက်ကို အာဏာစက်အကူအညီဖြင့် ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိပါကြောင်း လျှောက်ထားအပ်ပါကြောင်း။

ဤကဲ့သို့ ဆရာနှင့်ဒါယကာညီညာဆန့်တန်းအလှမ်းညီစွာ ဗုဒ္ဓသာသနာတော်မြတ်ကြီးအား ပစ္စယဓမ္မာနှစ်ဖြာနုဂ္ဂဟ ချီးမြှောက်ထောက်ပံ့ကြသည့် ညီညာပေါင်းစုမြတ်ကောင်းမှုကြောင့် သာသနာ့ဂုဏ်ရှိန်ထွန်းထိန်ဝင်းပလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ညီညွတ်ပွားတိုး ဖွံ့ဖြိုးစည်ပင်၍ ကမ္ဘာ့အလယ်ဝင့်ထည်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဘုရားတပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် လျှောက်ထားသည်။

ထို့နောက် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ ဆဋ္ဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ကိုယ်စား နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ ပညာနန္ဒက တင်သွင်းလျှောက်ထားတော်မူသည်။

ယင်းနောက် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ ဆဋ္ဌအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို အဖွဲ့ဝင်ဆရာတော်များက ကဏ္ဍအလိုက်တင်သွင်းလျှောက်ထားတော်မူကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တင်သွင်းလာသည့် သာသနာရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး ပထမနေ့ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဧကူနဝီသတိမ အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော်ကြီးများအား မတ် ၁၃ ရက် အကြိုညို့နှိုင်း(ပထမနေ့)တွင် တစ်နေ့တာအတွက် အရုဏ်ဆွမ်း၊ နေ့ဆွမ်းကို ဦးဇော်ဝင်း- ဒေါ်ခင်မာကြွယ် မိသားစု ကျွန်းရွှေမြိုင်လမ်း သုဝဏ္ဏမြို့၊ မတ် ၁၄ ရက် အကြိုညို့နှိုင်း (ဒုတိယနေ့)တွင် တစ်နေ့တာအတွက် ဦးအောင်စိုး- ဒေါ်ခင်မြင့် မိသားစု သာယာအေးလမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့၊ မတ် ၁၅ ရက် အကြိုညို့နှိုင်း(တတိယနေ့) တစ်နေ့တာအတွက် ဦးအောင်ကြီး-သုဓမ္မသိင်္ဂီ ဒေါ်နန်းတိုးတိုးရွှေ မိသားစု ချမ်းသာပလာဇာကွန်ဒို မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့၊ မတ် ၁၆ ရက် အစည်းအဝေး (ပထမနေ့)တွင် တစ်နေ့တာ အလှူရှင်များဖြစ်ကြသည့် သူရဦးထွန်းတင် (ဝန်ကြီးချုပ်-ငြိမ်း)-ဒေါ်မြင့်မြင့်သိန်း မိသားစု၊ ဗိုလ်မှူးကြီးစိန်ရ (ဝန်ကြီး-ငြိမ်း)- ဒေါ်အေးအေးစိုး မိသားစုနှင့် ဦးအေးသန်း - ဒေါ်အေးရီ မိသားစုတို့က အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၁၆

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဖွဲ့ဝင်များသည် မတ် ၁၅ ရက်တွင် မုံရွာမြို့သို့ ရောက်ရှိကြပြီး စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ်လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁၂ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ Win Unity Resort Hotel အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားသည်။ **(အပေါ်ယာပုံ)**

ပြည်ထောင်စုဝန်ကြီးက လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကိစ္စရပ်နှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းအစီရင်ခံစာအပေါ် မိမိတို့အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်ပေးရန် ရှိသည်များကို လာရောက် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ မကြာမီကာလကပင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်က အပြီးသတ် အစီရင်ခံစာတင်သွင်း၍ ဒေသခံများနှင့် တွေ့ဆုံရှင်းလင်းရန် လာရောက်ခဲ့ပြီး ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် အစီရင်ခံစာ၏ တွေ့ရှိ သုံးသပ်ချက်များအပေါ် ဒေသခံပြည်သူလူထုအတွက် အပြည့်အဝ ဆောင်ရွက်ပေးနိုင်ရန် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့်ကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ကော်မတီအနေဖြင့် လုပ်ငန်းများကို မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်ရန် သိမ်းဆည်းမြေယာများ စိစစ်ရေးအဖွဲ့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုစီးပွားဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့၊ သာသနိကအဆောက်အအုံများရွှေ့ပြောင်းခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းအဖွဲ့တို့ကို ဖွဲ့စည်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ဆက်လက်၍ မြေယာလျော်ကြေးကိစ္စရပ်များ၊ စိုက်ပျိုးမြေ ပြန်လည် ဖော်ထုတ်ပေးရေးကိစ္စရပ်များ၊ စာချုပ်များပြန်လည်ပြင်ဆင်ရေးကိစ္စရပ်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ထုတ်လုပ်မှုလုပ်ငန်းခွင် ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရန်ကိစ္စရပ်များ၊ အပြည့်အဝ ပြည်ဆိုင်ရာ လက်မှတ်များ ရရှိရေးဆောင်ရွက်ရန် ကိစ္စရပ်များနှင့် ဒေသခံလူထုအတွက် အကျိုးကျေးဇူး ရရှိရန်၊ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ဖော်ဆောင်ပေးရန်နှင့် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင်လည်း အဖွဲ့အစည်း အသီးသီးအနေဖြင့် တာဝန်ယူကာ အောက်ခြေအဆင့်အထိ တာဝန်ယူဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ဥပဒေနှင့်အညီဆောင်ရွက်ရန် လိုအပ်သကဲ့သို့ မလိုက်နာပါကလည်း ဥပဒေလမ်းကြောင်းနှင့်အညီ ဖြေရှင်းတတ်ရန် လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးနှင့် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦးတို့က တိုင်းဒေသကြီးအတွင်း အလုပ်အကိုင်အခွင့်အလမ်းကောင်းများ၊ သိမ်းဆည်းလယ်ယာမြေများနှင့်ပတ်သက်၍ မြေယာလျော်ကြေးပေးရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အထူးအလေးထား လုပ်ကိုင်ဆောင်ရွက်ပေးရန် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ထို့နောက် ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးဝင်းထွန်းနှင့် အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးများက လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနယ်မြေနှင့် စပ်လျဉ်းသည့် အချက်အလက်များ၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ဂေဟဗေဒစနစ် မှန်ကန်စေရန် ထိန်းသိမ်းစောင့်ရှောက် ကာကွယ်သွားရေးဆိုင်ရာများ၊ ဒေသခံပြည်သူလူထု၏ လူနေမှုဘဝမြင့်မားတိုးတက်စေရေးနှင့် စီးပွားရေးဖွံ့ဖြိုးကောင်းမွန်လာစေရန် အတွက် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ပေါ်ထွန်းလာစေရေး ကိစ္စရပ်များအပေါ် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် စီမံကိန်းနယ်မြေအတွင်း ဖြတ်သန်းလေ့လာကြည့်ရှုကြပြီး လက်ပံတောင်းတောင် ကြေးနီစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ မြန်မာဝမ်ပေါင်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ Mr. Geng Yi နှင့် တာဝန်ရှိသူများက စီမံကိန်းနယ်မြေနှင့် စပ်လျဉ်းသည့် အချက်အလက်များအပေါ် ရှင်းလင်းတင်ပြကြသည်။

ထိုသို့ရှင်းလင်းတင်ပြရာ၌ စံပယ်တောင်၊ ကြေးစင်တောင်နှင့် လက်ပံတောင်းစီမံကိန်းများနှင့် စပ်လျဉ်း၍ ဒေသတွင်းပြည်သူလူထု၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးစသည်များအတွက် ဆောင်ရွက်ပေးပြီးနှင့် ဆောင်ရွက်ဆဲလုပ်ငန်းများ အခြေအနေ၊ စီမံကိန်းနယ်မြေနှင့် မလွတ်ကင်းသည့် လယ်ယာမြေများပေါ်ရှိ နှစ်ရှည်သီးနှံပင်များအတွက် လျော်ကြေးပေးမှုနှင့် အဆိုပါလယ်ယာမြေများပေါ်ရှိ နှစ်ရှည်သီးနှံပင်များအတွက် ကျေးရွာအလိုက်လျော်ကြေးငွေပေးအပ်မှုကိစ္စရပ်များ၊ ကျေးရွာသစ်များသို့ပြောင်းရွှေ့ရာတွင် စီစဉ်ဆောင်ရွက်မှုကိစ္စရပ်များ၊ ရေကောင်းရေသန့်ရရှိရေးအတွက် ဆောင်ရွက်ပေးမှုကိစ္စရပ်များ၊ သဘာဝပတ်ဝန်းကျင် ပျက်စီးမှု လျော့နည်းစေရန်နှင့် စဉ်ဆက်မပြတ် စိုပြည်စိမ်းလန်းစေရန် အစားထိုးဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာဝမ်ပေါင်ကုမ္ပဏီမှ တူးဖော်ဆောင်ရွက်လျက်ရှိသည့် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းလုပ်ငန်းခွင်နှင့် မြန်မာယန်စီ ကော့ပါး ကုမ္ပဏီလီမိတက်မှ လုပ်ကိုင် ဆောင်ရွက်လျက်ရှိသည့် စံပယ်တောင် ကြေးနီစီမံကိန်းလုပ်ငန်းခွင်များသို့ သွားရောက်လေ့လာကြည့်ရှုကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

✻ (၂၇)ကြိမ်မြောက်မှ

ဆီးဂိမ်းအကြို မြင်းစီးပြိုင်ပွဲတွင် အလှစီးခြင်း၊ တန်းခုန်စီးခြင်းတို့တွင် တစ်ဦးချင်းနှင့် အသင်းလိုက်ပြိုင်ပွဲများနှင့် ခရီးရှည်တာဝေးပြိုင်ခြင်း သုံးမျိုးပါဝင်ရာ အိမ်ရှင် မြန်မာအပါအဝင် ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူနှင့် ကမ္ဘောဒီးယားတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲသို့ စိတ်ပါဝင်စားသူများ အခမဲ့ကြည့်ရှုနိုင်ကြောင်း သိရသည်။

ပြည်တွင်းရေးရာ

ကျိုက်ခနုတ် ဆံတော်ရှင်စေတီတော်မြတ်ကြီး မြန်မာ့ရိုးရာရွှေထီးတော်ဘုံအဆင့်နှင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ပွဲ ကျင်းပ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်ကြည်ညိုပြီး ရွှေထီးတော်ဘုံအဆင့်ကို စေတီတော်အထွတ်သို့ တင်လှူပူဇော်

ရန်ကုန် မတ် ၁၆

ရွှေမြန်မာမင်းအဆက်ဆက် တည်ထားပြုပြင်ကိုးကွယ်ပူဇော်အပ်သော ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ခနုတ်စံပြကျေးရွာရှိ ဆုတောင်းပြည့် ကျိုက်ခနုတ် ဆံတော်ရှင်စေတီတော် မြတ်ကြီး၏ မြန်မာ့ရိုးရာရွှေထီးတော်ဘုံအဆင့်နှင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါစေတီတော် ပရိဝုဏ်၌ ခမ်းနားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပ သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း စေတီတော်မြတ်ကြီးအား ရည်မှန်း၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများ ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မဟာမင်္ဂလာ အခမ်းအနားသို့ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ညောင်တုန်းဆရာတော် ဘဒ္ဒန္တစန္ဒဝရ အမှူးပြုသော ဆရာတော် သံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဇနီးမိသားစု၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများနှင့် ရဟန်းရှင်လူပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီး၊ အဖွဲ့ဝင်များ၊ အလှူရှင်များက စေတီတော်မြတ်ကြီးအား ရည်မှန်း၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းတို့ကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ကျိုက်ထီးဆောင်းဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညာဒီပထံမှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ အမှူးပြုသော အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဧည့်ပရိသတ်များက အနုမောဒနာ တရားနာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် မဟာမင်္ဂလာအခမ်းအနားကို "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဆုတောင်းပြည့် ကျိုက်ခနုတ်ဆံတော်ရှင်စေတီတော်မြတ်ကြီးကို ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

❁ အမြန်လမ်းမကြီးမှ

ရန်ကုန်တွင် တစ်ရုံး၊ မန္တလေးတွင် တစ်ရုံး၊ နေပြည်တော်တွင် တစ်ရုံး စုစုပေါင်း သုံးရုံး ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒဏ်ကြေးမှာ နည်းဥပဒေအရ ဒဏ်ကြေး ၁၅၀၀ ကျပ်၊ စီမံချက်ဒဏ်ကြေး သုံးသောင်းကျပ်ပေးဆောင်ရန်အတွက် လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အရှိန်လွန်မောင်းနှင်သည့် ယာဉ်များအားအရှိန်ထိန်းတိုင်းစက် (Redflex Traffic System) တစ်လုံးကို ရွေ့လျားဖမ်းဆီးစစ်ဆေးမှုဖြင့် အမြန်လမ်းမကြီး တစ်လျှောက်တွင် ဆောင်ရွက်သွားမည်ဖြစ်ကာ အဆိုပါစက်တစ်လုံး၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ခုနစ်သောင်းခန့်ကျသင့်ကြောင်းနှင့် အရှိန်ထိန်းတိုင်းစက်များအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အမြန်လမ်းရဲတပ်ဖွဲ့တွင် အသုံးပြုနိုင်ရန် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတ်မှတ်ကီလိုမီတာထက် ကျော်လွန်မောင်းနှင်သော ယာဉ်များအား ယာဉ်မောင်းလိုင်စင်၊ ဝှီးတက်သိမ်း၍ ချလန်ဖြတ်အရေးယူသွားမည်ဖြစ်ပြီး ယာဉ်စည်းကမ်းတရားရုံးတွင် အမှုရင်ဆိုင်ကာ ကျသင့်သည့် ပြစ်ဒဏ်ကြေးကို ပေးဆောင်ရမည်ဖြစ်ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

အမြန်လမ်းအား စတင်အသုံးပြုခဲ့သည့် ၂၀၀၉ ခုနှစ်မှ ယခု ၂၀၁၃ ခုနှစ်မတ်လဆန်းအထိ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီး တစ်လျှောက်ယာဉ်မတော်တဆမှုပေါင်း ၃၉၈ မှု ဖြစ်ပွားခဲ့ကာ သေဆုံးသူ ၂၁၈ ဦးနှင့်ဒဏ်ရာရရှိသူ ၆၇၅ ဦးထိ ရှိခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

အမြန်လမ်းမကြီးစတင်အသုံးပြုခွင့်ပြုခဲ့သည့် ၂၀၀၉ ခုနှစ် မတ် ၂၅ ရက်မှ ၂၀၁၀ ခုနှစ် မတ် ၁၀ ရက်အထိ တစ်နှစ်တာကာလအတွင်း ယာဉ်မတော်တဆမှု ၁၀၃ မှုဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၄၇ ဦးနှင့်ဒဏ်ရာရရှိသူ ၁၇၀ ရှိခဲ့ကြောင်းသိရသည်။ ၂၀၁၀ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၁ ခုနှစ် မတ် ၃၁ ရက်အထိ တစ်နှစ်အတွင်း၌ ယာဉ်မတော်တဆမှု ၇၃ မှု ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၃၈ ဦး၊ ဒဏ်ရာရရှိသူ ၁၄၈ ဦးအထိရှိခဲ့ပြီး ၂၀၁၂ ခုနှစ် ဧပြီလ ၁ရက်မှ ၂၀၁၃ ခုနှစ် မတ် ၅ ရက်အထိ တစ်နှစ်တာ စာရင်းများ၌မူ ယာဉ်မတော်တဆ မှု ၁၆၇ မှုအထိများပြားခဲ့ပြီး သေဆုံးသူ ၈၆ ဦးနှင့်ဒဏ်ရာရရှိသူ ၂၁ ဦးဖြစ်ကြောင်း အထက်ပါဌာနမှ သိရသည်။

အဆိုပါ အမြန်လမ်းတစ်လျှောက် ၂၀၀၉ ခုနှစ်မှ ယခုနှစ်အထိ အမြန်လမ်းတစ်လျှောက်ဖြတ်သန်းသွားလာခဲ့သည့် ယာဉ်အစီးရေ စုစုပေါင်းမှာ ခြောက်ဆယ့်တစ်သိန်းလေးထောင် ခုနစ်ဆယ့်နှစ်စီးခန့်ဖြစ်ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့၏ ထုတ်ပြန်ထားသော မှတ်တမ်းများအရ သိရသည်။

သတင်း - ဝဝ၁ ➤ ဓာတ်ပုံ - ထက်မင်းအောင် (HGP)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၇-၃-၂၀၁၃ (တနင်္ဂနွေနေ့)

၅း၄၀	"ကုသိုလ်ကောင်းမှုချက်ချင်းပြု" တရားတော် (ဓမ္မဒူတဒေါက်တာ အရှင်ပညိဿရာဘိဝံသ)	၄း၃၀	Kid's Show
၉း၅၀	Myanmar AGRO- TECH Expo 2013	၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းမရှိလို့မဖြစ်" (အပိုင်း-၇)
၁၁း၀၀	Myanmar Cooking Master (Third Season) (Round-1) (Part - 6)	၇း၁၀	Style ရှိမှ Star ဖြစ်မယ်
		၈း၅၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ပျော်ရွှင်မှု" (အပိုင်း-၅၁)

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၀၀	Sunderland- Norwich City	(Fox Sports)
၉း၃၀	Tottenham- Fulham	(Star Sports)
၁၀း၃၀	Chelsea - West Ham	(Fox Sports) (MRTV-4)

Spain Laliga ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၅း၃၀	Malaga - Espanyol	(Fox Sports)

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၂း၃၀	Osasuna- Atletico Madrid	(Fox Sports)
၂း၃၀	Granda - Levante	(Fox Sports)
၂း၃၀	Barcelona - Rayo Valencano	(Star Sports)

အလုပ်သမားဆေးရုံကြီး(ရန်ကုန်)မှ အထူးကုဆရာဝန်ကြီးများအဖွဲ့ ကွင်းဆင်းဆေးကုသ

ရန်ကုန် မတ် ၁၆

မတ် ၁၄ ရက် နံနက် ၉ နာရီခွဲတွင် အလုပ်သမားဆေးရုံကြီး(ရန်ကုန်)မှ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ခင်ဖြူဝင်းဦးဆောင်သော ဆရာဝန်ကြီးများနှင့် သူနာပြုများ စုစုပေါင်း ၃၀ ခန့်သည် အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ်ရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စုဝေးခန်းမ၌ ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးများ အခမဲ့ပေးဝေခြင်း၊ မေးခိုင်ရောဂါကာကွယ်ဆေး ထိုးပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ ဆေးရုံအုပ်ကြီးက လူမှုဖူလုံရေးနှင့် ပတ်သက်၍ ဝန်ထမ်းများ၏ အကျိုးခံစားခွင့်နှင့် အလုပ်သမားဆေးရုံ၏ လုပ်ငန်းဆောင်ရွက်မှု သိကောင်းစရာများ အကြောင်း ဟောပြောခဲ့သည်။

(ကြေးမုံ)

မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ

တနင်္သာရီတိုင်းဒေသကြီး ညောင်ပင်ကွင်းကျေးရွာအုပ်စု ပျို့အိုင်ကျေးရွာအနီး၌ တောမီးလောင်ကျွမ်းမှုဖြစ်ပွား

မြိတ် မတ် ၁၆

တနင်္သာရီတိုင်းဒေသကြီး ညောင်ပင်ကွင်း ကျေးရွာအုပ်စု ညောင်ပင်ကွင်းကျေးရွာ၏ အရှေ့တောင်ဘက် နှစ်မိုင်ခန့်အကွာ စိန်ဟန်တောင်အနီးတွင် မတ် ၁၅ ရက် ညနေ ၃ နာရီခွဲခန့်က တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။

မီးလောင်ကျွမ်းမှုကြောင့် ပျို့အိုင်ကျေးရွာနေ ဦးဒိုင်ဘင်ပိုင် သီဟိုဠ်ခြံ ငါးဧကခန့်၊ ဦးထွန်းစိုးပိုင် သီဟိုဠ်ခြံ ငါးဧကခန့်၊ ကိုငွေးပိုင် ရော်ဘာခြံ လေးဧကခန့်၊ ကိုခင်မောင်ထွန်းပိုင် ရော်ဘာခြံ ငါးဧကခန့် တောမီးလောင်ကျွမ်းခဲ့ပြီး ခန့်မှန်းဆုံးရှုံးမှု တန်ဖိုးမှာ ကျပ် ၄၀၇ သိန်းခန့်ဖြစ်ပြီး ည ၉ ခွဲတွင် တောမီးငြိမ်းသွားခဲ့သည်။

အဆိုပါ တောမီးအား မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ညောင်ပင်ကွင်းကျေးရွာပြည်သူ့စစ်များ၊ အရန်မီးသတ်တပ်ဖွဲ့များ၊ ကျေးရွာသူကျေးရွာသားများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြောင်း သတင်းရရှိသည်။

(မြိတ်ခရိုင် ပြန်/ဆက်)

ဥပဒေနှင့် မညီညွတ်သည့် မ... အနိုင်ကျင့်မှုများ၊ ဒီမိုကရေစီအ... ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ...

"ဥပဒေနှင့်မညီညွတ်သည့် မင်းမဲ့စရိုက်များ၊ ... တိုင်းပြည်နစ်နာမည်ဖြစ်ကြောင်း" ပြည်သူ့လွှတ်တော် ... ရထာခန်းမ၌ ကျင်းပသည့် မြို့မိမြို့ဖများနှင့်ဒေသခံပြ...

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့် ဒေါက်တာဖေသက်ခင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဒလမြို့သို့ လာရောက်ရခြင်းနှင့် စပ်လျဉ်း၍ ပဏာမ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒလမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက မြို့နယ်ဆိုင်ရာ အချက်အလက်များကို တင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များနှင့် မြို့မိမြို့ဖများက မြို့နယ်၏ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေးနှင့် သန့်ရှင်းသောသောက်သုံးရေရရှိရေးများ အပါအဝင် မြို့နယ်၏ လိုအပ်ချက်များနှင့် ပတ်သက်၍ ကဏ္ဍအလိုက် တင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့်

ပေါင်းစပ်ညှိနှိုင်... ရွက်ပေးသည်။

ယင်းနောက် ... ဥက္ကဋ္ဌက အမှာ... တွင် "မြို့နယ်... စပ်လျဉ်း၍ ပ... ရေးကဏ္ဍ ပို... အတွက် လိုအ... နိုင်ငံတော်၏ ... များကို တိုးမြှင့်... ရေးနှင့် သန့်ရှ... ရေရရှိရေးအ... တိုင်းဒေသကြီး... ဒေသနှင့် တို... ဖွံ့ဖြိုးတိုးတက်... ပူးပေါင်း၍ အ... ရွက်သွားရန် ... အနေဖြင့် ဒီမို... လွှတ်တော်အတွ... ပြင်ပပြည်သူမျ... ရောက်ရောက်... အချိန်ယူ၍ ... လျက်ရှိကြောင်... မှုမှာ အကျိုးရှိ... ထင်ထင်မြင်ခဲ့...

လွှတ်တော်... သည့်အသံမျာ... ယခုခရီးစဉ်တွ... ဝန်ကြီးများနှင့်... ဆောင်ရွက်ပေး... အဆင်ပြေကြေ... ဒေသခံပြည်သူ... ရှိပါလိမ့်မည် ...

ဒီမိုကရေစီ... စီးပွားရေးစနစ်... နိုင်ရန် ၂၀၀၈ ... ဥပဒေကို ပြ...

ဥပဒေနှင့်မညီညွတ်သည့် မင်းမဲ့စရိုက်များ၊ အုပ်စုဖွဲ့အနိုင်ကျင့်သည့် ဒီမိုကရေစီ အနိုင်ကျင့်မှုများ၊ ဒီမိုကရေစီအလွဲသုံးမှုများကို လျစ်လျူရှုလျှင် တိုင်းပြည်နစ်နာမည်ဟု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဒလမြို့နယ်မှ ဒေသခံများနှင့် တွေ့ဆုံစဉ် ပြောကြား

ရန်ကုန် မတ် ၁၆

"ဥပဒေနှင့်မညီညွတ်သည့် မင်းမဲ့စရိုက်များ၊ အုပ်စုဖွဲ့အနိုင်ကျင့်သည့် ဒီမိုကရေစီအနိုင်ကျင့်မှုများ၊ ဒီမိုကရေစီအလွဲသုံးမှုများကို လျစ်လျူရှုလျှင် တိုင်းပြည်နစ်နာမည်ဖြစ်ကြောင်း" ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် သီရိဇေယျ အနော်ရထာခန်းမ၌ ကျင်းပသည့် မြို့မိမြို့ဖများနှင့်ဒေသခံပြည်သူများအား တွေ့ဆုံပွဲအခမ်းအနားတွင် ထည့်သွင်းပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်နှင့် ဒေါက်တာဖေသက်ခင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဒလမြို့သို့ လာရောက်ရခြင်းနှင့် စပ်လျဉ်း၍ ပဏာမ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒလမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက မြို့နယ်ဆိုင်ရာ အချက်အလက်များကို တင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များနှင့် မြို့မိမြို့ဖများက မြို့နယ်၏ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေးနှင့် သန့်ရှင်းသောသောက်သုံးရေရရှိရေးများ အပါအဝင် မြို့နယ်၏ လိုအပ်ချက်များနှင့် ပတ်သက်၍ ကဏ္ဍအလိုက် တင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် "မြို့နယ်၏တင်ပြချက်များနှင့် စပ်လျဉ်း၍ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များရှိသေး၍ နိုင်ငံတော်၏ ဘတ်ဂျက်ဘဏ္ဍာငွေများကို တိုးမြှင့်ပေးခဲ့ကြောင်း၊ စိုက်ပျိုးရေးနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနတို့ပူးပေါင်း၍ အလျင်အမြန် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီနည်းလမ်းကို လွှတ်တော်အတွင်းသာမက လွှတ်တော်ပြင်ပပြည်သူများထံ၌လည်း ထိထိရောက်ရောက် ကျင့်သုံးနိုင်ရန် အချိန်ယူ၍ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်မှုမှာ အကျိုးရှိသည်ကိုလည်း မျက်ဝါးထင်ထင်မြင်ခဲ့ရကြောင်း။

လွှတ်တော်အတွင်း မကြားရသေးသည့်အသံများကို ကြားရကြောင်း၊ ယခုခရီးစဉ်တွင်လည်း ပြည်ထောင်စုဝန်ကြီးများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်၍ ဒေသအတွက် အဆင်ပြေကြောင်း၊ မြို့နယ်နှင့် ဒေသခံပြည်သူများအတွက် အကျိုးရှိပါလိမ့်မည် ဖြစ်ကြောင်း။

ဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးနိုင်ရန် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူတို့က ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းဖြင့် ပြဋ္ဌာန်းပေးခဲ့ကြောင်း၊ အဆိုပါပြဋ္ဌာန်းမှုဖြင့် ဒီမိုကရေစီစနစ်နှင့်ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေခြင်းဖြစ်ကြောင်း၊ အလားတူ ၂၀၁၀ ခုနှစ်တွင် အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ခဲ့၍ လွှတ်တော်များပေါ်ပေါက်လာခဲ့ကြောင်း၊ ၎င်းလွှတ်တော်များကပင် အစိုးရကို ရွေးချယ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းအစိုးရက ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထားအပေါ် မူတည်၍ ပြည်သူ့အစိုးရအနေဖြင့် အုပ်ချုပ်နေခြင်းဖြစ်ကြောင်း။

သို့ဖြစ်၍ ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထား လိုအပ်ချက်များကို လွှတ်တော်မှတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်များက မေးခွန်းများ မေးမြန်းကြကြောင်း၊ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများ ကလည်း ပြန်လည်ဖြေကြားရကြောင်း၊ ထိုသို့ မေးမြန်းဖြေကြားရာတွင် လွှတ်တော်ဥက္ကဋ္ဌကတစ်ဆင့်သာ မေးမြန်းဖြေကြားရခြင်းဖြစ်ကြောင်း၊ မေးခွန်းများ မေးမြန်းဖြေကြားမှုများသည်လည်း အစိုးရ၏အာမခံချက် ကတိများနှင့် တာဝန်ခံချက်များ ဖြစ်သွားကြောင်း၊ အစိုးရက ဖြေရှင်းပေးရပါမည်ဖြစ်ကြောင်း၊ အဆိုပါ အာမခံချက်များနှင့် ကတိများနှင့် တာဝန်ခံချက်များကို အကောင်အထည်ဖော်ပေးရမည်ဖြစ်ကြောင်း၊ အကောင်အထည်မဖော်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏တာဝန်သာ ဖြစ်ကြောင်း၊ သို့ဖြစ်၍ မေးခွန်းများ၏ အာနိသင်မှာ လွှတ်တော်အပေါ် အာမခံချက်များနှင့် ကတိများပင်ဖြစ်ကြောင်း။

အဆိုပါမူဝါဒများကို လက်တွေ့အကောင်အထည်ဖော်ရန် လိုအပ်လျှင် ဥပဒေတစ်ရပ်ဖြစ်သွားကြောင်း၊ ယနေ့ကာလသည် "လူနှင့်အုပ်ချုပ်ခြင်းမဟုတ်ဘဲ မူဖြင့် အုပ်ချုပ်နေခြင်းဖြစ်ကြောင်း"၊ အဆိုပါမူများကို လွှတ်တော်က ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဥပဒေကြမ်းများကို လွှတ်တော်နှစ်ခုက သဘောတူလျှင် ပြည်ထောင်စုလွှတ်တော်က ဥပဒေအဖြစ် အတည်ပြုပေးရကြောင်း၊ သမ္မတက ၁၅ ရက်အတွင်း အတည်ပြုပေးရကြောင်း၊ မှတ်ချက်နှင့် ပြန်ပို့လျှင် လွှတ်တော်က ပြန်လည်ဆွေးနွေးပြီး မူလအတိုင်းအတည်ပြုပါက လက်မှတ်မထိုးလျှင် ၁၅ ရက်အတွင်း အတည်ဖြစ်ကြောင်း၊ လွှတ်တော်ကတင်သွင်းသည့် ဥပဒေကြမ်းသည် ပြည်သူက ရွေးချယ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များသာမက ကော်မတီများ၊ ပညာရှင်များကပါ ပါဝင်ဆောင်ရွက်ခြင်း ဖြစ်၍ ပြည်သူက ပြဋ္ဌာန်းခြင်းဖြစ်ကြောင်း၊ ပြဋ္ဌာန်းပြီးလျှင် အားလုံးက လိုက်နာရမည်ဖြစ်ကြောင်း၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့အသံ၊ ပြည်သူ့သဘောထားဖြင့် အုပ်ချုပ်သည့် ခေတ်တစ်ခေတ် ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် မူဝါဒချမှတ်ရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖြစ်စေနိုင်မည့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်မည့် ဥပဒေဖြစ်ရမည်ဖြစ်ကြောင်း။

လူတစ်ဦး၊ အစိုးရအဖွဲ့နှင့် လွှတ်တော်ကိုကာကွယ်သည့် ဥပဒေမျိုးမဖြစ်စေရန် လိုအပ်ကြောင်း၊ လွှတ်တော်၏ ဥပဒေပြုရေးသည် ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထား၊ ပြည်သူ့အသံများ ဖြစ်ရန်လိုအပ်ကြောင်း၊ ဥပဒေတစ်ရပ် ပေါ်ပေါက်လျှင် အစိုးရကလည်းလိုက်နာ၊ နိုင်ငံသားများကလည်း လိုက်နာကြရမည်ဖြစ်ကြောင်း၊ ယနေ့ကမ္ဘာပေါ်တွင် ဒီမိုကရေစီစနစ်သည် အကောင်းဆုံးစနစ်အဖြစ် ယူဆနေကြောင်း။

တရားဥပဒေစိုးမိုးရေး (Rule of Law)ဖြစ်ရန်လည်း လိုအပ်ကြောင်း၊ သို့သော် ဥပဒေနှင့်မညီညွတ်သည့် မင်းမဲ့ စရိုက်များ၊ အုပ်စုဖွဲ့အနိုင်ကျင့်သည့် ဒီမိုကရေစီအနိုင်ကျင့်မှုများ၊ ဒီမိုကရေစီအလွဲသုံးမှုများကို လျစ်လျူရှုလျှင် တိုင်းပြည်နစ်နာမည်ဖြစ်ကြောင်း၊ နောက်ကြောင်းပြန်စေမည့် အဖြစ်မျိုးသို့ ဖိတ်ခေါ်မိစေမည့် အဖြစ်မျိုးမလုပ်ကြရန်လိုကြောင်း။

စနစ်တစ်ခုမှ စနစ်တစ်ခုသို့ ပြောင်းလဲရာတွင် ခက်ခဲမည်ဖြစ်ကြောင်း၊ မည်သို့ပင်ဖြစ်စေဒီမိုကရေစီနှင့် ဈေးကွက်စီးပွားရေးစနစ်ကို မဖြစ်မနေလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် လွှတ်တော်တစ်ခုတည်း ဆောင်ရွက်၍ မရကြောင်း၊ ပြည်သူပါဝင်မှ အောင်မြင်မည်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးမှုရှိမှ ဖြစ်မည်ဖြစ်ကြောင်း၊ တရားဥပဒေ စိုးမိုးမှုမရှိပါက လက်ရှိတည်ငြိမ်အေးချမ်းမှုပျက်ပြားသွားမည်ဖြစ်ကြောင်း၊ မိမိဒေသ၊ မိမိနိုင်ငံတိုးတက်ချင်လျှင် တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဖြစ်ချင်သည်များကို အကောင်အထည်ဖော် ရာတွင် အားလုံး ပါဝင်မှရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် ဆောင်ရွက်မည်ဆိုပါလျှင် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်မှ အောင်မြင်နိုင်မည်ဖြစ်ကြောင်း" ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(အပေါ်ဓါတ်ပုံ) **(သတင်းစဉ်)**

(၆၇)နှစ်မြောက်တပ်မတော်နေ့ ဦးတည်ချက်များ

(က) **နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေး။**

(ခ) **ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်ထမ်းဆောင်ရေး။**

(ဂ) **ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်မှန်သမျှကို နိုင်ငံတော်စွမ်းအား၊ ပြည်သူ့စွမ်းအား၊ တပ်မတော်စွမ်းအားတို့ဖြင့် ပူးပေါင်းကာကွယ်တိုက်ဖျက်ရေး။**

(ဃ) **နိုင်ငံတော်၏ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ဖြစ်ပေါ်လာစေရေး။**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် လူငယ်သင်တန်းကျောင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၁၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ကျိုက်ခေါက်ဘုရားလမ်း အမှုထမ်းရပ်ကွက်ရှိ သန်လျင်လူငယ်သင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ် ဦးကျော်ဦးက သင်တန်းကျောင်း၏ ရည်ရွယ်ချက်၊ ဝန်ထမ်းဖွဲ့စည်းပုံ၊ ကျောင်းသားများ လက်ခံနိုင်သောအင်အား၊ ကျွေးမွေးစောင့်ရှောက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ကျောင်းသားများနှင့်တွေ့ဆုံ၍ အကျင့်စာရိတ္တကောင်းမွန်စေရေး၊ လိမ္မာရေးခြားရှိစေရေးတို့ကို ဆုံးမစကားပြောကြားသည်။

လူမှုဝန်ထမ်းဦးစီးဌာန သန်လျင်လူငယ်သင်တန်းကျောင်းသည် ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော လူငယ်များနှင့် ပြစ်မှုနှင့်ရင်ဆိုင်နေရသော ကလေးသူငယ်များအား မှန်ကန်ဖြောင့်မတ်သည့် လမ်းကြောင်းပေါ် ရောက်ရှိစေရန်၊ ဘဝရှေ့ရေးတိုးတက်ကောင်းမွန်စေရေးအတွက် ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံတော်အတွက် အနာဂတ်၏ သားကောင်းရတနာများဖြစ်ပေါ်စေရန် ပြုပြင်ပြောင်းလဲပေးလျက်ရှိသော သင်တန်းကျောင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မော်တော်ယာဉ်မီးလောင်မှုသတိပြု

မော်တော်ယာဉ်များ အသုံးပြုရာတွင် ယာဉ်မောင်းနေစဉ်အတွင်း ကားဂက်စ်အိုးအပါအဝင် ပိုက်ဆက်ပြုတ်ရာမှ ဒိုင်နမိုနှင့်ထိ၍ မီးလောင်ခြင်း၊ စက်နှိုးထားစဉ် ဆီထည့်ခြင်း၊ ကာပရိုက်တာဆီလျှံခြင်း၊ ကားခေါင်းအတွင်း ခြင်ဆေးခွေထွန်းခြင်း၊ ပူပြင်းသောရာသီကာလ နေ့လယ်ပိုင်းတွင် ပလတ်စတစ်ပုံးများဖြင့် ဆီလှယ်ခြင်း၊ ညအချိန်ကားပြင်နေစဉ် ဖယောင်းတိုင်မီးဖြင့် ကြည့်ရှုခြင်း၊ ဆီထည့်နေစဉ် ဆေးလိပ်သောက်ခြင်း၊ လက်ကိုင်ဖုန်းပြောခြင်းနှင့် မီးပွားထွက်နိုင်သည့် နေရာများတွင် ဆီထည့်ခြင်းတို့ကြောင့် မီးလောင်မှုဖြစ်ပွားနိုင်ပြီး မလိုလားအပ်သော ဆုံးရှုံးမှုများဖြစ်ပေါ်နိုင်သဖြင့် ဖော်ပြပါအချက်အလက်များ မဖြစ်ပေါ်စေရေးအတွက် သတိပြုရှောင်ကြဉ်ကြရန်၊ မီးလောင်မှုဖြစ်ပွားပါက အလွယ်တကူငြိမ်းသတ်နိုင်သော ဓာတုဗေဒပေါင်ဒါမှုန့်ခြောက်မီးသတ်ဆေးဘူး (Dry Chemical Powder) အား မော်တော်ယာဉ်တိုင်းတွင် အသင့်ဆောင်ထားသင့်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

မီးသတ်ဦးစီးဌာန

ကျွန်တော်သိသော မစ္စတာရမ်ကွမ်းဆေးများ

ကိုကိုသက်

ကျွန်တော့်အသိမိတ်ဆွေများထဲတွင် မစ္စတာရမ်ကွမ်းဆေးများစွာရှိသည့်အနက် လူ့ဘဝတွင် မရှိတော့သော မစ္စတာ ရမ်ကွမ်းဆေးသုံးဦးအကြောင်းကို ယနေ့ပြောပြချင်သည်။ လက်ရှိ ရှိနေသော မစ္စတာရမ်ကွမ်းဆေးအသစ်များ၏ အကြောင်းကိုလည်း အမြဲနားစွင့်နေပြီး မစ္စတာရမ်ကွမ်းဆေး အခန်းဆက်အဖြစ် ဆက်လက်ရေးသားရန် ပေါ်ပေါက်လာပါက ရေးသားဖော်ပြသွားပါဦးမည်။

ပထမဆုံး သိကျွမ်းခဲ့သည့် မစ္စတာရမ်ကွမ်းဆေး၏ အမည်မှာ ကိုအောင်ငယ်ဖြစ်သည်။ ကိုအောင်ငယ်က အညာသား။ သူမန္တလေးတက္ကသိုလ်တက်စဉ် ဒုတိယနှစ်လောက်ကတည်းက ဦးလေးပိုင် ကုန်ကားကြီးများကို မောင်းသည်။ ကျောင်းပြီးတော့လည်း ဝန်ထမ်းအလုပ်ကို ဝင်မလုပ်ဘဲ ကားမောင်းသည့် အလုပ်ကိုသာ ဆက်လုပ်သည်။ ကုန်ကားယာဉ်မောင်းမို့ လမ်းခရီးတွင် အိပ်မငိုက်စေရန် ကွမ်းယာအဆက်မပြတ်စားသည်။ အိပ်ရင်တောင် ပါးစောင်ထဲတွင် ကွမ်းငုံပြီး အိပ်သည်။ ကိုအောင်ငယ်၏ သွားများက ကွမ်းကြိုက်သူဟု အမည်တပ်နိုင်လောက်အောင် မည်းချိပ်နေသည်။ အရက်ကိုလည်း အလုပ်ပင်ပန်းမှုကို ဖြေဖျောက်ရန် အစပိုင်းကတော့ ညနေပိုင်း အလုပ်နားချိန် သောက်သည်။ နောက်တော့ နေ့ခင်းပိုင်းကားနားစဉ်သောက်တတ်လာသည်။ တဖြည်းဖြည်း လစ်မစ်တက်လာသည်က အရက်တစ်လုံးလောက် သောက်တာတောင် မမူးဆိုသည့် အနေအထားဖြစ်လာသည်။ ဒါတောင် သူကအရက်ဖြူနဲ့ အာမီရမ်ကလွဲလို့ သောက်သူမဟုတ်။ မင်းတို့ ဘီယာတွေ၊ ဝိုင်တွေက ဗိုက်ပြည့်ရုံပဲရှိတာဟု ဆိုကာ သူကအပြင်းမှ အပြင်းသမားသက်သက်။ ဆေးလိပ်ကလည်း ငယ်စဉ်ကတည်းက အဘွားတို့ဖက်လိပ်ကြီးတွေကို မီးညှိပေးရင်းသောက်လာသူမို့ ဆေးလိပ်ကလည်း ကြိုက်သည်။ စီးကရက်ခဲသည်။ ပါးစပ်က မီးခိုးခေါင်းတိုင်အတိုင်း ဖြစ်နေသည်။

အသားညိုညို၊ ရေကိုလည်း ကြောက်တတ်သော၊ တစ်လနေလို့ ရေတစ်ကြိမ်ချိုးဖို့ အတင်းပြောရသော သူ၊ ကွမ်းချေးများနှင့် မည်းချိပ်နေသော သွားများ၊ ပြာနှမ်းနေသော နှုတ်ခမ်းများ၊ ဆေးလိပ်မီးပေါက်များကျနေသည့် အကျီ ၤ လုံချည်ဝတ်ဆင်ထားသော၊ အမြဲရီဝေရီဝေဖြစ်နေသောသူ့ကို သူ့မိတ်ဆွေများက အမည်ရင်းမခေါ်ဘဲ မစ္စတာရမ်ကွမ်းဆေးဟု ခေါ်သည်။

ကုန်ကားကြီးများနှင့် အထက်/အောက်စုန်ဆန်တက်နေပြီး လမ်းခရီးတွင် ကိုအောင်ငယ်တစ်ယောက် လမ်းကြုံလိုက်တတ်သော ညဥ့်ငှက်မလေးများနှင့် ဆုံသည်။ လူက ပျော်ပျော်နေတတ်သူမို့ တချို့အဖွဲ့ကျသွားသည့် ကောင်မလေးတွေက ခေါက်တုံ့ခေါက်ပြန် သူ့ကားပေါ်တွင် ရက်ရှည်နေပြီး ပျော်နေတတ်သည်။ သူကလည်း ကုန်ကားမောင်းနေသမျှတော့ ငွေကမပြတ်သည်မို့ လူပျိုလည်း လူပျိုဖြစ်ရာ ကဲသလားတော့မမေးနဲ့ အစားထဲကဖြစ်သည်။

ကျွန်တော်နှင့် ကိုအောင်ငယ်တွေ့ကြသည်က ပြည်မှာ။ ကျွန်တော့်သူငယ်ချင်း ကိုဝင်းဇော်(အဂီး)တို့၊ ကိုသိန်းဇော်ဝင်းတို့နှင့် ဆက်စပ်ပြီး ၁၉၈၈ ခုနှစ်တွင် စတင်သိကျွမ်းခဲ့သည်။ ဒီလိုနှင့် ကိုအောင်ငယ်တစ်ယောက် ၁၉၉၂ ခုနှစ်လောက်တွင် ကျန်းမာရေးယိုယွင်းလာပြီး ၁၉၉၃ ခုနှစ်တွင် မန္တလေးဆေးရုံ၌ တက်ရောက်၍ တစ်လခန့်အကြာ ကိုအောင်ငယ်ဆုံးသည်။ လိုင်းစုံသူမို့ ကုရာနတ္ထိဆေးမရှိနဲ့ မိသွားခြင်းဖြစ်ကြောင်း ကျွန်တော်သိတော့ စိတ်မကောင်းဖြစ်မိသော်လည်း အံ့ဩခြင်းတော့ မရှိခဲ့ပါ။ ကိုအောင်ငယ် သေဆုံးချိန်တွင် အသက် (၃၀) ခန့်သာ ရှိသေးသည်။

ဒုတိယမိတ်ဆွေတစ်ဦးမှာ ကိုဖိုးဇော်ဖြစ်သည်။ ကိုဖိုးဇော်နှင့် ကျွန်တော် ၁၉၉၅ ခုနှစ်တွင် ရှမ်းပြည်နယ်တောင်ပိုင်းမှာ ဆုံခဲ့ခြင်းဖြစ်သည်။ ကိုဖိုးဇော်က ဝန်ထမ်းတစ်ဦး။ အသားလတ်လတ်နှင့် သာမန်အားဖြင့် ကြည့်ပျော်ရှုပျော်ရှိသည်။ အသံဩဇာကောင်းသည်။ သူစကားသံကို ကြားရသည့်နေရာမှ နားစွင့်ပြီး ဘာပြောနေတာလဲဟု စိတ်ဝင်စားချင်လှအောင် အသံဩဇာရှိသည်။ သို့သော် အကျင့်ကတော့ တော်တော်ထူးဆန်းသည်။ ကပ်တီး မူးလဲ၊ ဆွဲထူတော့ အော်ဆဲဆိုသည့်စကားကို သာမန်ကြားဖူးရာမှ ကိုဖိုးဇော်နဲ့တွေ့တော့ နားလည်လိုက်ရသည်။ သူက တော်တော်တန်တန်တော့ သူ့ဘာသာ ဆေးလိပ်၊ အရက်၊ ကွမ်းယာကို ဝယ်မသောက်။ သူများသောက်နေတာတွေ့လျှင် စကားရောဖောရောဝင်လုပ်ပြီး ဆေးလိပ်ဝင်နှိုက်မည်၊ ကွမ်းယာ ယူစားမည်၊ အရက်ဝိုင်းဝင်ပြီး ခွက်ခံသောက်မည်။ ဒါက ဘာမှမဟုတ်ဟုဆိုလျှင်တောင် ပွဲပြီးချိန်တွင် အရက်တိုက်သည့်သူကို၊ အရက်ကပ်သောက်ခွင့်ပေးသူကို ပြဿနာရှာတတ်သည့် အကျင့်ကတော့ တော်တော်ကို ဆိုးရွားလွန်းလှသည်။ ဒါကလည်း ရံဖန်ရံခါမဟုတ်။ အကြိမ်များစွာ။ မူးလာလျှင် ရစ်သည်။ “တွေ့တဲ့လူနဲ့ မတည့်အောင်ပေါင်းနိုင်တာ ငါ့အရည်အချင်း”ဟု ဟစ်ကြွေးတတ်သူ၊ “မမူးရင်တော့ ကြောက်တယ်၊ မူးလာရင်တော့ အေအိုင်ဒီအက်စ်မကလို့ သူ့ဘိုးအေတောင် မကြောက်ဘူးကွ ”ဟု ကြွေးကြော်တတ်သူ လူထူးလူဆန်းတစ်ဦးဖြစ်သည်။ သူက ဟိုကတစ်ပက်၊ ဒီကတစ်ပက်ဖြင့် မမူးသည့်ရက်မရှိ၊ ဆေးလိပ်၊ ကွမ်းယာပြတ်သည်မရှိ။ မျက်နှာလည်း ပြောင်သော၊ အရက်၊ ဆေးလိပ်၊ ကွမ်းယာကို ကြိုက်သော ကိုဖိုးဇော်ကိုလည်း သူ့ပတ်ဝန်းကျင်က လိုင်းပေါင်းစုံကြီး၊ ရမ်ကွမ်းဆေးကြီးလာပြီ၊ ရှောင်ကြ၊ ရှားကြဟု သတိပေးလေ့ရှိကြသည်။ သူမို့လျှင် ပုလင်းတွေဖွက်၊ ခွက်တွေဖွက်ကြ၊ ဆေးလိပ်ဘူးတွေ သိမ်းကြ၊ ကွမ်းယာထုပ်တွေ လက်စဖျောက်ကြနှင့် သူမျက်စိနှင့် မြင်နေရသော်လည်း အရှက်မရှိ။ “မင်းတို့က လူကို လူလိုမဆက်ဆံဘူး၊ မင်းတို့တိုက်မှ သောက်ရတာမဟုတ်ဘူး။ ကိုယ့်ပိုက်ဆံနဲ့ ကိုယ်သောက်နိုင်တယ်ကွ၊ ခင်လို့မင်လို့ ပေါင်းနေတာကို လာမနှိမ်နဲ့၊ သတ္တိရှိရင်ထွက်ခဲ့. . . .” ဘာညာနှင့် ချဲလင်းခေါ်နေတတ်သေးသည်။ သူက အပြင်းတွေ၊ အပျော့တွေ၊ ထန်းရည်တွေ သိပ်ရွေးမနေ။ ဆေးပေါ့လိပ်တွေ၊ စီးကရက်တွေရွေးမနေ။ နှပ်ဆေးတွေ၊ ဆေးပေါင်းတွေ၊ ဆေးရွက်ကြီးတွေ ရွေးမနေ။ ချဉ်ချဉ်တူးတူး မူးပြီးရောဆိုသည့်လူစား။

သူ့မှာအပေါင်းအသင်းက သိပ်မရှိ။ ရှိချင်စရာလည်း မကောင်းသူ။ သူ့လုပ်ဖော်ကိုင်ဖက် ကိုလှမိုးတို့၊ ကိုမြတ်သူတို့ပင် သူ့ကိုရှောင်သည်။ နောက်ဆုံးတော့ မိန်းမလျာအုပ်စုတစ်စုနဲ့ ရောသောဖောရော လုပ်နေတာတွေ့ရသည်။

၁၉၉၇ ခုနှစ် အောက်တိုဘာလတွင် ကိုဖိုးဇော်၏ သတင်းကို ကြားရ၏။ ဓားထိုးခံရပြီး သေဆုံးသွားသည်တဲ့။ သူ့အမှုက မထူးသော်လည်း နည်းနည်းဆန်းပြားသည်။ ကြားရသည်က သူနှင့်အတူနေ မိန်းမလျာသုံးဦးနှင့် ပြဿနာတွေဖြစ်ပြီး သူမူးနေစဉ် မိန်းမလျာများက ဓားနှင့် ထိုးသတ်ကာ အလောင်းကို View Point အနီးရှိ ချောက်ကမ်းပါးထဲ ပစ်ချထားခဲ့ကြသည်။ ထိုကာလက သူ့အမှုသည် အဲဒီဒေသတစ်ဝိုက်တွင် တော်တော်ရေပန်းစားခဲ့သည်။ ရှုပ်ရှုပ်ထွေးထွေး အမှုဖြစ်စဉ်ကြီးကို စစ်ကြ၊ ဆေးကြနှင့် တစ်နှစ်ကျော်အကြာမှ တရားခံများကို ပြစ်ဒဏ်အသီးသီး ချခဲ့သည်။ ရှားပါးသော အကျင့်ရှိသည့် ရမ်ကွမ်းဆေးကိုဖိုးဇော်တစ်ယောက် အသက် (၃၂) နှစ်တွင် ဆန်းဆန်းပြားပြား ဇာတ်သိမ်းခဲ့ရရှာသည်။

နောက်တစ်ယောက်ကတော့ နိုင်ကြီးဖြစ်သည်။ နိုင်ကြီးက ဌာနဆိုင်ရာ အရာထမ်းတစ်ဦးဖြစ်သည်။ ထိုကာလက ဂိတ်များတွင် စစ်ရ၊ ဆေးရသည့် အရေးပါအရာရောက်သော ဌာနတစ်ခုတွင် တာဝန်ထမ်းဆောင်ရသည်။ အရက်ဆိုဘလက်မှ၊ ရက်မှ၊ ကော့ညက်မှ ၊ ချီးဗက်စ်မှ သောက်သည်။ ၅၅၅ မှ၊ ဗင်ဆင်မှ၊ နိုင်ငံခြားစီးကရက်ကိုမှ သောက်သည်။ ရွှေကွမ်းယာဆိုတာမျိုးကို သံဘူးထဲတွင် နှပ်ထားပြီးမှ စားသည်။ အသုံးအဖြုန်းကလည်း ကြီးသည်။ လက်ဖျားငွေသီးနေချိန်ဆိုတော့ ဒါတွေက အသေးအမွှား။ ဒီလိုနဲ့ ၁၉၉၃ ခုနှစ်လောက်မှာ ဘိန်းဖြူကို ကိုယ်တိုင် လည်းသုံးပြီး မူးယစ်ဆေးဝါးအရောင်းအဝယ်ကိုယ်တိုင်လုပ်နေသည့် မိန်းမလှလှလေးတစ်ဦးနှင့် စတွေ့သည်။ နှစ်နှစ်ခန့် ဆန်ပေးသူနှင့်ဆီပေးသူ အကြောင်းအပေါင်းသင့်နေကြသည်။ ထိုမှ ၁၉၉၅ ခုနှစ်ထဲမှာ သူတို့တရားဝင်လက်ထပ်သည်။ သူ့ကို စေတနာထားသူများက သတိပေးစကား ဆိုကြသည်။ လမ်းကြောင်းလွတ်အောင် အကြံအစည်ဖြင့် ချဉ်းကပ်လာသူတစ်ဦးဖြစ်ကြောင်း သတိပေးကြသော်လည်း သူက နားမဝင်။ သူနှင့် သင်တန်းအတူတက်ဖက်များဖြစ်သော ကိုကျော်ဆွေဦးတို့၊ ကိုမြင့်အောင်ကြီးတို့က အတန်တန်တားသည် မရ။ သူကိုယ်တိုင်လည်း မိန်းမလှလေး၏ မူးယစ်ဆေးဝါးတွေ တတိတိနှင့် မသိသလို၊ သိသလို ပေးသုံးမှုတွင် ပျော်မွေ့နေပြီ ဖြစ်သည်။ ၁၉၉၆ ခုနှစ်ထဲတွင် သူ့အမျိုးသမီးကို မူးယစ်ဆေးဝါးများနှင့် လက်ပူးလက်ကြပ်မိသည်။ ထောင်ကျသည်။ နိုင်ကြီးကို အလုပ်မှ ထုတ်ပယ်လိုက်သည်။ အဲဒီအချိန်မှာ သူရော၊ သူ့အမျိုးသမီးရော နှစ်ယောက်စလုံးတွင် အိတ်ချ်အိုင်ဗွီပေါ့စတစ် ဖြစ်နေသည်ကို ကိုယ်တိုင်သိကြပြီ။ သူက အမှားတွေ၊ နောင်တတွေ၊ သံဝေဂတွေ နားလည်သူမဟုတ်။ သူသုံးစွဲနေသည့် အရက်တွေ၊ မူးယစ်ဆေးဝါးတွေက ငွေရှိမှဖြစ်မည်။ ဒီတော့ သူအရဲကိုးတော့သည်။ သူကိုယ်တိုင် မူးယစ်ဆေးဝါး အရောင်းအဝယ်အချိကြီး လုပ်ရန် သူ တာဝန်ထမ်းဆောင်ခဲ့သော ဂိတ်မှဖြတ်ဖို့ ကြိုးစားသည်။ သူ့ကို ထိုဂိတ်မှာပင်ဖမ်း၍ ပြစ်မှုထင်ရှားသဖြင့် ထောင်ချလိုက်သည်။ ထောင်ထဲတွင် နှစ်နှစ်လောက်နေပြီး သူ့ရောဂါရင်းဖြင့်ပင် အသက် (၃၀)ဝန်းကျင်အရွယ်တွင် သေဆုံးသွားခဲ့သည်။ ဤတွင် ရှမ်းပြည်နယ်မြောက်ပိုင်းမှ ရမ်ကွမ်းဆေးတစ်ယောက်၏ ဇာတ်လမ်းရုပ်ဆိုးအကျည်းတန်စွာ ပြီးဆုံးသည်။

မျက်စိရှေ့တွင် နေ့စဉ် ရမ်ကွမ်းဆေးတွေများစွာ တွေ့တွေ့လာရသည်။ တစ်မျိုးလောက် စမ်းသုံးကြည့်သည်၊ နှစ်မျိုးလောက်သုံးသည်ဆိုလျှင် ထွက်ပေါက်တို့၊ အပန်းဖြေတာတို့၊ ဒီလောက်တော့ ရှိမှာပေါ့ စသည့် အကြောင်းပြချက်များဖြင့် အမြင်မတော်သော်လည်း နားလည်၍ ရသေးသည်။ စည်းစိမ်ခံသည့် အဆင့်မဟုတ်ဘဲ လွန်လွန်ကျူးကျူး သုံးစွဲနေကြသော အရက်၊ ဆေးလိပ် ၊ ကွမ်းယာကြိုက်နှစ်သက်သူတို့ကို မြင်လျှင် သိခဲ့ဖူးသည့် ရမ်ကွမ်းဆေးသုံးယောက်ကို ပြန်လည်မြင်ယောင်နေမိသည်။ ငွေကြေးလည်း ကုန်သော၊ ရောဂါလည်းရသော၊ ဘာမျှလည်း အကျိုးမရှိသော ဒီသုံးမျိုးသာမက အခြားအပျော်အပါး၊ အသောက်အစားများသူတို့၏ ဇာတ်လမ်းများကိုလည်း မှတ်စုတွင် ရေးမှတ်ယူထားသည်။ သူတို့ဇာတ်သိမ်းလေးတွေ သိရလျှင် အများသူငါအတွက် သင်ခန်းစာယူနိုင်ဖို့၊ ဗဟုသုတဖြစ်စေဖို့ မှတ်မှတ်ရရ ဆက်လက်ရေးသားလိုက်ပါဦးမည်။ ။

သန်လျင်တွင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသူ ၂၉၂၃ ဦးရှိ

သန်လျင် မတ် ၁၆

၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ရန်ကုန်တောင်ပိုင်းခရိုင်သန်လျင်မြို့နယ်မှ ဝင်ရောက်ဖြေဆိုကြသည့် ကျောင်းသားကျောင်းသူ စုစုပေါင်းမှာ အတွင်းဖြေ ၁၆၈၉ ဦး၊ အပြင်ဖြေ ၁၂၃၄ ဦး စုစုပေါင်း ၂၉၂၃ ဦးရှိပြီး ဖြေဆိုသည့် စာစစ်ဌာနများမှာ အထက(၁) စာစစ်ဌာန(၁)၊ အထက (၁) စာစစ်ဌာန(၂)၊ အထက(၂)သန်လျင်၊ အထက(၃) သန်လျင်နှင့် အမက (မူလွန်) ဗဟိုတို့ဖြစ်ကြောင်း သိရသည်။ **(၆၀၈)**

ပြည်တွင်းရေးရာ

ရွှေတံဆိပ်များဆွတ်ခူးနိုင်အောင် စွမ်းဆောင်ကြပါစို့ . . .

ဇင်ဘို

မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲကြီးတွင် မြန်မာဘောလုံးအသင်းအနေဖြင့် ရွှေတံဆိပ်ဆုကို ရရှိနိုင်ပါ့မလား။ မြန်မာဘောလုံးအသင်းကို တာဝန်ယူကိုင်တွယ်ရမည့် နည်းပြများမှလည်း နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်ဆုကို ရရှိအောင် စွမ်းဆောင်နိုင်မည်လားဆိုသည့် မေးခွန်းများနှင့် ဝေဖန်မှုများကို စာစောင်များတွင်သာမက ဘောလုံးဝါသနာရှင်များ၏ ပြောဆိုနေသည်များကို ကြားသိမြင်တွေ့နေရသည်။

ဆီးဂိမ်းပြိုင်ပွဲကြီးတွင် မြန်မာဘောလုံးအသင်းရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်း မရှိမှာကို အလွန်စိုးရိမ်နေသော ဘောလုံးဝါသနာရှင်များနှင့်အတူ တစ်ချိန်က မြန်မာဘောလုံးအသင်းကို ရွှေခေတ်သို့ ရောက်ရှိအောင် ထုဆစ်ပုံဖော်ခဲ့သည့် ကွယ်လွန်သွားခဲ့ပြီဖြစ်သော မြန်မာဘောလုံးအသင်း၏ နည်းပြဖြစ်သူ ဆရာကြီးဦးစိန်လှိုင်ကို သွား၍သတိရမိသည်။

ဆရာကြီးဦးစိန်လှိုင်သည် ၁၉၆၃ ခုနှစ်တွင်မြန်မာလူငယ်ဘောလုံးအသင်းကို စတင်ကိုင်တွယ်ခဲ့ပြီး မလေးရှားနိုင်ငံတွင် ကျင်းပပြုလုပ်သည့် နိုင်ငံတကာ အာရှလူငယ်ဘောလုံးပြိုင်ပွဲတွင် မြန်မာလူငယ်လက်ရွေးစင်အသင်းအတွက် ချန်ပီယံရွှေဖလားကြီးကို ဆွတ်ခူးနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ကာ မြန်မာ ဘောလုံးရွှေခေတ်ကို စတင်ထူထောင်နိုင်ခဲ့သည်။ တစ်ဆက်တည်းမှာပင် ဦးစိန်လှိုင်ကိုင်တွယ်သော မြန်မာဘောလုံးအသင်း ၁၉၆၄ ခုနှစ် မာဒေးကားဖလားဘောလုံးပြိုင်ပွဲတွင် ထပ်မံဗိုလ်စွဲနိုင်ခဲ့ပြန်သည်။

ထို့အပြင် ၁၉၆၆ ခုနှစ် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပပြုလုပ်သော အာရှအားကစားပြိုင်ပွဲတွင် ဥရောပ အဆင့်ရှိသည့် အီရန်ဘောလုံးအသင်းနှင့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းတို့ ဗိုလ်လုပွဲတွင် ထိပ်တိုက်တွေ့ဆုံခဲ့ရာ အာရှနိုင်ငံအားလုံးက အီရန်ဘောလုံးအသင်းကို ဗိုလ်စွဲနိုင်မည်ဟု နံပါတ်တစ်ပေးခဲ့သော်လည်း ဦးစိန်လှိုင်ကိုင်တွယ်ခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်းက အီရန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိကာ အာရှချန်ပီယံဖြစ်ခဲ့သည်။ ဗမာနိုင်ပြီ ဒို့ဗမာနိုင်ပြီဆိုတဲ့ သီချင်းသံဟာ မြန်မာတစ်နိုင်ငံလုံးပျံ့နှံ့သွားခဲ့သည်။

ဦးစိန်လှိုင်၏ ထူးခြားချက်မှာ ပြိုင်ဘက်ဘောလုံးအသင်းရဲ့ အားနည်းချက်တွေကို သေချာလေ့လာပြီး မြန်မာ့ဘောလုံးအသင်းအား မည်သို့မည်ပုံ ကစားရမည်ကို သင်ပြပေးနိုင်ခြင်းဖြစ်ပြီး မိမိဘောလုံးသမားတွေနဲ့ အံဝင်တဲ့ နည်းပရိယာယ်၊ နည်းစနစ်တို့ကို ချမှတ်နိုင်စွမ်းရှိသူဖြစ်သည်။

မြန်မာအသင်းအတွက် ၎င်း၏စွမ်းဆောင်ပေးနိုင်ခဲ့သော အောင်မြင်မှုများကိုကြည့်မည်ဆိုလျှင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအတွက် အာရှအိုလံပစ် ချန်ပီယံဆုနှစ်ကြိမ်(၁၉၆၆-၁၉၇၀)၊ အာရှလူငယ်ချန်ပီယံဆု လေးကြိမ် (၁၉၆၃၊ ၁၉၆၄၊ ၁၉၆၆၊ ၁၉၆၈)၊ မာဒေးကားဖလား သုံးကြိမ်၊ ဂျကာတာဖလား နှစ်ကြိမ်၊ ၁၉၇၂ ခုနှစ် မြူးနစ်အိုလံပစ်ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးအသင်းဆု အစရှိသော ဆုများစွာကို ဆွတ်ခူးရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

ထိုကဲ့သို့ မြန်မာ့ဘောလုံးရွှေတစ်ခေတ်ကို အာရှတစ်လွှား တံခွန်ထူအောင်မြင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သူ တစ်ချိန်က မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း၏ ပွဲကိုင်နည်းပြ ဆရာကြီး ဦးစိန်လှိုင်၏ စွမ်းဆောင်ခဲ့မှုများမှာ မြန်မာ့ဘောလုံးလောကတွင်သာမက နိုင်ငံသမိုင်း၌ပါ မှတ်တိုင်ကျန်ရစ်နေဆဲပင်ဖြစ်သည်။

မြန်မာအသင်းအတွက် ရွှေတံဆိပ်များဆွတ်ခူးနိုင်အောင် စွမ်းဆောင်ပေးနိုင်ပါစေ . . .။ ။

အထွေထွေဘဏ်လုပ်ငန်း သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် မတ် ၁၆

ဘဏ်များကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သည့် မြန်မာနိုင်ငံဘဏ်သင်တန်းကျောင်း (နေပြည်တော်)၏ အထွေထွေဘဏ်လုပ်ငန်း သင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်တက်ရောက် အမှာစကားပြောကြားရာ၌ ဘဏ်လုပ်ငန်းကဏ္ဍတွင် ပါဝင်လုပ်ကိုင်နေကြသည့်သူများအနေဖြင့် လုပ်ငန်းစွမ်းဆောင်ရည်တွေ မြင့်မားလာစေရန်၊ တိုးတက်ပြောင်းလဲလာသည့် ခေတ်နှင့်အညီ နိုင်ငံတကာအဆင့်မီ ဘဏ်လုပ်ငန်း ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးရင်း နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဆိုင်ရာ ရည်မှန်းချက်များရရှိစေရေးနှင့် ငွေရေးကြေးရေးကဏ္ဍတွင် အထောက်အကူပေးနိုင်သည့် ဘဏ်လုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးနိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးခဲ့သည့် သင်တန်းဖြစ်ကြောင်း။

သင်တန်းသို့ တက်ရောက်ခြင်းအားဖြင့် သင်တန်းသားများအနေနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဌာနအသီးသီး၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ပြည်တွင်း ဘဏ်လုပ်ငန်းဆိုင်ရာ အကြောင်း အရာများ၊ နိုင်ငံခြားဘဏ်လုပ်ငန်းဆိုင်ရာ အကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာသိရှိခဲ့ကြသည့်အတွက် ဘဏ်လုပ်ငန်းဆိုင်ရာ အသိပညာ ဗဟုသုတများစွာ ရရှိလာကြမှာဖြစ်ကြောင်း၊ ရရှိထားသည့် အသိပညာဗဟုသုတများနှင့်တင်ရောင့်ရဲတင်းတိမ်မနေဘဲ အဆင့်မြင့်ပညာများကို ဆက်လက်ဆည်းပူးလေ့လာပြီး မိမိတို့၏ လုပ်ငန်းစွမ်းဆောင်ရည်များကို ပိုမိုမြှင့်တင်သွားကြရန်နှင့် ပြည်တွင်းပြည်ပ ဘဏ်လုပ်ငန်းဆိုင်ရာများကိုလည်း စဉ်ဆက်မပြတ် လေ့လာသွားကြဖို့ တိုက်တွန်းပြောကြားလိုကြောင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ နိုင်ငံတော်ပိုင်နှင့် ပုဂ္ဂလိကဘဏ်များမှ သင်တန်းသားသင်တန်းသူ ၃၇ ဦး တက်ရောက်ပြီး ရက်သတ္တ ၁၂ ပတ်ကြာ ဘဏ်လုပ်ငန်းဆိုင်ရာ ပညာဗဟုသုတများ၊ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံး လုပ်နည်းများကို လေ့လာသင်ယူခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပင်လောင်းတွင် မှန်လုံယာဉ်တစ်စီးတိမ်းမှောက် ခရီးသည်လေးဦးသေဆုံး၊ ၂၃ ဦးဒဏ်ရာရ

ပင်လောင်း မတ် ၁၆

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်းမြို့နယ် နောင်ဝိုးတောင်အဆင်း မိုင်တိုင် အမှတ်(၆၅)အနီးတွင် မတ် ၁၄ ရက် ညနေ ၄ နာရီခန့်ကတောင်ကြီး-လွိုင်ကော် ကန္တာရဝတီရှမ်း(မှန်လုံ)ကားတစ်စီး တိမ်းမှောက်ကြောင်းသိရသည်။

ဖြစ်စဉ်မှာ တောင်ကြီး-လွိုင်ကော် ကန္တာရဝတီရှမ်း (မှန်လုံ)မော်တော်ယာဉ်လိုင်းမှ ယာဉ်အမှတ် ၂ခ/. . . ယာဉ်မောင်း ချစ်စန်းမောင် မောင်းနှင်လာသော တောင်ကြီး- လွိုင်ကော် ခရီးစဉ်တွင် ပင်လောင်းမြို့နယ် နောင်ဝိုးတောင် အဆင်း မိုင်တိုင်အမှတ်(၆၅)အနီးတွင် အရှိန်မထိန်းနိုင်သောကြောင့် လမ်းဘေးမြောင်းအတွင်း တိမ်းမှောက်ခဲ့သည်။ ၎င်းယာဉ်တိမ်းမှောက်မှုကြောင့် ခရီးသည် သုံးဦး ပွဲချင်းပြီးသေဆုံးပြီး ဒဏ်ရာရသူများကို ဖယ်ခုံမြို့နယ် ဆေးရုံသို့ အတွင်းလူနာအဖြစ် ၁၃ ဦး၊ ပြင်ပလူနာအဖြစ် ၁၁ ဦး စုစုပေါင်း ၂၄ ဦး ရောက်ရှိရာ အတွင်းလူနာ ရှစ်ဦးကို ကယားပြည်နယ် လွိုင်ကော်ဆေးရုံသို့ လွှဲပြောင်းပို့ဆောင်စဉ် တစ်ဦးထပ်မံသေဆုံးကြောင်း သိရသည်။ (၆၉)

ခြင်ဆေးမီးပွား သတိမထားက စီးပွား၊ ဥစ္စာ ကုန်လိမ့်မည်

အိတ်ဖွင့်လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်သတင်းစာတိုက်ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှရရှိသော စွန့်ပစ်ပစ္စည်းများအား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစနစ်တို့၏ အသေးစိတ်အချက်အလက်များကို ၁၈-၃-၂၀၁၃ ရက်မှ ၂၀-၃-၂၀၁၃ ရက်အထိ နေ့စဉ် ၁၀း၀၀ နာရီမှ ၁၄း၀၀ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၀-၃-၂၀၁၃ ရက် ၁၄း၀၀ နာရီမှ ၁၅း၀၀ နာရီအတွင်း နေပြည်တော်သတင်းစာတိုက်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ပါရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အဆိုပါစွန့်ပစ်ပစ္စည်းအမျိုးအမည်၊ အရေအတွက်နှင့်ပစ္စည်းမျက်မြင်အခြေအနေအားကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက နေပြည်တော်သတင်းစာတိုက်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၆၇-၃၆၁၁၀ တို့ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်လေလံခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
နေပြည်တော်သတင်းစာတိုက်
ဇေယျာသီရိမြို့နယ်၊ နေပြည်တော်

Hotel Restaurant Aircon Express
APR 13 / APR 12 / APR 12
653575 Ext: 211 / 09 421014940

GOLDEN STAR Travels & Tours
☆ ရွှေစက်တော်၊ ပုဂံ-ပုပ္ပါး Mar22,Apr12
☆ မုံရွာ-အလောင်းတော်ကဿပ Mar22,Apr12
☆ မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း-မုံရွာ Mar22,Apr12
☆ တောင်ကြီး-အင်းလေး-ပင်းတယ Mar22,Apr12
☆ ပုဂံ-ပုပ္ပါး-တောင်ကြီး-အင်းလေး-ပင်းတယ Apr12
☆ မန္တလေး-ပြင်ဦးလွင်-လားရှိုး-မူဆယ်-ရွှေလီ Apr12
Ph: 209200, 544383, 430480, 703448, 09-5081580

Hong Kong Special Promotion
ချမ်းမြေ့ပျော်ရွှင် ဟောင်ကောင် ခရီးစဉ်
(၃ ညအိပ် ၄ရက်) (13 - 20 Apr) (Hotel 4 Star)
Nice Fare Travel Co.,Ltd.

09-73159071
09-49330287
Mar-23,Apr-12
(၁၀)ရက် Apr-12
(၅)ရက် Mar-22,Apr-12
GUEST HOUSE PACKAGE
Mar-15,22,24,25

ဇိမ်ခံဝင်းနှင့်ချောင်းရင်းများ
ကျိုက်ထီးရိုး - ချောင်းသာ(နေ့စဉ်)
▲ ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ ခရီးစဉ်
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံ၊ ထန့်ဆန်းဂူ ခရီးစဉ်
▲ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ ဘုရားစုံဖူး ခရီးစဉ်
▲ မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ ခရီးစဉ်
▲ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ၊ နွားလပို့တောင် ခရီးစဉ်
▲ အလောင်းတော်ကဿပ ခရီးစဉ်
မန်းရွှေစက်တော်ဘုရားပွဲသို့ SCANIA Busများဖြင့်စတင်ထွက်ခွာနေပြီ။
249871, 255553, 389611, 09-5137245

S.I.R Summer Rock Show
ထွက်ပြီ

Journal The Oasis

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅ CG)၊ မြေကွက်အမှတ်(၁၁၄၁)၊ မြေကွက်တည်နေရာ အမှတ်(၂၅)၊ ဓမ္မပါလလမ်း၊ ဆရာစံ/တောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ (ဒေါ်သန်းရှိန်) အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် (မိခင်) ဒေါ်သန်းရှိန်၊ (ဖခင်) ဦးလှဒင် ကွယ်လွန်သဖြင့် ဒေါ်သန်းသန်းဌေး [၁၂/ဗဟန(နိုင်)၀၆၂၁၅၃]က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ/သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်/ကျွန်မတို့၏သားဖြစ်သူ မောင်ရဲမိုးလွင် [၁/ကမန(နိုင်) ၀၄၃၆၀၈]သည် မိဘနှင့် မိသားစုများ ခွင့်မလွှတ်နိုင်သောကိစ္စများ ပြုလုပ်၍ အိမ်မှ ထွက်သွားသည့်အတွက် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါရန်)

မိဘများ
ဦးဟန်စိုးဌေး(ခ) ဦးဖိုးသား
[၁/မကန(နိုင်)၀၁၇၁၅၇]
ဒေါ်အေးအေးသင်း
[၁/မညန(နိုင်)၁၁၀၀၀၃]
ဖားကန့်မြို့နယ်ခွဲ၊ ဆိပ်မူအုပ်စု

သရုပ်ဆောင် ဝီလ်စမစ်သ်နှင့် သားဖြစ်သူ ဂျေဒန်စမစ်သ်တို့ ပါဝင်ထားသော စိတ်ကူးယဉ်သိပ္ပံဇာတ်ကားသစ် ထွက်ရှိ

ကိုလံဘီယာ ရုပ်ရှင်ထုတ်လုပ်ရေးမှ ဇွန် ၇ ရက်တွင် စတင်ဖြန့်ချိမည့် "After Earth" အမည်ရှိစိတ်ကူးယဉ်သိပ္ပံဇာတ်ကားကို တွဲဖက်ဇာတ်ညွှန်းရေးဆရာနှင့် ဒါရိုက်တာအဖြစ် ဒါရိုက်တာ အမ်နိုက်ရှယာမန်လန်က ရိုက်ကူးပုံဖော်ပေးထားပြီး သရုပ်ဆောင် ဝီလ်စမစ်သ်နှင့် သားဖြစ်သူ ဂျေဒန်စမစ်သ်တို့က အဓိကသရုပ်ဆောင်များအဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။

ယင်းဇာတ်ကားတွင် မကြာမီကာလတွင် လူသားများ နေထိုင်ရာ ကမ္ဘာဂြိုဟ်ပေါ်သို့ ကပ်ဆိုးတစ်ခုရုတ်တရက်ကျရောက်လာပြီး ကမ္ဘာမြေပေါ်တွင် လူသားများဆိတ်သုဉ်းသွားပြီး ကမ္ဘာဂြိုဟ်ကြီးသည် ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုအနေဖြင့်သာ ကျန်ရှိခဲ့သည်။ ထိုအခါ ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ်ပေါင်းများစွာကွာဝေးသည့် ဂြိုဟ်တစ်ခုပေါ်တွင် Ranger Crops အမည်ရှိ အဖွဲ့က လူသားအဖွဲ့အစည်းတစ်ရပ်ကို ထူထောင်ပြီး လူသားများကို ဆက်လက်ရှင်သန်စေခဲ့သည်။

နောင်နှစ်ပေါင်းတစ်ထောင်ခန့်ကြာသောအခါ ယင်းအဖွဲ့မှ ခေါင်းဆောင် ဗိုလ်ချုပ်ဆိုက်ဖာရိန့်ချ်အဖြစ် သရုပ်ဆောင်မင်းသားဝီလ်စမစ်သ်က ဇနီးသည်ဖြစ်သူ၏ အကြံပေးချက်အရ သားငယ်ကိုခေါ်ဆောင်ကာ အာကာသယာဉ်တစ်စင်းဖြင့် ကမ္ဘာဂြိုဟ်သို့ ခရီးနှင်ခဲ့ကြသည်။ အဆိုပါအာကာသယာဉ်သည် မမျှော်လင့်ဘဲ ဂြိုဟ်သိမ်လမ်းကြောင်းတစ်ခုအတွင်းသို့ ဝင်ရောက်ကာ ကမ္ဘာဂြိုဟ်ကို ဝင်တိုက်မိခဲ့ပြီး ဖခင်ဖြစ်သူ ဝီလ်စမစ်သ်နှင့် သားငယ်ဖြစ်သူ ဂျေဒန်စမစ်သ် တို့သည် ထိုအန္တရာယ်များသော ခရီးရှည်ကြီးကို မည်သို့မည်ပုံရင်ဆိုင်ရင်း အိမ်အပြန်လမ်းတွင် မည်သည့်အခက်အခဲများ ကြုံတွေ့ရဦးမည်ကို စိတ်ဝင်စားဖွယ် ဆက်လက်ကြည့်ရှုကြရမည့် ဇာတ်ကားကောင်းတစ်ကားပင်ဖြစ်သည်။

ဆောင်းဟေကျိုပါဝင်သရုပ်ဆောင်ထားသည့် အချစ်ဒရာမာဇာတ်ကားသစ် တောင်ကိုရီးယားတွင် စတင်ပြသ

တောင်ကိုရီးယား ရုပ်ရှင်သရုပ်ဆောင် ဆောင်းဟေကျိုက ကိုရီးယားရုပ်သံလိုင်းတစ်ခုဖြစ်သည့် အက်စ်ဘီအက်စ်ရုပ်သံလိုင်းတွင် ဖေဖော်ဝါရီ ၁၃ ရက်မှစတင်ပြသခဲ့သော That Winter, the Wind Blows ဇာတ်ကားတွင် မင်းသား ဂျိုအင်ဆောင်းနှင့် အလွန်အတွဲညီစွာဖြင့် အဆင်ပြေပြေ သရုပ်ဆောင်နိုင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၁၄ ရက်က တောင်ကိုရီး ယားနိုင်ငံဆိုးလ်မြို့၌ ကျင်းပသည့် အဆိုပါဇာတ်ကား၏ စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

"မင်းသား ဂျိုအင်ဆောင်းနဲ့ ကျွန်မက သိနေခဲ့တာကြာပါပြီ။ ဒါပေမယ့် ဇာတ်ကားတွဲရိုက်တာရှားပါတယ်။ အခု အလုပ်အတူတူလုပ်ကြည့်မှ သူဟာ တက်ကြွသွက်လက်ပြီး စိတ်လှုပ်ရှားလွယ်တဲ့ အနုပညာရှင်တစ်ယောက်ဆိုတာ သိလာရပါတယ်။ ဒီဇာတ်ကားဟာ စိတ်အာရုံကို အရမ်းနှစ်ထားရတဲ့ ဇာတ်ကားတစ်ကားပါ။ တစ်ခါတလေ အာရုံလွတ်သွားတာတွေကိုလည်း သူက ကျွန်မကိုပြန်ထိန်းပေးပါတယ်။ ကျွန်မသူနဲ့အလုပ်လုပ်ရတာပျော်ပါတယ်။ ကျွန်မကို အကူအညီတွေအများကြီးပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်" ဟု သရုပ်ဆောင်ဆောင်းဟေကျို က ပြောကြားခဲ့သည်။

အဆိုပါ That Winter,the Wind Blows ဇာတ်ကားသည် ယခုနှစ်အတွင်းမှ ထွက်ရှိလာခဲ့သော ကိုရီးယား အချစ်ဒရာမာဇာတ်မြူးဇာတ်ကားတစ်ကားဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး ဆုံတွေ့ခဲ့ကြပြီးမှ အချစ်၏ အဓိပ္ပာယ်အစစ်အမှန်ကို ရှာဖွေရန် ပြန်လည် ခွဲခွာခဲ့ကြပြီး စိတ်ထိခိုက်ခဲ့ရသော လူနှစ်ဦးအကြောင်းကို ဇာတ်အိမ်ဖွဲ့ပုံဖော်ထားသော ဒရာမာဇာတ်ကားတစ်ကားဖြစ်သည်။

ယင်းဇာတ်ကားတွင် သရုပ်ဆောင် ဂျိုအင်ဆောင်းနှင့် ဆောင်းဟေကျိုတို့က အဓိက ပါဝင်သရုပ်ဆောင်ထားကြကြောင်း သိရသည်။

ဖြိုးစန္ဒာမြင့်
....
စုစည်းရေးသားသည်

F4 မင်းသား လီမင်ဟို၏ အယ်လ်ဘမ်အသစ်နှင့် ကမ္ဘာလှည့်ဂီတဖျော်ဖြေပွဲ မေလတွင်စတင်မည်

၂၀၀၉ ခုနှစ်က ထွက်ရှိခဲ့သည့် Boys over flowers ဇာတ်ကားမှ ပရိသတ်အကြား ရေပန်းစားလူကြိုက်များလာခဲ့သူ ကိုရီးယားကြယ်ပွင့်သရုပ်ဆောင် လီမင်ဟိုက မေလအတွင်း ၎င်း၏ ပထမဆုံးအယ်လ်ဘမ်အသစ်ထွက်ရှိမည်ဖြစ်ပြီး ယင်းလအတွင်း၌ပင် ၎င်း၏ ကမ္ဘာလှည့်ဂီတဖျော်ဖြေပွဲ ခရီးစဉ်ကို စတင်မည်ဖြစ်ကြောင်း သရုပ်ဆောင် လီမင်ဟို၏ အေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

လီမင်ဟိုသည် အဆိုပါ တေးအယ်လ်ဘမ်အတွက် အချိန်နှစ်နှစ်ကြာ ပြင်ဆင်ခဲ့ရပြီး ၎င်း၏ မလှုပခဲ့သော အတိတ်ဇာတ်ကြောင်းများက ယင်းအယ်လ်ဘမ်ကို တစ်မူထူးခြားသော တေးအယ်လ်ဘမ်တစ်ခု ဖြစ်လာစေခဲ့ကြောင်း သိရသည်။

"ကျွန်တော့်ရဲ့ အဓိကပန်းတိုင်က ထူးချွန်တဲ့သရုပ်ဆောင်ကောင်းတစ်ယောက်ဖြစ်ဖို့နဲ့ တစ်ခါတစ်ရံမှာ ကျွန်တော့်ရဲ့ ပင်ကိုယ်စွမ်းရည်ကို အသုံးချပြီး အဆိုတော်တစ်ဦးဖြစ်ဖို့ပါ၊ အခုဆိုရင် ကျွန်တော့်ကို အားပေးတဲ့ ပရိသတ်တွေအတွက် ရုပ်ရှင်သရုပ်ဆောင်တစ်ဦးအဖြစ် သာမကဘဲ အဆိုတော်တစ်ဦးအဖြစ်ပါ သီချင်းတွေ ဆိုပြခွင့်ရတာဟာ ကျွန်တော်က ပရိသတ်ကို ပေးလိုက်တဲ့ လက်ဆောင်ပါပဲ" ဟု လီမင်ဟိုက ပြောကြားခဲ့သည်။

သရုပ်ဆောင် လီမင်ဟိုသည် ပရိသတ်များနှင့် တွေ့ဆုံတိုင်း သီချင်းများသီဆိုရန် တောင်းဆိုမှုများအပေါ် အချိန်ယူစဉ်းစားခဲ့ပြီးမှ အဆိုပါအယ်လ်ဘမ်ကို ထုတ်ဝေရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအယ်လ်ဘမ်နှင့် မကြာမီသွားရောက်မည့် ကမ္ဘာလှည့်ဂီတဖျော်ဖြေပွဲမှ ရရှိမည့် အကျိုးအမြတ်များကိုလည်း ပရဟိတလုပ်ငန်းများသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း အေဂျင်စီ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

လီမင်ဟို၏ ကမ္ဘာလှည့်ဂီတ ဖျော်ဖြေရေး ခရီးစဉ်သည် အယ်လ်ဘမ် စတင်ထွက်ရှိသည့် မေလတွင် ကိုရီးယားမှ စတင်ကာ ထိုင်ဝမ်၊ တရုတ်၊ ဂျပန်နှင့် ဖိလစ်ပိုင် နိုင်ငံများသို့ သွားရောက်ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

သရုပ်ဆောင် လီမင်ဟို။

H.A.L TRAVELS
09-49215713
ချောင်းသာ (နေ့စဉ်)
ကျိုက်ထီးရိုး – ငွေဆောင် (သောကြာ)
09-420183444, 09-73040151

BLT Air-Con Express
ကျိုက်ထီးရိုး 9000
ချောင်းသာ 9000
09-73163534, 09425033245

ငွေဆောင်သကြန်
စရိတ်ငြိမ်း
110000/
0949270297,09421078600

ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ်-၅၉(ပ)ထပ်၊ အခန်းအမှတ်(၃) ပေ(၁၂½×၆၀) နေအိမ်တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို ဦးထင်ကျော်အောင်[၁၂/ဗတထ(နိုင်)၀၀၀၆၆၇]၏ ကိုယ်စား ဦးသက်လွင်အောင် [၁၂/ဗတထ(နိုင်)၀၀၀၆၆၉]ထံမှ ကျွန်မ ဒေါ်တင်တင်ဌေးက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။
ဒေါ်တင်တင်ဌေး
ဖုန်း-၀၉-၅၀၄၂၉၆၃

ရွှေဥဒေါင်းမင်း
09421152677, 09421122687
Mar 25

TANGO
Ph : 01- 382394, 09-73109637

* ကိုရီးယား-ဆိုးလ်-ဂျယ်ဂျူး-ဘူဆန်-နာမီ	(၈)ရက်	1950 USD	April10
* စင်္ကာပူ-မလေးရှား-ဂျင်တင်း	(၈)ရက်	1350 USD	April12
* ဘန်ကောက်-ပတ္တရား-အယုဒ္ဓယ	(၆)ရက်	730 USD	April12
* အင်ဒိုနီးရှား-ဘာလီ-ဘောဒေါ်ဘွဒို-ဂျာကာ	(၇)ရက်	1500 USD	April10
* ကမ္ဘောဒီးယား-အန်ကောဝပ်-ဖနွမ်ပင်	(၄)ရက်	550 USD	April12
* ဘန်ကောက်-ပတ္တရား-အန်ကောဝပ်-ဆီရမ်ရိ	(၆)ရက်	1050 USD	April11

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200,430480,544383

ရွှေနဂါး
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
Ph. 209077,09-731 67000
209388,09-731 68000

ကမ်းခြေသင်္ကြန်
ငပလီ/ချောင်းသာ အထူးခရီးစဉ်
၁၂ ရက်နေ့ည ထွက်မည်။ စရိတ်ငြိမ်း
အမှတ်(၃၂)၊ ဦးဖိုးထူးလမ်းနှင့် သာဓုလမ်းထောင့်၊ ကြည့်မြင်တိုင်မြို့နယ်။
Ph-09 420273012, 09 402533214, 09 85984936

ဂျာနယ်စစ်စစ်
ဖတ်ချင်သူများအတွက်
RIGHT TIME

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မဟာဂန္ဓာရီသမားကြီး အဘမင်းသိခ်၏
မဟာဂန္ဓာရီ(၁၇)နှစ်မြောက် အမှတ်တရ ဆောင်းပါးကြီး
ဘိုးမင်းခေါင်၏ မကောင်းသော ဂြိုဟ်စီးဂြိုဟ်နင်းနှင့် မကောင်းသော နက္ခတ်များ ဖွဲ့မိုးခြင်းမှ ကာကွယ်နိုင်သော နည်းလမ်းမြတ်များ
ဘိုးမင်းခေါင် ပြောတဲ့ ဝိဇ္ဇာဖြစ်နည်းနိဿယ
ထွက်ပြီ
နတ်သားနတ်သမီးတွေ တကယ်ရှိသလား....

ဦးဇင်မင်းလတ်[B.E(Electronic),Project Engineer,Singapore]
ဒေါ်သက်သက်နိုင် [D.H.E(UK),P.G.D.B.A(Singapore),P.G.D.G.E(Yangon University),B.Sc(Chem)]
တို့ဦးစီးတည်ထောင်သော
FUTURE BRIGHT STAR
Education Center
၅-၆-၇-၈-၉-၁၀ (တက္ကသိုလ်ဝင်တန်း)
အဆင့်မြင့်သီးသန့် စာသင်/စာကျက်ဝိုင်းနှင့်ဘော်ဒါ
ကိုယ်ပိုင်စာသင်ကျောင်း
Dr. မင်းထက်B.A(Hons),M.A,Ph.D(Myanmar)
B.A(English); Dip.English Language Teaching
[B.Sc (Hons:) M.Sc (Maths:)F1]
[B.Sc (Chemistry),D.C.G.H]
(B.E,Electronic)
Dr. (M.B.B.S)(The Best Biology)
B.Ed
အမှတ် ၂၄၇/၂၄၉ (၅-လွှာ) (A)၊ United Condo၊ ဗိုလ်မြတ်ထွန်းလမ်း(အထက်)၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဒေါ်သက်သက်နိုင်- ၀၉ ၅၁၁၂၅၁၈၊ ၀၉ ၄၅၀၀၃၆၆၁၉

ရင်ခုန်ဖွယ်မြင်တွေ့ရမည့်
ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်များ

နိုင်လင်းကြည်

ဥရောပဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်များကို မဲခွဲဆုံးဖြတ်ခဲ့ပြီးနောက် ဧပြီ ၂ ရက်၊ ၃ ရက်နှင့် ၉ ရက်၊ ၁၀ ရက်များတွင် ယှဉ်ပြိုင်ကစားတော့မည်ဖြစ်ရာ ယင်းကွာတားဖိုင်နယ်ပွဲစဉ်တွင် စပိန်လာလီဂါရပ်ဝန်းကိုလွှမ်းမိုးထားသည့် ဘာစီလိုနာအသင်းသည် ပါရီအခြေစိုက် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီနှင့် ထိပ်တိုက်ဆုံတွေ့မည်ဖြစ်သည်။

ပထမအကျော့အဖြစ် ဘာစီလိုနာအသင်းသည် ပီအက်စ်ဂျီအိမ်ကွင်းသို့ သွားရောက်ကစားရမည်ဖြစ်ပြီး ချန်ပီယံလိဂ်ပွဲစဉ်များကစားခဲ့တိုင်း အဝေးကွင်းတွင် ခက်ခဲစွာကျော်ဖြတ်ရပြီး အိမ်ကွင်းတွင်အကောင်းဆုံးခြေစွမ်းပြကစားနိုင်စွမ်းရှိသည့် ဘာစီလိုနာအသင်းသည် (၁၆)သင်းအဆင့် ပထမအကျော့တွင် အေစီမီလန်၏ ဆန်စီရိုကွင်းကြီး၌ နှစ်ဂိုးပြတ်ဖြင့်ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယအကျော့အဖြစ် နူးကမ့်၌ ယှဉ်ပြိုင်ကစားခဲ့ရာ လေးဂိုးပြတ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည့်အပြင် မက်ဆီ၊ ဒေးဗစ်ဗီလာ၊ ဂျော်ဒီအယ်လ်ဘာ၊ ပူယိုးလ်စသည့် ကစားသမားများ ခြေစွမ်းတည်ငြိမ်မှုရှိနေခြင်းကြောင့် ဘာစီလိုနာအသင်းအနေဖြင့် ပီအက်စ်ဂျီနှင့်တွေ့ဆုံခဲ့ခြင်းသည် ဆီမီးဖိုင်နယ်အတွက် မျှော်လင့်ချက်ဟု ဆိုရမည်ဖြစ်သည်။

သို့ရာတွင် ပီအက်စ်ဂျီအသင်းသည် နောက်ဆုံးခြောက်ပွဲကစားခဲ့ရာတွင် လေးပွဲနိုင်၊ တစ်ပွဲရှုံး၊ တစ်ပွဲသရေရလဒ်ဖြင့် ပြိုင်ပွဲတိုင်းနီးပါးကို အကောင်းဆုံးရလဒ်အဖြစ် ဖန်တီးနိုင်စွမ်းရှိနေသည်။ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ရှိနေခြင်းသည် အသင်းအတွက် ဂိုးရရှိရေးသေချာနေသည်။ ထို့အပြင်(၁၆)သင်းအဆင့်တွင် စပိန်ကလပ်ဗလင်စီယာအသင်းနှင့် ဆုံတွေ့စဉ်ကလည်း ပထမအကျော့တွင် နှစ်ဂိုး-တစ်ဂိုး၊ ဒုတိယအကျော့တွင် တစ်ဖက်တစ်ဂိုးစီ သရေ နှစ်ကျော့ပေါင်းရလဒ်သုံးဂိုး-တစ်ဂိုးဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်လာသည့်အသင်းဖြစ်၍ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်တွင် ဘာစီလိုနာကိုအကောင်းဆုံးပုံစံဖြင့် ပွဲထွက်ကစားလာမည်လည်းဖြစ်သည်။

စပယ်ရှယ်ဝမ်းမော်ရင်ဟို၏ ရီးယဲလ်မက်ဒရစ်အသင်းကတော့ တူရကီရဲ့ ထိပ်တန်းအဆင့်ရှိ ဂါလာတာစာရေးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် ပေါ်တူဂီကြယ်ပွင့် စီရိုနယ်ဒို၏ ဦးဆောင်မှုနှင့်အတူ အိမ်ကွင်းဘာနေဗျူး၌ ဂါလာတာစာရေးအသင်းကို အနိုင်ကစားကာ ဆီမီးဖိုင်နယ်တက်ရောက်ရေးစွမ်းဆောင်လာမည်ဖြစ်သည်။ လက်ရှိရီးယဲလ်မက်ဒရစ်အသင်းတွင် ဂိုးသမားကာစီးယက်စ်ဒဏ်ရာရနေသည်ကလွဲ၍ လူစုံထုတ်ကစားနိုင်ပြီး စပါးအသင်းမှ ခေါ်ယူထားသည့် လူကာမိုဒရစ်သည်လည်း ကွင်းလယ်တွင် အကောင်းဆုံးခြေစွမ်းရရှိနေ၍ ရီးယဲလ်မက်ဒရစ်အတွက် ဂါလာတာစာရေးကို အကောင်းဆုံးကစားကွက်ဖြင့် ကျော်ဖြတ်လာနိုင်သည်။

သို့ရာတွင် ချန်ပီယံလိဂ်၏ ကံကြမ္မာအလှည့်အပြောင်းနှင့်အတူ ယခုနှစ် ချန်ပီယံလိဂ်တွင် ဂါလာတာစာရေးအသင်းသည်လည်း လျှော့တွက်၍ မရတော့ပေ။ ယင်းမှာ အင်တာမီလန်မှ ခေါ်ယူထားသည့် ကွင်းလယ်ကစားသမားရှနိုက်ဒါနှင့် ချယ်လ်ဆီးတိုက်စစ်မှူးဟောင်း ဒရော့ဘာတို့ရှိနေသည့်အပြင် (၁၆) သင်းအဆင့်တွင်လည်း ဂျာမန်ဘွန်ဒက်လီဂါကလပ် ရှော်ကေးအသင်းကို နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရရှိကာ ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်သို့ တက်လာခဲ့သည့်အသင်းဖြစ်၍ ရှနိုက်ဒါနှင့် ဒရော့ဘာတို့ကို ထိန်း ချုပ်နိုင်မည့်ကစားကွက်ဖြင့် နည်းပြကြီးမော်ရင်ဟို ရီးယဲလ်မက်ဒရစ်ကို ပုံဖော်နိုင်မှသာ ဆီမီးဖိုင်နယ်အခွင့်အရေးအတွက် အလားအလာကောင်းမည်ဖြစ်သည်။

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်တွင် စိတ်ဝင်စားဖွယ်အကောင်းဆုံးဖြစ်လာမည့် ပွဲစဉ်ကတော့ မြူးနစ်မြို့၏ အလိုင်းရန့်အရီနာမှာ ပထမအကျော့အဖြစ် စတင်ဆုံတွေ့မည့် ဘိုင်ယန်မြူးနစ်အသင်းနှင့် လက်ရှိအီတလီစီးရီးအေချန်ပီယံ ဂျူဗင်တပ်တို့၏ ပွဲစဉ်ပင်ဖြစ်သည်။ ဘိုင်ယန်မြူးနစ်အသင်း၏ လက်ရှိခြေစွမ်းပိုင်းက ကြောက်မက်ဖွယ်ကောင်းနေခဲ့သည်။ ယင်းမှာ ပြီးခဲ့သည့်နှစ်က ဖလားလက်မဲ့ဖြစ်ခဲ့ခြင်းကြောင့် ယခုနှစ်တွင် ဂျာမန်ဘွန်ဒက်လီဂါဖလားကို (၂၃)ကြိမ်မြောက်အဖြစ် ကိုင်မြှောက်ကာ ဘွန်ဒက်လီဂါ၏ နှစ်(၅၀)ပြည့်တွင် အောင်ပွဲခံရန် ကြိုးပမ်းလျက်ရှိရာ အောင်မြင်မှုလက်တစ်ကမ်းသာ လိုတော့သည့်အပြင် သောမက်မူလာ၊ မန်ဇူကစ်၊ ရီဘာရီ၊ ရော်ဘင်စသည့် ဝါရင့်ကစားသမားများ၏ ခြေစွမ်းဖြင့်(၁၆)သင်းအဆင့်တွင် အာစင်ဝင်းဂါး၏ အာဆင်နယ်အသင်းကို နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-သုံးဂိုးဖြင့် သရေပွဲဖြစ်အောင်ကစားနိုင်ခဲ့ပြီး အဝေးကွင်းသွင်းဂိုးအသာဖြင့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်သို့ တက်ရောက်လာခြင်းဖြစ်သည်။ နှစ်စဉ်လိုလို ချန်ပီယံလိဂ်ဝင်ခွင့်အတွက် သေချာနေသည့် ဘိုင်ယန်မြူးနစ်မှာ ပြီးခဲ့သည့်နှစ်က ဥရောပပြိုင်ပွဲကြီးကို နောက်ဆုံးအဆင့်တွင် မကျော်ဖြတ်နိုင်ခဲ့၍ချန်ပီယံလိဂ်ဖလားနှင့်လွဲခဲ့ရသည်။ထို့ကြောင့် ဂျူဗင်တပ်အသင်းကို အနိုင်ကစားကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ရေးကြိုးပမ်းလာမည်ဖြစ်သည်။

သို့သော် ပြိုင်ဘက်အသင်း ဂျူဗင်တပ်၏ ခြေစွမ်းပိုင်းကိုလည်း လျှော့တွက်၍မရပေ။ စီးရီးအေတွင် လက်ရှိချန်ပီယံဖြစ်သည့်အပြင် (၁၆)သင်းအဆင့်ပြိုင်ပွဲတွင်လည်း စကော့တလန်ကလပ် ဆဲလ်တစ်အသင်းကို နှစ်ကျော့ပေါင်း ငါးဂိုးပြတ်ရလဒ်ဖြင့် အနိုင်ရကာ ကွာတားဖိုင်နယ်သို့ တက်ရောက်လာသည့်အသင်းဖြစ်သည်။

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်၏ အခြားပွဲစဉ်တစ်ပွဲမှာ စပိန်လာလီဂါကလပ် မာလာဂါအသင်းနှင့် ဂျာမန်ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းတို့ ထိပ်တိုက်ဆုံတွေ့မည်ဖြစ်ပြီး ဆီမီးဖိုင်နယ်တက်ရောက်နိုင်မည့် အသင်းများအဖြစ် ဘာစီလိုနာ၊ ပီအက်စ်ဂျီ၊ ဘိုင်ယန်မြူးနစ်နှင့် ရီးယဲလ်မက်ဒရစ်တို့ ရေပန်းစားနေသော်လည်း ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့်သို့ အကောင်းဆုံးခြေစွမ်း၊ အကောင်းဆုံးရလဒ်များနှင့်အတူ ဘယ်အသင်းတက်လှမ်းလာမည်လဲဆိုတာစိတ်ဝင်စားဖွယ်စောင့်ကြည့်ကြရဦးမည်ဖြစ်သည်။ ။

(၅၁)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေဖေနှင့် ချစ်မာမီတို့၏ (၁၇)ရက်တွင် ကျရောက်သော မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာ မိသားစုနှင့်အတူ အလှူရေစက် လက်နှင့်မကွာ လှူဒါန်းသာသနာပြုနိုင်ပါစေကြောင်း ဆုမွန်တောင်းလျက်----

ချစ်သားသမီးများ
- ကိုနိုင်မင်းဦး-မီမီသန်းဌေး
- ကိုကျော်စွာ-မေစီမင်း
- ကေသီမင်း
- ဗိုလ်မှူး ဇော်လွင်ထွန်း-သီတာမင်း
- ကိုဝေမင်းဦး

ချစ်မြေးများ
- ကောင်းပြည့်ကျော်စွာ
- ခင်စံမှီနိုင်
- ဖြိုးသိင်္ဂီ
- ဘုန်းခန့်ကျော်စွာ
- မင်းခန့်ကျော်စွာ

MYANMAR PAGODA CAR RENTAL

ကားမျိုးစုံကို လချုပ်၊ အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။
အမှတ်(၈)၊ ရွှေနှင်းဆီလမ်း၊ မုန့်လက်ဆောင်းရပ်ကွက်၊ စမ်းချောင်း၊ ရန်ကုန်၊ ဖုန်း-၀၁-၅၁၈၃၅၂၊ ၀၉-၄၃၀၈၈၈၁၀၊ ၇၃၀၇၇၀၂၀

JADE Travels & Tours
ချောင်းသာအပန်းဖြေခရီး
နေ့စဉ် (၂ ညအိပ်၊ ၃ ရက်) စား၊ တည်း၊ ငြိမ်း
25.3.2013 - 55000/-
09-73123443,09-5179754,09-43177351

ရွှေအိုးရောင်မွေးနေ့ဆုမွန်

➤ လတပေါင်းရယ်တဲ့ ရွှေရတုမွေးနေ့မှန်မှာ
မင်္ဂလာပါ...ဖေဖေနဲ့မေမေ
အေးမြတဲ့ လအရိပ်မှာနေလို့သော်လည်း
နေခြည်ဒဏ် အလင်းပြန်ဝေဒနာနဲ့
ကံဇာတ်ဆရာ အလိုကျ
ကိုယ့်ဘဝဆီမီး ကိုယ်ထွန်းခဲ့တာ
မွေးနေ့မင်္ဂလာရွှေရတုတိုင်ခဲ့ပေါ့။

➤ အဖေဟာ မေတ္တာပေးတတ်သူ
အမေဟာ အကြင်နာပေးတတ်သူ
သားတို့က အဖေ အမေအရိပ်မှာ ခိုလှုံသူ။

➤ သဒ္ဒါမှန်မှန် ကာရန်လှလှတွေနဲ့
ဘဝမှာ နေသားကျစေဖို့
သားတို့ကို မာတိကာစီပေးခဲ့တာ
ကျေးဇူးအခါခါတင်ပါတယ်။

➤ ဖေဖေ
ရဲမှူးချုပ် သိန်းထွန်း မေမေ ဒေါ်နွေဦးအောင် တို့ရဲ့
မွန်မြတ်တဲ့မွေးနေ့ "မတ်"လမှသည်
နောင်နှစ်များစွာ ချစ် မပြယ်စတမ်း
ပန်းခင်းလမ်းမှာ
သားတို့နဲ့အတူ လျှောက်လှမ်းနိုင်ပါစေ---။

သားကြီး စွမ်းပြည့်
(Swinburne University of Technology)

သားငယ် အားမာန်
(Huddersfield University)

"မင်္ဂလာနှစ်ပတ်လည်ဆုတောင်း"

ချစ်ခင်လေးစားရပါသော ➤
ဘဘ ဒုတိယဗိုလ်ချုပ်ကြီးမင်းသိန်း(ငြိမ်း)နှင့် ဂနီး မာမီဒေါ်ခင်သန်းမြင့်
တို့၏ (17-3-2013)နေ့တွင် ကျရောက်သော မင်္ဂလာနှစ်ပတ်လည်နေ့ရက်မှ သည်
သားသမီး၊ မြေးမြစ်များနှင့် အတူ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် နှစ်ပေါင်းများစွာ ဖြတ်သန်းနိုင်ပါစေ၊

ဦးတင်မောင်ဝင်း+ဒေါ်ခင်ခင်တိုးလှိုင်
(သား)မောင်သော်မင်းနေဒီ၊(သမီး)မရွှန်းမြနေဒီ
Shwe Nagar Slippers & Sandal Manufacturing
(မိသားစု)
ဝေလမ်း၊ ၃၁×၃၂ ကြားလမ်းကြား၊ မန္တလေးမြို့

အလင်းရောင်
Ph : 421061860,421099405,421129597
ရွှေဂုံတော်၊ မကွေး ... 35000/-
(40000/-)
Mar 15/22/25
(35000/-)
(85000/-)
(85000/-) Apr-12/13
(130000/-)

ဝါကာဘို့ရာဇ် (ကားမျိုးစုံငှားသည်)
(Mar-11,15,18,22,24)
25000/-
(Mar-29-20%Dis;)
Package-40000/-
01-501500, 0973257853,09420179479

Asian Diary Travels & Tours Co.,Ltd.
March 23 - 125000/-
3Stars Hotel
March 25,29 - 65000/-
April 11 - 70000/-
Ph : 01-394711, 09-73069568, 09-5120546, 09-5404532, 09-2201196

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
နေ့စား လပေး မူလတန်းပြဆရာ၊ ဆရာမ/ဓာတ်ခွဲခန်းကျွမ်းကျင် (၃)ရာထူး ခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ဆရာလိုအပ်သည့် ကျောင်းများ၌ နေ့စား လပေးမူလတန်းပြဆရာ၊ ဆရာမ/ဓာတ်ခွဲခန်းကျွမ်းကျင်(၃)ရာထူးများတွင် ခန့်ထားရန် အတွက် အောက်ဖော်ပြပါသတ်မှတ်ချက်နှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) နေ့စား လပေးမူလတန်းပြ ဆရာ၊ ဆရာမများအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။
(ဂ) ဓာတ်ခွဲခန်းကျွမ်းကျင်(၃)ရာထူးအတွက် တက္ကသိုလ်တစ်ခုခုမှ သိပ္ပံဘွဲ့ ရသူဖြစ်ရမည်။
(ဃ) လျှောက်ထားသူများသည် ၂၀၁၃ ခုနှစ်၊ ဇွန်လ(၁)ရက်နေ့တွင် အသက် (၄၀)နှစ်ထက်မကြီးသူဖြစ်ရမည်။
(င) နေ့စား လပေး မူလတန်းပြဆရာ၊ ဆရာမများအဖြစ် ရွေးချယ်ခံရသူများ သည် ပထမဆင့်အနေဖြင့် နေ့စား လပေးအဖြစ် ခန့်ထားမည်ဖြစ်ပြီး တာဝန်ကျသည့်ဒေသတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။ ဆရာအတတ်သင် သင်တန်းဆင်းလက်မှတ်ရရှိပြီးပါက မူလတန်းပြဆရာ၊ ဆရာမအဖြစ်ခန့်အပ်မည် ဖြစ်သည်။
(စ) လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်မိတ္တူ(သို့)ဘွဲ့ရကြောင်းထောက်ခံစာ နှင့် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ ပူးတွဲတင်ပြရမည်။ လျှောက်လွှာနှင့်အတူ အထောက်အထားများ ပူးတွဲတင်ပြနိုင်ခြင်းမရှိပါက ၂၀၁၃ ခုနှစ်၊ ဇွန်လ(၃၀)ရက်နောက်ဆုံးထားတင်ပြရမည်။
(ဆ) နေ့စား၊ လပေးမူလတန်းပြ ဆရာ၊ ဆရာမများအဖြစ် လျှောက်ထားသူများ သည် နိုင်ငံတော်မှ ဒေသစရိတ်ခံစားခွင့်ရှိသောမြို့နယ်၊ မြို့နယ်ခွဲ(၁၀၉) ခုမှဖြစ်ပါက တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများလည်း လျှောက် ထားခွင့်ပြုမည်။

၂။ ၂၀၁၃ ခုနှစ်၊ ဧပြီလ(၉)ရက် နံနက်(၀၉း၀၀)နာရီမှ (၁၀း၀၀)နာရီအထိ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံး၏ အစီအစဉ်ဖြင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် အထွေထွေဗဟုသုတ ဆိုင်ရာ(၁)နာရီမေးခွန်း ဖြေဆိုရမည်ဖြစ်ပါသည်။

၃။ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများသို့ ပူးတွဲပါလျှောက်လွှာပုံစံ၊ အထောက် အထားများနှင့်အတူ ၂၀၁၃ ခုနှစ်၊ မတ်လ(၃၁)ရက်ထက် နောက်မကျစေဘဲ လျှောက် ထားနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးရုံး၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးရုံးများတွင် စုံစမ်းနိုင်ပါ သည်။

ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
နေ့စား လပေး မူလတန်းပြ ဆရာ၊ ဆရာမ/ဓာတ်ခွဲခန်းကျွမ်းကျင်(၃)ရာထူး ခန့်ထားရေးအတွက် ဆန္ဒပြုလွှာ

ဓာတ်ပုံ

၁။ အမည် ------------------------------
၂။ နိုင်ငံသားစိစစ်ရေးအမှတ် ------------------------------
၃။ အဘအမည်နှင့်နေရပ်လိပ်စာ ------------------------------
၄။ ပညာအရည်အချင်း ------------------------------
၅။ မွေးသက္ကရာဇ်/အသက် ------------------------------
၆။ လူမျိုး/ဘာသာ ------------------------------
၇။ မွေးဖွားရာဇာတိ ------------------------------
၈။ ဇနီး၊ ခင်ပွန်းအမည်နှင့်နေရပ်လိပ်စာ ------------------------------
၉။ ဆက်သွယ်ရန်လိပ်စာ/ဖုန်းနံပါတ် ------------------------------
၁၀။ အမြဲတမ်းနေရပ်လိပ်စာ ------------------------------
၁၁။ တာဝန်ထမ်းဆောင်လိုသည့်နေရာ-

ကျောင်း/ရုံး	မြို့နယ်	ခရိုင်	တိုင်းဒေသကြီး/ပြည်နယ်
(၁)	(၁)	(၁)	(၁)
(၂)	(၂)	(၂)	(၂)
(၃)	(၃)	(၃)	(၃)
(၄)	(၄)	(၄)	(၄)
(၅)	(၅)	(၅)	(၅)

၁၂။ မည်သည့်ဒေသမဆိုသွားရောက်တာဝန်ထမ်းဆောင်နိုင်ခြင်းရှိ/မရှိ----------

လက်မှတ် -------------
အမည် -------------

မှတ်ချက်။ ပညာအရည်အချင်းတွင် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် ဘွဲ့ လက်မှတ်မိတ္တူများပူးတွဲတင်ပြရန်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
နေ့စား လပေး အထွေထွေလုပ်သားရာထူး(အမျိုးသားများသာ) ခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာကျောင်း/ ရုံးများတွင် နေ့စား လပေး အထွေထွေလုပ်သား ရာထူးနေရာခန့်ထားရန်အတွက် အောက်ဖော်ပြပါ သတ်မှတ် ချက်နှင့်ကိုက်ညီသူ (အမျိုးသား)များ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်သူဖြစ်ရမည်။ (ခန့်ထားခံရသူများသည် မူလတန်းစာပေးစာယူ သင်တန်းသို့ တက်ရောက်ရမည်။)
(ဂ) ၂၀၁၃ ခုနှစ်၊ ဇွန်လ (၁)ရက်နေ့တွင် အသက်(၄၀)နှစ်ထက်မကြီးသူ ဖြစ်ရမည်။
(ဃ) လျှောက်လွှာနှင့်အတူ အောင်လက်မှတ်မိတ္တူ ပူးတွဲတင်ပြရမည်။ အောင် လက်မှတ်မိတ္တူမရှိပါက သက်ဆိုင်ရာ ကျောင်းအုပ်ကြီး၏ ထောက်ခံချက် ပါရှိရမည်။ လျှောက်လွှာနှင့်အတူ အထောက်အထားများကို ပူးတွဲ တင်ပြနိုင်ခြင်းမရှိပါက ၂၀၁၃ ခုနှစ်၊ ဇွန်လ (၃၀)ရက် နောက်ဆုံးထား၍ တင်ပြရမည်။

၂။ ၂၀၁၃ ခုနှစ်၊ ဧပြီလ(၉)ရက် နံနက်(၀၉း၀၀)နာရီမှ(၁၀း၀၀)နာရီအထိ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံး၏ အစီအစဉ်ဖြင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် အထွေ ထွေဗဟုသုတဆိုင်ရာ (၁)နာရီမေးခွန်းဖြေဆိုရမည် ဖြစ်ပါသည်။

၃။ မိမိနှင့်သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများသို့ ပူးတွဲပါ လျှောက်လွှာပုံစံ၊ အထောက်အထားများနှင့်အတူ ၂၀၁၃ ခုနှစ်၊ မတ်လ(၃၁)ရက်ထက် နောက်မကျ စေဘဲ လျှောက်ထားနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံး၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးရုံးများတွင် စုံစမ်းနိုင် ပါသည်။

ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
နေ့စား လပေး အထွေထွေလုပ်သားရာထူး (အမျိုးသားများသာ) ခန့်ထားရေးအတွက်ဆန္ဒပြုလွှာ

ဓာတ်ပုံ

၁။ အမည် ------------------------------
၂။ နိုင်ငံသားစိစစ်ရေးအမှတ် ------------------------------
၃။ အဘအမည်နှင့်နေရပ်လိပ်စာ ------------------------------
၄။ ပညာအရည်အချင်း ------------------------------
၅။ မွေးသက္ကရာဇ်/အသက် ------------------------------
၆။ လူမျိုး/ဘာသာ ------------------------------
၇။ မွေးဖွားရာဇာတိ ------------------------------
၈။ ဇနီး၊ ခင်ပွန်းအမည်နှင့်နေရပ်လိပ်စာ ------------------------------
၉။ ဆက်သွယ်ရန်လိပ်စာ/ဖုန်းနံပါတ် ------------------------------
----
၁၀။ အမြဲတမ်းနေရပ်လိပ်စာ ------------------------------
၁၁။ တာဝန်ထမ်းဆောင်လိုသည့်နေရာ-

ကျောင်း/ရုံး	မြို့နယ်	ခရိုင်	တိုင်းဒေသကြီး/ပြည်နယ်
(၁)	(၁)	(၁)	(၁)
(၂)	(၂)	(၂)	(၂)
(၃)	(၃)	(၃)	(၃)
(၄)	(၄)	(၄)	(၄)
(၅)	(၅)	(၅)	(၅)

၁၂။ မည်သည့်ဒေသမဆိုသွားရောက်တာဝန်ထမ်းဆောင်နိုင်ခြင်းရှိ/မရှိ----------

လက်မှတ် ---------------
အမည် ---------------

မှတ်ချက်။ ပညာအရည်အချင်းတွင် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ ပူးတွဲ တင်ပြရန်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
နေ့စား လပေး
အငယ်တန်းစာရေးရာထူးခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာကျောင်း/ရုံးများအတွက် နေ့စား လပေး အငယ်တန်းစာရေး ရာထူးခန့်ထားရန်အတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်နှင့် ကိုက်ညီသူ(အမျိုးသား၊ အမျိုးသမီး)များ လျှောက်ထားနိုင်သည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ဖြစ်ရမည်။
(ဂ) ၂၀၁၃ ခုနှစ်၊ ဇွန်လ(၁)ရက်နေ့တွင် အသက်(၄၀)နှစ်ထက် မကြီးသူ ဖြစ်ရမည်။
(ဃ) လျှောက်လွှာနှင့်အတူ အောင်လက်မှတ်မိတ္တူ ပူးတွဲတင်ပြရမည်။ အောင် လက်မှတ်မိတ္တူမရှိပါက သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံချက် ပါရှိရမည်။လျှောက်လွှာနှင့်အတူ အထောက်အထားများကို ပူးတွဲတင်ပြ နိုင်ခြင်းမရှိပါက ၂၀၁၃ ခုနှစ်၊ဇွန်လ(၃၀)ရက် နောက်ဆုံးထား၍တင်ပြရမည်။

၂။ ၂၀၁၃ ခုနှစ်၊ ဧပြီလ(၉)ရက် နံနက်(၀၉း၀၀)နာရီမှ(၁၀း၀၀)နာရီအထိ သက်ဆိုင် ရာ မြို့နယ်ပညာရေးမှူးရုံး၏ အစီအစဉ်ဖြင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် အထွေထွေဗဟုသုတ ဆိုင်ရာ (၁)နာရီမေးခွန်းဖြေဆိုရမည်ဖြစ်ပါသည်။

၃။ သက်ဆိုင်ရာမြို့နယ် ပညာရေးမှူးရုံးများသို့ ပူးတွဲပါလျှောက်လွှာပုံစံ၊ အထောက် အထားများနှင့်အတူ ၂၀၁၃ ခုနှစ်၊ မတ်လ(၃၁)ရက်ထက်နောက်မကျစေဘဲ လျှောက် ထားနိုင်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးရုံး၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးရုံးများတွင် စုံစမ်းနိုင်ပါ သည်။

ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
နေ့စား လပေး အငယ်တန်းစာရေး ရာထူးခန့်ထားရေးအတွက် ဆန္ဒပြုလွှာ

ဓာတ်ပုံ

၁။ အမည် ------------------------------
၂။ နိုင်ငံသားစိစစ်ရေးအမှတ် ------------------------------
၃။ အဘအမည်နှင့်နေရပ်လိပ်စာ ------------------------------
၄။ ပညာအရည်အချင်း ------------------------------
၅။ မွေးသက္ကရာဇ်/အသက် ------------------------------
၆။ လူမျိုး/ဘာသာ ------------------------------
၇။ မွေးဖွားရာဇာတိ ------------------------------
၈။ ဇနီး၊ ခင်ပွန်းအမည်နှင့်နေရပ်လိပ်စာ ------------------------------
၉။ ဆက်သွယ်ရန်လိပ်စာ/ဖုန်းနံပါတ် ------------------------------
၁၀။ အမြဲတမ်းနေရပ်လိပ်စာ ------------------------------
၁၁။ တာဝန်ထမ်းဆောင်လိုသည့်နေရာ-

ကျောင်း/ရုံး	မြို့နယ်	ခရိုင်	တိုင်းဒေသကြီး/ပြည်နယ်
(၁)	(၁)	(၁)	(၁)
(၂)	(၂)	(၂)	(၂)
(၃)	(၃)	(၃)	(၃)
(၄)	(၄)	(၄)	(၄)
(၅)	(၅)	(၅)	(၅)

၁၂။ မည်သည့်ဒေသမဆိုသွားရောက်တာဝန်ထမ်းဆောင်နိုင်ခြင်းရှိ/မရှိ----------

လက်မှတ် ---------------
အမည် ---------------

မှတ်ချက်။ ပညာအရည်အချင်းတွင် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ ပူးတွဲတင်ပြရန်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
နေ့စား လပေး ဝန်ထမ်းများခန့်ထားရေးအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာကျောင်း/ ရုံးများရှိ အောက်ဖော်ပြပါ ရာထူးနေရာများခန့်ထားရန်အတွက် လျှောက်လွှာများ လျှောက်ထားနိုင်ပါသည်-

(က) စာကူးစက်လှည့်အကူ - ကျား
(ခ) စက်မောင်း ၅ - ကျား
(ဂ) လုပ်သားသိပ္ပံခန်း - ကျား/မ
(ဃ) ကျောင်း/ရုံးအကူ - ကျား/မ
(င) သန့်ရှင်းရေးအကူ - ကျား/မ
(စ) အစောင့်(ကျောင်း/ရုံး) - ကျား
(ဆ) လုပ်သား (ဉယျာဉ်) - ကျား

၂။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူများသည်
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) ၂၀၁၃ ခုနှစ်၊ ဇွန်လ (၁)ရက်နေ့တွင် အသက် (၄၀)နှစ်ထက် မကြီးသူ ဖြစ်ရမည်။

၃။ ၂၀၁၃ ခုနှစ်၊ ဧပြီလ (၉)ရက် နံနက်(၀၉း၀၀)နာရီမှ (၁၀း၀၀)နာရီအထိ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံး၏ အစီအစဉ်ဖြင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် အထွေ ထွေဗဟုသုတဆိုင်ရာ (၁)နာရီမေးခွန်းဖြေဆိုရမည် ဖြစ်ပါသည်။

၄။ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများသို့ ပူးတွဲပါ လျှောက်လွှာပုံစံ၊ အထောက်အထားများနှင့်အတူ ၂၀၁၃ ခုနှစ်၊ မတ်လ(၃၁)ရက်ထက် နောက်မကျ စေဘဲ လျှောက်ထားနိုင်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးရုံး၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးရုံးများတွင် စုံစမ်းနိုင်ပါ သည်။

ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အခြေခံပညာကျောင်း/ရုံးများတွင် နေ့စား လပေးဝန်ထမ်း ခန့်ထားရေးအတွက် ဆန္ဒပြုလွှာ

ဓာတ်ပုံ

[စာကူးစက်လှည့်အကူ၊ စက်မောင်း(၅)၊ လုပ်သားသိပ္ပံခန်း၊ ကျောင်း/ရုံးအကူ၊ သန့်ရှင်းရေးအကူ၊ အစောင့်(ကျောင်း/ရုံး)၊ လုပ်သား(ဉယျာဉ်)]

၁။ အမည် ------------------------------
၂။ နိုင်ငံသားစိစစ်ရေးအမှတ် ------------------------------
၃။ အဘအမည်နှင့်နေရပ်လိပ်စာ ------------------------------
၄။ ပညာအရည်အချင်း ------------------------------
၅။ မွေးသက္ကရာဇ်/အသက် ------------------------------
၆။ လူမျိုး/ဘာသာ ------------------------------
၇။ မွေးဖွားရာဇာတိ ------------------------------
၈။ ဇနီး၊ ခင်ပွန်းအမည်နှင့်နေရပ်လိပ်စာ ------------------------------
၉။ ဆက်သွယ်ရန်လိပ်စာ/ဖုန်းနံပါတ် ------------------------------
၁၀။ အမြဲတမ်းနေရပ်လိပ်စာ ------------------------------
၁၁။ လျှောက်ထားသည့်ဦးစားပေးရာထူး

(က) ------------------ (ခ) ------------------
(ဂ) ------------------ (ဃ) ------------------
(င) ------------------ (စ) ------------------
(ဆ) ------------------

၁၂။ တာဝန်ထမ်းဆောင်လိုသည့်နေရာ-

ကျောင်း/ရုံး	မြို့နယ်	ခရိုင်	တိုင်းဒေသကြီး/ပြည်နယ်
(၁)	(၁)	(၁)	(၁)
(၂)	(၂)	(၂)	(၂)
(၃)	(၃)	(၃)	(၃)
(၄)	(၄)	(၄)	(၄)
(၅)	(၅)	(၅)	(၅)

၁၃။ မည်သည့်ဒေသမဆိုသွားရောက်တာဝန်ထမ်းဆောင်နိုင်ခြင်းရှိ/မရှိ----------

လက်မှတ် -------------
အမည် -------------

နိုင်ငံတကာ သတင်းဂျာနယ်
INTERNATIONAL NEWS JOURNAL
ထွက်ပြီ
ကြော်ငြာနှင့် ဖြန့်ချိရေးဖုန်း - ၂၉၁၈၃၃၊ ၂၉၂၈၃၀၊ ၂၉၉၄၂၇

စာအုပ်စာပေ လူ့မိတ်ဆွေ

အထက်မြန်မာပြည်သတင်း

စတော်ဘယ်ရီစိုက်ပျိုးသူများ ဝင်ငွေတိုး

မန္တလေးတိုင်းဒေသကြီးပြင်ဦးလွင်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၅၀၀ ကျော်တွင်ရှိပြီး တောင်ကုန်းတောင်တန်းများနှင့် သာယာလှပသောတောင်စခန်းမြို့တစ်မြို့ဖြစ်သည်။ အထူးသဖြင့် ကန်တော်ကြီး အမျိုးသားသဘာဝဥယျာဉ်ကြီးသည်လည်း ပြင်ဦးလွင်မြို့၏နာမည်ကြီး အထင်ကရနေရာလည်းဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်သည်နှင့် အမျှ ဒေသထွက်ကုန်စည်များကို မန္တလေး၊ နေပြည်တော်၊ ရန်ကုန်မြို့များသို့ အဆင်ပြေချောမွေ့စွာနှင့် တင်ပို့ရောင်းချနေသော မြို့လည်းဖြစ်သည်။

ယခုလို နွေရာသီကာလအတွင်း မြေပြန့်မြို့များမှ တောင်စခန်းမြို့ဖြစ်သော ပြင်ဦးလွင်မြို့သို့ မိသားစုအလိုက်၊အဖွဲ့အလိုက် ပင်ပန်းနွမ်းနယ်မှုများကို ဖြေဖျောက်ရန်အလို့ငှာ တောင်စခန်းမြို့ဖြစ်သော ပြင်ဦးလွင်မြို့သို့ လာရောက်၍ အနားယူအပန်းဖြေကြသည်။ မျက်နှာပန်းလှ အိမ်အပြန် လက်ဆောင်ဝယ်ရာတွင်လည်း ပြင်ဦးလွင်မြို့၏ နာမည်ကြီး စတော်ဘယ်ရီသီးများကို သူ့ထက်ငါ ဝယ်ယူကြသည်။

ပြင်ဦးလွင် မြို့နယ်အတွင်းရှိ ညောင်သာရွာသည်စတော်ဘယ်ရီသီးများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေသော ကျေးရွာလည်းဖြစ်သည်။ စတော်ဘယ်ရီစိုက်ခင်းများစွာအနက်မှ ညောင်သာရွာ စတော်ဘယ်ရီစိုက်ခင်းရှင် ဒေါ်ရွှေစာက“တကယ်တော့ ဒီစတော်ဘယ်ရီ အပင်တွေကို ဝါခေါင်လကတည်းက စိုက်ပျိုးရတာပါ၊ စိုက်ပျိုးပြီးရက်ပေါင်း ၉၀ ကျော်ရင်တော့ ခူးဆွတ်လို့ရပါပြီ၊ အသီးလှ၊ ရောင်းတမ်းဝင်အသီးရပြီပေါ့၊ မခူးဆွတ်ဘဲလည်းထားလို့ရတယ်၊ မိုးတွင်းဆိုတော့ဈေးက အရနည်းတယ်လေ၊ ဒီနွေဦးပေါက်ရာသီကာလမှာ ပူလည်းပူလာတော့ စတော်ဘယ်ရီသီးတွေ အစားများပြီလေ။ ဈေးကောင်းလည်း ရပြီပေါ့”ဟု ပြောပြသည်။

စတော်ဘယ်ရီပင်သည် အခြားစိုက်ပျိုးသီးနှံဖြစ်သော ကြက်သွန်များနှင့်လည်း တွဲဖက်၍စိုက်ပျိုးနိုင်သည်။ စတော်ဘယ်ရီအပင်များကို သက်တမ်းရင့်လာပါက မနုတ်ပစ်ဘဲ ထားလိုကထားနိုင်သည်။ အသစ်တစ်ဖန်ပြန်လည်စိုက်ပျိုးမည်ဆိုပါက အမြစ်၊ ဥများကို ခွဲစိတ်ပြီး စိုက်ပျိုးနိုင်ကြောင်း သိရသည်။ စတော်ဘယ်ရီပင်သည် စိုက်ပျိုးသူကို ကရိကထမများစေဘဲ ဝင်ငွေတိုးစေသော အပင်မျိုးလည်း ဖြစ်သည်။ စတော်ဘယ်ရီပင်များ စိုက်ပျိုးဝင်ငွေတိုးလျက်ရှိကြောင်း တစေ့တစောင်း တင်ပြလိုက်ရပါသည်။

မောင်မောင်စိုး(မြစ်ငယ်)

စိုက်ပျိုးဖြစ်ထွန်း ဝင်ငွေတိုးလျက်ရှိသော စတော်ဘယ်ရီစိုက်ခင်းများကို ဤသို့ တွေ့ရသည်။

နေပြည်တော်ဗုဒ္ဓဂယာ လာရောက်ဖူးမြော်ကြည်ညိုနိုင်ပြီ

နေပြည်တော် မတ် ၁၆

နေပြည်တော်ကောင်စီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ဥတ္တရသီရိမြို့မြောက်ဘက် ခွာညိုပန်းအဝိုင်းမှ ငါးမိုင် ခြောက်ဖာလုံအကွာ ဥဒယရုံသီကုန်းတော်ပြင်၌ ၂၀၁၁ ခုနှစ် ဇူလိုင် ၂၄ ရက်မှ စတင်တည်ဆောက်ခဲ့သည့် နေပြည်တော်ဗုဒ္ဓဂယာ**(ယာပုံ)**သည် ယခုအခါ ရာနှုန်းပြည့်နီးပါး တည်ဆောက်ပြီးစီးနေပြီဖြစ်ရာ ဗုဒ္ဓဘာသာဝင်များအနေဖြင့် အိန္ဒိယနိုင်ငံဗုဒ္ဓဂယာသို့ သွားရောက်ဖူးမြော်ကြည်ညိုရသည့်အတိုင်း ကုသိုလ်သဒ္ဓါပွားများနိုင်စေရေး လာရောက်ဖူးမြော်ကြည်ညိုနိုင်ပြီဖြစ်ကြောင်း သိရသည်။

နေပြည်တော် ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော်ကြီးနှင့် သတ္တသတ္တာဟ ခုနစ်ဌာနဖြစ်သည့် မဟာဗောဓိပင်နှင့် ရွှေပလ္လင်တော်၊ အနိမိသစေတီတော်၊ ရတနာစင်္ကြံတော်၊ ရတနာဃရရွှေအိမ်တော်၊ အဇပါလညောင်ပင်၊ မုစလိန္ဒာရေကန်တော်နှင့် ရာဇာယတနလင်းလွန်းပင်တို့သည် ဂေါတမမြတ်စွာဘုရားပွင့်တော်မူရာ အိန္ဒိယသမ္မတနိုင်ငံ ဂယာမြို့ ဗုဒ္ဓဂယာနှင့် ပုံစံတူအရွယ်တူတည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

ယခုအခါ ဘုရားဖူးဧည့်သည်များ စိတ်ချမ်းမြေ့စွာ လာရောက်တည်းခို ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် အမျိုးသား တည်းခိုဆောင်များနှင့် အမျိုးသမီးတည်းခိုဆောင်များ ဆက်လက်တည်ဆောက်လျက်ရှိရာ ရပ်နီးရပ်ဝေးရှိ

အလှူရှင်များအနေဖြင့် စေတနာသဒ္ဓါတရားပွားများပြီး အလှူငွေများထည့်ဝင်လှူဒါန်းလိုပါက ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) အတွင်းရေးမှူး၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကြီးကြပ်မှုကော်မတီ၊ ဖုန်း ၀၆၇-၄၁၄၂၀၂ နှင့်၀၆၇-၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မင်းမင်းဇော်-ကလေး)**

အညာဒေသ၏ရတနာတစ်ပါးဖြစ်သော သနပ်ခါးကို ပခုက္ကူလူငယ်များစီးပွားဖြစ်စိုက်ပျိုးလာ

ပခုက္ကူ မတ် ၁၆

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ရှိ ဦးမေယကျောင်းဝင်းသည် သနပ်ခါးသည်များစုဝေးရောင်းချရာ ဈေးကွက်ဖြစ်ကြောင်း သိရသည်။ **(အောက်ယာပုံ)** ပခုက္ကူ- မြိုင်-ရေစကြိုနယ် သုံးပွင့်ဆိုင်ရှင်မတောင်သနပ်ခါးများ ရောင်းချရာ သနပ်ခါးဈေးလည်း ဖြစ်သည်။ပွင့်လင်းရာသီတွင် အသွားအလာများပြီး လမ်းပန်းဆက်သွယ်မှု လွယ်ကူသောကြောင့် အညာဒေသတန်ခိုးကြီးဘုရားများတွင် ဧည့်အလာများ၍ ဦးမေယကျောင်းဝင်းအတွင်းနှင့် ပခုက္ကူမြို့မဈေး၌ သနပ်ခါးသည်များ ယခင်ထက် ပိုမိုရောင်းချလာကြောင်း ဦးမေယကျောင်းအတွင်းရှိ ဈေးသည်တစ်ဦးက ပြောသည်။

အညာဒေသ၏ ရတနာတစ်ပါးဖြစ်သောသနပ်ခါးကို လူငယ်များကလည်း စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း သိရသည်။ “သနပ်ခါးကို သဘာဝအတိုင်းပဲစိုက်တာ ကောင်းတယ်၊ သနပ်ခါးမစိုက်ခင် မြေကို ထယ်ရေးညက်အောင်လုပ်ဖို့ပဲ အရေးကြီးတယ်၊ အပင်ကို ရေလောင်း ပေး

စရာမလိုဘူး”ဟု သနပ်ခါးစိုက်လူငယ်တစ်ဦးက ပြောသည်။ သနပ်ခါး ဈေးကွက် ကျယ်ပြန့်လာသောကြောင့် ပခုက္ကူဒေသ နယ်မြေအသီးသီး၌ သနပ်ခါး စိုက်ပျိုးမှုအားကောင်းလာသည်။ လူတစ်ရပ်ခန့်ရှိ သနပ်ခါးပင်သည် အပွေး၊ လုံးပတ်၊ အရောင်လိုက်၍ တစ်ပင်လျှင် ငွေကျပ် ၁၅၀၀၀ မှ ၃၀၀၀၀ ဝန်းကျင်ရှိသည်ဟု သိရသည်။

နေဦးမောင်(ပခုက္ကူ)

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန
အထွေထွေရောဂါကုဆေးရုံကြီး၊ မြိတ်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ကျန်းမာရေးဦးစီးဌာန၊ အထွေထွေရောဂါကုဆေးရုံကြီး၊ မြိတ်မြို့တွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။
(၂) ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်နေ့ရက် - ၂၀-၃-၂၀၁၃ နံနက် ၁၀း၀၀နာရီ
တင်ဒါပိတ်မည့်ရက်နေ့အချိန် - ၂၉-၃-၂၀၁၃ ညနေ ၄း၀၀နာရီ
(၃) တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
အထွေထွေရောဂါကုဆေးရုံကြီး၊ မြိတ်မြို့
တနင်္သာရီတိုင်းဒေသကြီး
ဖုန်း-၀၅၉-၄၂၀၃၄

နန်းထိုက်တော်ဝင် စားသောက်ကုန် နည်းပညာ သင်တန်း

ယာဉ်မောင်းအလိုရှိသည်

- Land Cruiser အော်တိုကားကို ကျွမ်းကျင်စွာ မောင်းနိုင်ပြီး နယ်ထွက်နိုင်သူဖြစ်ရမည်။
- အသောက်အစား ကင်းရှင်းပြီး မန္တလေးတွင် အချိန်ပြည့်တာဝန်ယူနိုင်သူဖြစ်ရမည်။
- နေထိုင်ရာ ရပ်ကွက်၊ ထောက်ခံစာနှင့် လျှောက်ထားရန်
- ဖုန်း-၀၉ ၇၃၄၉၃၅၁၂ သို့ ဆက်သွယ်ပါ။

မန္တလေးအသင်း(ရန်ကုန်)
နှစ်ပတ်လည်စုံညီအစည်းအဝေးဖိတ်ကြားလွှာ

မန္တလေးအသင်း(ရန်ကုန်)၏ (၃၆)ကြိမ်မြောက် အသင်းသားစုံညီအစည်းအဝေး၊ (၃၆)ကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲ၊ နိုင်ငံတော်ကချီးမြှင့်သောဘွဲ့ထူး၊ ဂုဏ်ထူးရသူများအား ဂုဏ်ပြုပွဲ၊ မန္တလေးချမ်းသာကြီးဆန်လှူအသင်းသို့ ဆွမ်းဆန်တော် ငွေလှူဒါန်းပွဲကို ၂၀၁၃ ခုနှစ်၊ မတ်လ ၂၃ ရက်(စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့၊ စကားဝါလမ်း၊ အမှတ်(၁၂) တိပိဋကကျောင်း၊ ငွေရတုခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ နာယကကြီးများ၊ အမှုဆောင်များ၊ အသင်းဝင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

မှတ်ချက်။ ပါရဂူဘွဲ့ရသူများ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရအသင်းဝင်များ၏ သားသမီးများ အထောက်အထားများဖြင့် ဆက်သွယ်စာရင်းပေးပို့ကြပါရန်ဖြစ်ပြီး၊ စေတနာရှင် အလှူရှင်များ၊ အမှတ်(၂၄၃/၂၄၅) ပထမထပ်၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ အသင်းတိုက်၊ ဖုန်း-၃၈၄၀၁၄ နှင့် တွဲဖက်အတွင်းရေးမှူး (၂) ဦးခင်မောင်ညွှန့်၊ ဖုန်း-၀၉ ၇၃၃၃၁၃၈၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အမှုဆောင်အဖွဲ့
မန္တလေးအသင်း(ရန်ကုန်)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ယ/၂၂၆၀၀၊ အမျိုးအမည် Sino Honda အမျိုးအစား M/C ယာဉ်လက်ဝယ်ရှိသူအမည် ဦးကျော်စိန် မှတ်ပုံတင်အမှတ်[၉/မသန(နိုင်)၀၀၇၈၇၄]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၄ယ/၂၂၄၂၂၊ အမျိုးအမည် Kenbo 125 အမျိုးအစား M/C ယာဉ်လက်ဝယ်ရှိသူ အမည် ဦးနေလင်းထွန်း မှတ်ပုံတင်အမှတ် [၅/စကန(နိုင်)၁၇၃၉၁၃]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၂ယ/၁၀၁၇၆၊ Hensim 110 M/C ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်ဥမ္မာသင် မှတ်ပုံတင်အမှတ်[၉/မဟမ(နိုင်)၀၀၄၀၂၆]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၀ယ/၉၇၆၄၅၊ Hensim-110 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူအမည် Golden October Co.,Ltd မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၈ယ/၉၂၂၁၊ အမျိုးအမည် New AIBO 125 အမျိုးအစား M/C ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်သန်းသန်းဝင်း မှတ်ပုံတင်အမှတ် [၉/မရမ(နိုင်)၀၇၇၀၀၈]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၉ယ/၇၉၈၉၈ TOHON 110၊ ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်ကြူကြူ မှတ်ပုံတင်အမှတ်[၉/အမရ(နိုင်)၀၆၂၀၁၃]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈ယ/၃၅၂၁၊ အမျိုးအမည် Pyi Shwe Bo LIT PSB.02 အမျိုးအစား LIT(4 x 2)R ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်မီမီဝင်း မှတ်ပုံတင်အမှတ်[၁၂/ကမရ(နိုင်)၀၁၉၅၇၆]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၅ယ/၉၃၁၉၈၊ အမျိုးအမည် Kenbo-125 အမျိုးအစား ဆိုင်ကယ် ယာဉ်လက်ဝယ်ရှိသူအမည် ဦးကျော်ထွန်း မှတ်ပုံတင်အမှတ်[၉/နထက(နိုင်)၀၉၈၈၃၄]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၈ယ/၃၈၆၃၀၊ Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်သန်းသန်းစိုး မှတ်ပုံတင်အမှတ်[၅/ပလန(နိုင်)၁၁၇၇၄၃]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

လယ်ယာသုံးစက်ကိရိယာစွမ်းအားမြှင့် စက်စွမ်းရည်မောင်းနှင်သရုပ်ပြ

ပခုက္ကူ မတ် ၁၆

ကျေးလက်ဒေသတောင်သူဦးကြီးများ လယ်ယာလုပ်ငန်းခွင်တွင် အရည်အသွေးပြည့်မီကျော်လွှန်သော စပါးများရရှိရေး လွယ်လင့်တကူအသုံးပြုနိုင်ရန်အတွက် ပခုက္ကူမြို့ ရွှေတန့်တစ်လျှပ်စစ်မြစ်ရေတင်ဒေသ ဦးပိုင်အမှတ်(၃၅) ကွင်းအမှတ်(၁၁၄)ရှိ တောင်သူဒေါ်အေးသန်း၏ လယ်မြေဧက ၅ ဒသမ ၅၂ ၌ မတ် ၁၃ ရက် နံနက် ၈ နာရီတွင် ကျေးလက်တောင်သူများအား စက်မှုလယ်ယာဦးစီးဌာန အမှတ်(၇)စက်မှုလယ်ယာစခန်းမှ ဝန်ထမ်းများက လယ်ယာသုံးစက်ကိရိယာစွမ်းအားမြှင့် စက်စွမ်းရည်မောင်းနှင်သရုပ်ပြသကာ(ဓာတ်ပုံ) ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက စက်၏အသုံးဝင်ပုံနှင့် စက်စွမ်းအားပြည့်မောင်းနှင် ဆောင်ရွက်ရရှိမှုများ၊ စက်အလိုက်ဈေးနှုန်းများကိုရှင်းလင်းပြောကြားပြီး ကျေးလက်တောင်သူများအနေဖြင့် ဝယ်ယူအသုံးပြုလိုပါက လက်ငင်းသော်လည်းကောင်း၊ အရစ်ကျပေးသွင်း၍သော်လည်းကောင်း ဝယ်ယူနိုင်ကြောင်း သိရသည်။

သရုပ်ပြပွဲသို့ ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် စိုက်-တိုး-မြှင့်အဖွဲ့ဝင်များ၊ ရွှေတန့်တစ်နှင့် ကြီးရွာလျှပ်စစ်မြစ်ရေတင်ဒေသများမှ တောင်သူများ တက်ရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

အောင်(မန်းတက္ကသိုလ်)

ချင်းတွင်းမြစ်တစ်လျှောက် သဲသောင်များပေါ်ထွန်း ရေလမ်းကြောင်း သတိထားမောင်းနေရ

ရေစကြို မတ် ၁၆

ချင်းတွင်းမြစ်သည် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်ကြားမှ ဖြတ်သန်းစီးဆင်းသော မြစ်တစ်စင်းဖြစ်ပြီး ရေစကြိုမြို့နယ်၏ နယ်စပ်တစ်လျှောက် ရေမိုင် ၁၉ မိုင်ခန့် ထိစပ်စီးဆင်းသည်။

မြို့နယ်အတွင်း ချင်းတွင်းမြစ်ဖြတ်သန်းစီးဆင်းမှုကြောင့် ကျေးရွာအုပ်စု ၄၀ နီးပါးသည် မြစ်ရေဝင်ဒေသဖြစ်၍ နုန်းတင်မြေနုကျွန်းများသည် သီးနှံမျိုးစုံစိုက်ပျိုးထုတ်လုပ်နိုင်သည့်အကျိုးကျေးဇူးကို ရရှိနေသည်။

ယခုအခါ ချင်းတွင်းမြစ်တစ်လျှောက် သဲသောင်အများအပြားပေါ်ထွန်းလျက်ရှိပြီး ရေလမ်းကြောင်းများပြောင်းခြင်း၊ ယမန်နှစ်ကာလကထက် မြစ်ရေပိုမိုကျဆင်းနေခြင်းကြောင့် မော်တော်များသွားလာရာတွင် အထူးသတိထား၍ ခက်ခက်ခဲခဲသွားလာနေရကြောင်း၊ ရှော်တယ်(စက်လှေ)များသာ သွားလာမှုအဆင်ပြေကြောင်း မော်တော်မောင်းသူတစ်ဦးက ပြောသည်။

(ဖေထွဏ်းဇော်-ရေစကြို)

သင့်ကြောင့် မီးမလောင်ပါစေနှင့်

လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဆင်း

သထုံ မတ် ၁၆

သထုံခရိုင် သထုံမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်း အမှတ်စဉ်(၁/၂၀၁၃) ဆင်းပွဲအခမ်းအနားကို မတ် ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် သထုံမြို့ သုဝဏ္ဏာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သထုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအေးနိုင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ရာ သင်တန်းသားများကိုယ်စား မိုးကောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်းက လက်ခံရယူသည်။

ဆက်လက်၍ သင်တန်းတွင် ထူးချွန်ဆုရရှိသူများကို ဆုများပေးအပ်ချီးမြှင့်ရာ ပထမဆုကို ဝီယော်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးခင်မောင်စိုးကလည်းကောင်း၊ ဒုတိယဆုကို အုဖွိုလ်ချောင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမောင်ချိုကလည်းကောင်း၊ တတိယဆုကို အောင်စိုင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစံဝင်းနှင့် ကြက်တူရွေးသောင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းကလည်းကောင်း ရရှိရာ တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်/ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူး ၅၄ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၁၄ ရက်မှ မတ် ၁၂ ရက်အထိ ဖြစ်ကြောင်း သိရသည်။

လင်း(သထုံ)

ကလေးမြို့၌ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး မြေပြင်အခြေအနေများ လက်တွေ့ကွင်းဆင်း

ကလေး မတ် ၁၆

ခရိုင်နှင့်မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာနဝန်ထမ်းများသည် ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူနိုင်ရေးနှင့် အိမ်အကြောင်းအရာစာရင်းကို တိကျသေချာစွာ ကောက်ယူနိုင်ရေးအတွက် ရပ်ကွက်နှင့်ကျေးရွာများသို့ မြေပြင်အခြေအနေနှင့်ကိုက်ညီသည့် အဆောက်အအုံမြေပုံများကို ကွင်းဆင်းရေးဆွဲလျက်ရှိရာ မတ် ၃ ရက်တွင် ကလေးမြို့နယ် မြို့သာရပ်ကွက်၌ ကွင်းဆင်းစစ်ဆေးကောက်ယူလျက်ရှိသည်။

ခရိုင်ဦးစီးမှူး ဦးတိုးလင်းက ပထဝီမြေပုံရရှိရေးသည် လူဦးရေစာရင်းမထပ်၊ မကျန်ရေးအတွက်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကို တိတိကျကျရမှ နိုင်ငံတော်အတွက်လိုအပ်သော စာသင်ကျောင်းအရေအတွက်၊ ဆေးရုံအရေအတွက်၊ လျှပ်စစ်ဓာတ်အားလိုအပ်မှု၊ လမ်းတံတားများဖောက်လုပ်ပေးနိုင်မှုများအကြောင်းကို ရှင်းပြခဲ့ကြောင်း သိရသည်။

(သျှင်နေမင်း - ဂန့်ဂေါ)

ဂုဏ်ယူဝမ်းမြောက်ခြင်း

တောင်ငူမြို့၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ၂၀၁၃ခုနှစ် ဒသမတန်း လူရည်ချွန်အဖြစ် အရွေးချယ်ခံရသော မဆုဆုရည်အတွက် အထက(၄)မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ၊ တောင်ငူမှ ဝမ်းမြောက်ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

အထက(၄)၊ မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ တောင်ငူ

အမည်ပြောင်း

ရေဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ အမက(တာကြီးတန်း)မှ အဖ ဦးကျော်လင်းနိုင်၏သား မောင်အံ့ဩသွေးအား ယနေ့မှစ၍ မောင်ရဲရင့်သွေးဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ရဲရင့်သွေး

ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ကွမ်းခြံ(၁)လမ်း၊ အမှတ်-၃၃၊ အခန်း (B-1)မြေညီထပ်တိုက်ခန်းအား Dr.ဦးအောင်ခင်[၁၂/အစန(နိုင်)၀၀၄၁၅၄]သည် လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး ကျွန်ုပ်၏မိတ်ဆွေဖြစ်သူအားလွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်ပါပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထား အပြည့်အစုံနှင့်တကွ ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ယဉ်ယဉ်ကြည် (LL.B)၊ အထက်တန်းရှေ့နေ(စဉ်-၃၀၀၂၂)
အမှတ်(၅၄၄)၊ မွှေးရုံလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၉-၄၃၁၁၄၆၅၄

အထူးကျေးဇူးတင်လွှာ

၂၇-၂-၂၀၁၃ရက်နေ့ မိခင်ဒေါ်သိန်းအတိတ်မေ့ (၇၁)နှစ်အရွယ် ပျောက်ဆုံးစဉ်အဘက်ဘက်မှ မေတ္တာစေတနာဖြင့် ကူညီစောင့်ရှောက်ကြသော မင်္ဂလာဒုံမြို့နယ်ရဲစခန်း၊ မင်္ဂလာဒုံဈေး ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစံဝင်းနှင့်အဖွဲ့ဝင်များ၊ ဒုတပ်ကြပ်(နယ်ထိန်း)ဦးဒေးဒရဲ၊ ဆေးရုံသို့ ကိုယ်တိုင်တင်ပို့ စောင့်ရှောက်ပေးခဲ့ပါသော မင်္ဂလာဒုံဈေးရပ်ကွက် ရာအိမ်မှူး ဦးမြသိန်း၊ သတင်းပေးပို့သူ လူကြီးမင်းအဖွဲ့အစည်းများမှ လူကြီးမင်းများ၊ ဖုန်းဖြင့် သတင်းပေးပို့ကြသည့် လူကြီးမင်းများအားလုံး လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

ဦးခင်မောင်လှနှင့်သားသမီးများ

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၀ စီ၊ မြေကွက်အမှတ်- ၄၀၃ ဧရိယာ- ၀.၄၅၁ ဧက ရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ မွေစေတီလမ်း၊ အမှတ်- ၁၈၂/အေ ဟုခေါ်တွင်သည့် မြေ၊ အိမ် အစုံ အဆောက်အအုံ (၃) လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဦးစန်းကြည်၊ ဒေါ်လှရီနှင့် ဦးအောင်မင်း (NYHE- ၀၀၇၂၁၅၊ ၁၂/ဗဟန (နိုင်) ၀၁၈၂၆၇)၊ ဒေါ်မြင့်မြင့်ကြည် (BSN/W-၁၈၀၆၇၈၊ ၁၂/ဗဟန (နိုင်) ၀၁၈၂၇၀) တို့ (၄) ဦး အမည်ပေါက်သောမြေကွက်ဖြစ်ပြီး၊ ဦးစန်းကြည် နှင့် ဒေါ်လှရီတို့ကွယ်လွန်ပြီးနောက် အမွေဆက်ခံပိုင်ဆိုင်ကြောင်းမှတ်ပုံတင်စာချုပ်အမှတ်- ၃၆၄/၂၀၁၂ ဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့သူများဖြစ်သည့် ဦးအောင်မင်း၊ ဒေါ်မြင့်မြင့်ကြည်၊ ဒေါ်လှဲလှဲကြည် (၈/တတတ (နိုင်) ၀၀၁၆၀၇)၊ ဒေါ်တင်တင်ကြည် (၁၂/ဗဟန (နိုင်) ၀၈၅၃၂၇)၊ ဦးလွင်မောင်ကြည် (၃/ဘအန (နိုင်) ၂၀၈၅၀၀) နှင့် ဦးချစ်မင်းဦး (၈/ရနခ (နိုင်) ၀၀၁၁၀၉) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့်အဆောက်အအုံများအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား၊ မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
သင်းကြူစိုး (LL.B., LL.M.)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)
အမှတ်- ၅၅ အခန်း- ၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၃၇၈၇၉၉၊ ၀၉-၅၀-၁၆၃၅၂၊ ၀၉-၇၃၁-၃၅၀၀၁။

ရွှေရည်ဦး

အာမခံစိန်ရွှေရတနာဆိုင်

ရွှေ ရည်စံမီ၊ သီဂီရွှေစစ်၊ အသွင်သစ်
ရည် ရှုယ်မှန်းတိုင်း၊ မဆိုင်းမတွ၊ စုံပြည့်ဝ
ဦး စွာပထမ၊ နလုံးလှလှ၊ အလှဆင်ရာ၊
ရွှေရည်ဦးပါ။

မိတ်ဟောင်းမိတ်သစ်များ **ရွှေရည်ဦး** ရွှေပန်းထိမ်သို့ ကြွရောက်အားပေးနိုင်ရန် အလေးအမြတ်ထား၍ ဖိတ်ခေါ်အပ်ပါသည်။

ဦးအောင်သန်း+မာလာခိုင်

အမှတ်(၁၀၅)၊ ဗိုလ်ဆွန်ပက်လမ်း(အောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
:09-5010081, 09-5027918 , ☎:01-246814,254711

မြေကွက်ရောင်းမည်

ပြင်ဦးလွင်မြို့တွင် လူနေထိုင်ရန် (သို့) ရင်းနှီးမြှုပ်နှံရန် ကောင်းမွန်သော အနီးစခန်းလေဆိပ်အနီးရှိ အောင်ချမ်းသာရွာ အာရှအလင်းရောင်ကျောင်းတိုက်အနီး ပေ(၆၀×၈၀)မြေကွက်များရောင်းရန်ရှိသည်။ သိန်း(၁၈၀)၊ သိန်း(၂၈၀)

ဖုန်း-၀၉-၄၄၈၀၀၅၃၆၃၊ ၀၉-၅၀၈၂၄၆၁

အမည်ပြောင်း

ပျဉ်းမနားမြို့၊ ကန်ဦး(အနောက်)၊ အမှတ်(၁၁)အခြေခံပညာမူလတန်းကျောင်း၊ တတိယတန်း(ခ)တွင် ပညာသင်ကြားနေသော ဦးအောင်ဖိုး၏သမီး မသော်သော်ဟန်အား မဆုလှဲ့ရတနာဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မဆုလှဲ့ရတနာ**

မောင်သာရ၏ ဝတ္ထုသစ်

အသည်းညွန့်မှာ ကွန့်မြူးသည့်လိပ်ပြာ

မောင်ကိုကို (အမရပူရ)

"စု"နှင့် အခြားအက်ဆေးများ

ဖြန့်ချိရေး- လင်းလွန်းခင်စာပေ

၀၉-၂၂၀၁၇၃၀၊ ၀၁- ၂၉၃၄၀၁

ထွက်ပြီ

အခန်းဆက်ဝတ္ထု

နှင်းငွေတစ်တောင့် မိုးတစ်မှောင့်

တက္ကသိုလ် ဘုန်းနိုင်



(ယမန်နေ့မှအဆက်)

"နို့ . . . မင်းပဲ ဟိုတစ်ခါတုန်းက ညာသွင်းပေးဆို"

"ညာသွင်းတာတော့ ဟုတ်ပါတယ်၊ ညာနဲ့ချည်း ရိုက်ရမယ်လို့ ကျွန်တော်က ပြောတာမှ မဟုတ်တဲ "

"ဟာ . . . ညာသွင်းတဲ့နောက် ညာပါတော့တာပေါ့၊ ငါ အရင်တုန်းကလို ဘယ်နဲ့ချည်း ပြန်ရိုက်ကြည့်တော့လည်း ကန့်လန့်ကြီး ဘယ်ဆွဲတော့တာပဲ၊ ပြေးလည်း မပြေးဘူး"

"ကျွန်တော် ကြည့်ပေးမယ် ပြန်ရိုက်ပါဦး"

"အေးကွာ လုပ်စမ်းပါဦး"

ကိုယုကြိုင်က သုံးလုံးဆက် ရိုက်ပြ၏။ နှစ်လုံးက ညာဝိုက်သည်။ တစ်လုံးက ဘယ်သို့ ထောင့်တန်းပြေးသည်။

"နောက်ဆုံးအလုံးကို ငါ ဘယ်နဲ့ချည်း ရိုက်ချလိုက်တာ"

"ကျွန်တော် အမှားသုံးခု မြင်တယ်"

"ဘာတွေလဲ"

"ညာပခုံးလည်တာ၊ အဲဒါကထား၊ နောက်ကို စဆွဲကတည်းက လက်ကောက်ဝတ် ချိုးနေတယ်၊ ပြီးတော့ ပခုံးကို ကိုးဆယ်ဒီဂရီပြည့်အောင် မလှည့်ဘူး၊ ပခုံးအပြည့်မလှည့်ဘဲနဲ့တော့ ပြေးဖို့တည့်ဖို့ခက်တယ်"

ကိုယုကြိုင်က "ဒါဖြင့် ဒီလိုလား"ဟု ဆိုကာ ဂေါက်တုတ်ကို နောက်သို့ဆွဲပြ၏။

"လက်ကောက်ဝတ် မချိုးတာတော့ မှန်သွားပြီ၊ ပခုံးလှည့်ပုံ မဟုတ်သေးဘူး၊ တုတ်ကို ဘယ်အခြမ်းလုံးနဲ့ နောက်ကို တည့်တည့်တွန်းသွား၊ လက်နဲ့ချည်း မဆွဲနဲ့၊ တုတ်က ခါးလောက်ရောက်တဲ့အထိ လက်ကောက်ဝတ် မချိုးနဲ့ဦး၊ ခါးလောက်ရောက်တော့ တုတ်အပေါ်ရောက်သွားအောင် ဘယ်ပခုံးနဲ့ လှည့်ရင်းတွန်းတင်၊ ဘယ်ပခုံးစွန်းဟာ ခြေဖဝါးနှစ်ခုကြား တည့်တည့်က မြေကြီးဆီ စိုက်ပြနေရမယ်"

"ငါဖတ်ဖူးတာက ဘယ်ပခုံးစွန်းက ဘောလုံးနောက်ရောက်ရင် တော်ပြီဆို"

"အဲဒီလောက်ဆိုရင် ကိုက်နှစ်ရာပြည့်အောင်တောင် ဘယ်တော့မှ ရောက်မှာမဟုတ်ဘူး၊ တည့်ဖို့လည်း ခက်တယ်၊ ကျွန်တော် ရိုက်ပြမယ် ကြည့်"

မြင့်နွယ်က ကိုယုကြိုင်လက်မှ တုတ်ကိုယူပြီး နောက်လွှဲနည်းကို ဖြည်းညင်းစွာ ပြသည်။ ကိုယုကြိုင် သဘောပေါက်လောက်မှ တစ်လုံးရိုက်ပြသည်။

မြင့်နွယ်၏ ဘောလုံးသည် လေထဲတွင် နှစ်ဆင့်တက်ပြီး တည့်တည့်ကြီးပြေး၏။ ကိုယုကြိုင် ရိုက်စဉ်က ဘောလုံးကောက်နေသော ကောင်လေးကိုကျော်၍ နောက်ကိုက်ငါးဆယ်ခန့်တွင်ကျပြီး ဆက်လိမ့်သွားနေ၏။

"အလယ်လယ် မင်းရိုက်တာ လိမ့်တာပါနဲ့ဆိုရင် ကိုက်သုံးရာကျော်မယ်ဟေ့"

မြင့်နွယ်က တုတ်ကို ကိုယုကြိုင်ထံ ပြန်ပေးသည်။

ကိုယုကြိုင်က မရိုက်သေးဘဲ နောက်လွှဲ သုံးခါလုပ်ကြည့်၏။

"ဟုတ်ပလားဟေ့"

"ဟုတ်ပြီ"

ကိုယုကြိုင်သည် နောက်သို့ ဖြည်းညင်းစွာ တုတ်ကိုလွှဲယူပြီး ရိုက်ချလိုက်၏။

ဂေါက်သီးသည် စောစောတုန်းကထက် တည့်လည်းတည့်သည်။ ပြေးလည်းပြေးသည်။

"ဟုတ်ပြီဟေ့ . . . ဒါပေမယ့် နည်းနည်းလေး ညာဝိုက်ချင်သေးတယ်"

"ဆက်သာရိုက်ပါဦး"

ကိုယုကြိုင်သည် ဆက်ရိုက်၏။ ဂေါက်သီးက အနည်းငယ်ညာဝိုက်မြဲ ဝိုက်နေသည်။

"စောစောတုန်းကလောက်တော့ မဆိုးတော့ဘူး၊ ဒါပေမယ့် ညာဝိုက်နေတုန်းပဲ"

"ကျွန်တော် သိပြီ၊ ဆရာက ရိုက်ပြီး လက်မှမဖြုတ်ဘဲ ညာကြီးနဲ့ ဆက်တွန်းနေတာကိုး"

"လက်က ဘယ်လိုဖြုတ်မလဲ"

"အနားကျမှ ကပ်ဖြုတ်တာ"

"အဲဒါ လုပ်လို့မရတာပေါ့ကွ"

"နေဦး ဆရာ့စိတ်ထဲမှာ ဂေါက်သီးကို ဘာနဲ့ရိုက်တယ်လို့ သဘောထားသလဲ"

"ဟ. . . တုတ်ခေါင်းနဲ့ရိုက်တယ် သဘောထားတာပေါ့ကွ"

"တုတ်ခေါင်းရှိနေတယ်ဆိုတာ မေ့ပစ်လိုက်၊ တုတ်ခေါင်းနဲ့ရိုက်ဖို့ ကြိုးစားတာနဲ့ တစ်ပြိုင်နက် တုတ်ခေါင်းက လက်ထက် အရင်ဆင်းမှာပဲ၊ တုတ်ခေါင်းက အရင်ဆင်းတာနဲ့ တစ်ပြိုင်နက်ဖြစ်ချင်တာတွေ လျှောက်ဖြစ်နိုင်တယ်၊ ဒါကြောင့်မို့ တုတ်ခေါင်းရှိတယ်ဆိုတာ မေ့ပစ်လိုက်ပြီး ရိုက်ချလိုက်တဲ့အခါမှာ စိတ်ထဲက ဘယ်ဘက်လက်ခုံနဲ့ ဘောလုံးကို ရိုက်တယ် သဘောထား၊ လက်ကောက်ဝတ်ကို ဘောလုံးနဲ့ထိမှဖြေ၊ ဖြည်းဖြည်းလုပ်ကြည့်"

ကိုယုကြိုင်က ကြိုးစားကြည့်၏။ သည်တစ်ကြိမ်တွင် ဂေါက်သီးနှင့် တုတ်ခေါင်းထိသံသည် ထက်ထက်မြက်မြက် ပီပီသသကြီး ပေါ်လာ၏။ ဂေါက်သီးသည် လေတွင် တန်းတန်းမတ်မတ်ကြီးပြေးပြီး စောစောက မြင့်နွယ် ရိုက်စဉ် ကျသောနေရာလောက်၌ ကျ၏။

"ဟာ . . . တစ်ချီတည်းနဲ့ မင်းလောက် ငါရောက်ပြီ"

" မှန်သွားရင် ဒီထက် ပြေးမှာပေါ့၊ ဆရာက ကျွန်တော့်ထက် ဗလကောင်းတာပဲဟာ"

ကိုယုကြိုင်သည် တစ်လုံးပြီးတစ်လုံး ဆက်ရိုက်၏။ အလုံးတိုင်းသည် ဖြောင့်ဖြောင့်နှင့် ပြေးသည်။

"ဟုတ်ပြီဟေ့ မြင့်နွယ်ရေ"

"ဟုတ်ပါပြီ ဆရာ၊ သံတုတ်ရိုက်ရင်လည်း ဒီလိုပဲသဘောထား၊ ဒါပေမယ့် လက်ကောက်ဝတ်ကို ဘောလုံးရှေ့မြေကြီးမှာ ဖြေတယ်လို့ သဘောထားရမယ်၊ ဘောလုံးအသားမှာ ဖြေတယ်လို့ သဘောမထားရဘူး၊ နောက်ကိုလည်း စောက်စောက်ဆွဲ ဆရာ၊ နံပါတ် (၅) စမ်းကြည့်ပါလား"

"အေးဟေ့"

ကိုယုကြိုင်သည် သံတုတ် နံပါတ် (၅)ကို ပြောင်းကိုင်ပြီး ရိုက်ကြည့်သည်။

"ဟုတ်သဟေ့ ဟုတ်သကွယ့်၊ ဒစ်ဗစ်တ်ပါတယ်၊ ဂေါက်သီးသွားတာဟာ ငြိမ်နေတာပဲ"

ကလပ်ဆီသို့ စတေရှင်ဝက်ဂွန်အညို ဝင်လာသည်ကို မြင့်နွယ် လှမ်းမြင်ရ၏။

လေ့ကျင့်သီးပုံးမှ ဂေါက်သီးကုန်သွားသောကြောင့် ကိုယုကြိုင်က ဂေါက်သီးကောက်နေသော ကောင်ကလေးကို လှမ်းလက်ပြခေါ်၏။

ကလပ်တွင်းမှ အရေးပိုင်နှင့်အတူ ဂေါက်သမားသုံးဦး ထွက်လာကြသည်။

ကိုယုကြိုင်က မှတ်ချက်ချသည်။

"အရေးပိုင် အရေးပိုင် ရုံးဆင်းနောက်ကျတယ်ထင်တယ်"

မြင့်နွယ်က ဘာမျှမပြောဘဲ စတေရှင်ဝက်ဂွန် ပြန်ထွက်သွားသည်ကို ကြည့်နေ၏။

ကိုယုကြိုင် လေ့ကျင့်နေသော လေ့ကျင့်ရေးတီခုံမှာ ပထမ ဖဲယားဝေး ဘေးဗဟိုတွင် ရှိနေ၏။ အရေးပိုင်တို့ ရိုက်လာလျှင် အနှောင့်အယှက်မဖြစ်စေရန် ကိုယုကြိုင်က နားပေးပြီး စီးကရက်တစ်လိပ် ညှိဖွာ၏။

"ကဲ . . . ဆရာ ဆက်လေ့ကျင့်ဦးပေါ့၊ ကျွန်တော်လည်း သွားစရာ ရှိသေးတယ် "

"အေး . . . ဟုတ်ပြီ၊ နေဦး ရော့ . . . ရော့. . "

ကိုယုကြိုင်က အိတ်တွင်းမှ ဆယ်တန်တစ်ချပ် ထုတ်ပေး၏။

"ဟာ . . . ဆရာ . . . များတယ်"

"မများဘူး မြင့်နွယ်၊ မင်းပြပေးတာဟာ ငါ့အတွက် တစ်ရာဆိုလည်း ဟုတ်တယ်၊ နှစ်ရာဆိုလည်း ဟုတ်တယ်၊ ရန်ကုန်ပြန်ရောက်မှ ဟိုမှာကျယ်နေတဲ့ မျက်နှာဖြူကောင်တွေကို ငါအနိုင်ရိုက်ဦးမယ်၊ ရော့ပါ ယူသွား"

မြင့်နွယ်က ငွေတစ်ဆယ်တန်ကို လှမ်းယူပြီး အိတ်တွင်းထည့်လိုက်သည်။

"ကျွန်တော် သွားတော့မယ် ဆရာ"

"အေး . . . ငါလည်း ကျင့်လိုက်ဦးမယ်၊ ဟန်ကျရင် မနက်ဖြန် ကိုမေရှင်တို့နဲ့ ချိန်းရိုက်မယ်၊ နို့မို့ ပုသိမ်ရောက်တိုင်း သူတို့ချည်း ငါက ပူဇော်ခဲ့ရတာ"

"ဆရာ ဦးဘချူးကြီးဆီက အလှိမ့်လေးလည်း အတုခိုးသွား ဆရာ၊ သူက အလှိမ့်ဝိဇ္ဇာပဲ၊ သူ့အလှိမ့်က ခုလိုနွေဆိုရင် အားကိုးရတယ်"

"ဦးဘချူးလား၊ ဘန်ကာထဲကတောင် ပတ်တာနဲ့ရအောင်လှိမ့်တင်တဲ့လူ၊ ဆိုးတော့ မဆိုးဘူးကွ"

မြင့်နွယ်သည် လမ်းကို ဖြတ်ကူးသည်။ ဖဲယားဝေးတစ်ခုကိုပါ ဖြတ်ကူးပြီး ကန်စောင်းရောက်လာ၏။ ကန်စောင်းရောက်မှ မြေအနိမ့်တစ်လျှောက်အတိုင်း အနောက်ဘက်သို့ မပြေးရုံတမည် ဆက်လာခဲ့၏။

အနောက်ဘက်မှာ ကမ်းခြေသည် ကျွန်းဆွယ်မြောင်မြောင်ဖြစ်၍ ကန်လယ်ဆီထိုးသွယ်လျက် တန်းပြေးနေသည်။

သည်ကျွန်းဆွယ်ပေါ်မှာတော့ အုန်းပင်ပျိုလေးများနှင့် ဝါးပင်ပုလေးများ ရှိနေသည်။

ကျွန်းဆွယ်မှနေ၍ ကြည့်လျှင် စင်သီယာတို့အိမ်ကို လှမ်းမြင်ရသည်။

သူကသာ အမောတကော ပြေးလာရသည်။ စင်သီယာကမူ အေးအေးမှန်မှန်နှင့် ကွန့်မြူးရရလေး လျှောက်လာနေ၏။

သူက လူယောင်ပြပြီး အုန်းပင်ပျိုကွယ်က ရပ်စောင့်သည်။ ဩော် . . . ရင်မှာလည်း လှိုက်ဖိုနေပါ၏။

စင်သီယာက အနီးရောက်လာသည်။ လက်တွင်းမှာ အညိုရောင် စက္ကူထူအိတ်တစ်လုံးကို ကိုင်လာ၏။

သူက ပြုံးနှုတ်ဆက်သည်။ စင်သီယာ့အပြုံးလေးကမူ မပွင့်တပွင့် ဖြစ်သည်။ မျက်နှာလေးက ရှက်ကိုးရှက်ကန်းနိုင်သည်။ ပါးလေးတွေမှာ ရဲနေ၏။

"ကိုယ်တို့ ဟိုနားမှာ ထိုင်ကြမယ်နော်"

စင်သီယာက ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်သည်။ ပြီးတော့မှ ခေါင်းညိတ်ပြ၏။

သူတို့ အတူထိုင်ကြသည့် နေရာလေးက ရေစပ်ဦးမှာ၊ လှိုင်းတွန့်လေးတွေ ပြေးခိုဝင်လာသည့် ရေစပ်ဦးမှာ။ ကုန်းမို့ကို နောက်ခံပြုထားသည်မို့သည်ဘက်ကမ်းကတော့ လှမ်းမမြင်နိုင်။ ဟိုဘက်ကမ်းမှာတော့ လွင်ပြင်နှင့် တောတန်းသာရှိသည်။

လူသူလေးပါး ကင်းရှင်းသည်။

တောတန်းမှာ ရွက်ဝါတွေကြွေနေသည်။ မြူခိုးကလည်း ပြာပြာဝေဝေနှင့်။ ဥဩသံကလည်း သာသာချိုချိုနှင့်။

(ဆက်လက်ဖော်ပြပါမည်)

"စင်သီယာ့အပြုံးလေးကမူ မပွင့်တပွင့် ဖြစ်သည်။ မျက်နှာလေးက ရှက်ကိုးရှက်ကန်းနိုင်သည်။ ပါးလေးတွေမှာ ရဲနေ၏။
"ကိုယ်တို့ ဟိုနားမှာ ထိုင်ကြမယ်နော်"
စင်သီယာက ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်သည်။ ပြီးတော့မှ ခေါင်းညိတ်ပြ၏"

ဦးလှမြင့်	တိုင်းဒေသကြီးမန်နေဂျာ(ငြိမ်း)	ဖုန်း-၀၁-၅၃၅၅၆၂

ဆရာကန်တော့ပွဲ ကျင်းပရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးစံသာ(စစ်တွေ)

အသက်(၇၇)နှစ်

တာဝန်ခံစာရင်းကိုင်(ဆလက-ငြိမ်း)

Nine Star တည်းခိုရိပ်သာ

ဒုတိယဗိုလ်မှူးကြီးစံရွှေထွန်း(ငြိမ်း) (ဌာနမှူး၊ ဈေးများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)-ဒေါ်နီလာစောတို့၏ ဖခင် ဦးစံသာ အသက် (၇၇)နှစ်သည် ၁၂-၃-၂၀၁၃(အင်္ဂါနေ့)ညနေ ၃း၃၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်အမှတ်စဉ်(၃၁)မှ သူငယ်ချင်းများ

(၃)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဦးအောင်စိုးလင်း

လက်ထောက်အင်ဂျင်နီယာ(စက်မှု)၊ လမ်းအထူး(၄)၊ ညောင်တုန်းမြို့

အစ်ကိုကြီးရေ-

နှုတ်မဆက်ဘဲ ရုတ်တရက်ခွဲခွာသွားတာ (၃)နှစ်တောင်ပြည့်သွားပါပြီ။ ရင်ထဲကနာကျင်ကြေကွဲမှုတွေနဲ့ သတိရလွမ်းဆွတ်မှုတွေကတော့ အရင်အတိုင်းပါပဲနော်။

ဆုံးဖြတ်ချက်တွေချရမယ့်အချိန်တိုင်း၊ စိတ်ညစ်စရာကြုံလာတိုင်း"နှစ်ယောက် အတူတူ" ဆိုရင်လို့တွေးပြီး မျက်ရည်ဝိုင်းရပါတယ်။

အစ်ကိုကြီးအတွက် နေ့စဉ်၊ လစဉ်ပြုခဲ့သမျှ ကုသိုလ်များနှင့်ဒီနေ့ (၃)နှစ်ပြည့်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)ဝနဝါသီတောရကျောင်းတိုက်မှ သံဃာတော်များအား နေ့ဆွမ်းကပ်ခြင်း၊ ညောင်တုန်းဝေယံအောင်ကျောင်းတိုက် ဘုရားရင်ပြင်တစ်ကွက်စာလှူဒါန်းခြင်း၊ ညောင်တုန်းသဲအင်းဂူတရားစခန်း ယောဂီများအတွက် ဆွမ်းလှူဒါန်းခြင်း၊ သန်လျင် အေးချမ်းသာတရားစခန်း၌ ဆွမ်းစားဆောင်နှင့် ယောဂီအိပ်ဆောင်အတွက် လှူဒါန်းခြင်း၊ ကိုလ်ကတ္တားကျောင်းတိုက်၌ သံဃာတော်များသီတင်းသုံးရန်နှင့်ဆွမ်းစားဆောင် ဆောက်လုပ်ရန် လှူဒါန်းခြင်းများအား အစ်ကိုကြီးအတွက် ရည်စူးလှူဒါန်းခဲ့ပါတယ်။

ညီမလေးရည်စူးပြုခဲ့သမျှ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်အစုစုကို အစ်ကိုကြီးရောက်ရှိရာဘုံဘဝမှာ မြင်နိုင်ကြားနိုင်သာဓုခေါ်ဆိုနိုင်ပြီး ပိုမိုမြင့်မြတ်သော ဘုံဘဝသို့ ရောက်ရှိခံစားနိုင်ပါစေလို့။ အစ်ကိုကြီးရေအမျှ-အမျှ-အမျှ-

ရင်ထဲမှာအမြဲရှိနေတဲ့
ချစ်ဇနီးဒေါ်နှင်းနှင်းလွင်(ညီ)၊ (ဗဟိုဆေးသိုလှောင်ရေးဌာန)

ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံ ငါး/ပုစွန် အစာထုတ်လုပ်ရောင်းဝယ်ယူများအသင်းနှင့် မွေးမြူရေးအစာ စီးပွားရေးလုပ်ငန်းစု အလုပ်အမှုဆောင် ဦးမျိုးမင်းသန်း-ဒေါ်ဇာဇာလင်းတို့၏ဖခင် ဦးမင်းလွင်(ခ) ယပ်ဘွန်စွမ်း အသက်(၇၃)နှစ်သည် ၁၅-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံ ငါး/ပုစွန် အစာထုတ်လုပ်ရောင်းဝယ်သူများအသင်း
မွေးမြူရေးအစာ စီးပွားရေးလုပ်ငန်းစု
အလုပ်အမှုဆောင်အဖွဲ့

ဝမ်းနည်းကြေကွဲခြင်း

ဦးတင်မောင်ဦး(လဝက-၂၉၄၅) (၅၉)နှစ်

ဒုတိယညွှန်ကြားရေးမှူး(ဒုတိယတိုင်းမှူး)

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

ပဲခူးတိုင်းဒေသကြီး

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)လမ်း၊ အမှတ်(၅၉/၂)နေ ဒေါ်ခင်ကျော့ကျော့လှိုင်၏ ချစ်လှစွာသော ခင်ပွန်း ဆရာ ဦးတင်မောင်ဦးသည် ၁၃-၃-၂၀၁၃ရက် နံနက် ၃နာရီတွင် ပဲခူးမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ နှမြောတသ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ဒေါက်တာဦးမောင်မောင်ကြည်-ဒေါ်ခင်စန်းမြင့်မိသားစု**

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်တင်ရီသန်း

အသက်(၅၆)နှစ်

(လပွတ္တာ)

ဗိုလ်မှူးအေးကျော်(ငြိမ်း)၏ဇနီး၊ မောင်သိန်းဇော်-မအေးငြိမ်းချမ်းယဉ်တို့၏ ချစ်လှစွာသောမိခင်သည် ၁၀-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါ်ထွေးမြိုင်နှင့်
ကော့သောင်း မောင်နှမတစ်စု

(၄)နှစ်နှင့် (၆)လပြည့်အလွမ်း

မောနွေလကြာအိုင်လင်း

အသက်(၁၁)လ

(၁၃-၁၀-၂၀၀၇)-(၁၇-၉-၂၀၀၈)

သမီးလေး"မောနွေလကြာအိုင်လင်း". . .

သာယာချမ်းမြေ့ပျော်ရွှင်စရာကောင်းတဲ့ မိသားစုလေးထဲကနေ ခွဲခွာပြီးခရစ်တော်၌ အိပ်ပျော်သွားခဲ့တာ ၁၇-၃-၂၀၁၃ရက်ဆိုရင် (၄)နှစ်နှင့် (၆)လ ပြည့်ပြန်ပြီ. . . တစ်နေ့နေ့တစ် ချိန်ချိန်မှာ အဘဘုရားသခင်ထံမှာ သမီးလေးနဲ့ပြန်ဆုံရမယ်လို့ယုံကြည်ပြီးနေ့စဉ် သတိရလွမ်းနေဆဲပါ. . . သမီးလေးကို အမြဲတမ်း လွမ်းဆွတ်သတိရနေသော မိသားစုမှ သမီးလေးအတွက်ရည်စူးပြီး ပြုလုပ်တဲ့ အလှူဒါနတွေကို မြင့်မြတ်သောကောင်းကင်ဘုံမှာ ကျေနပ်ပျော်ရွှင်နိုင်ပါစေလို့. . .

ကိုကို-ရှုံမွေလလင်း
ဖေဖေ-ဒေါ်ဒံယေလလင်း၊ မေမေ-လီဗီဆပ်နိုင်ထန်း
i Love Myanmar Foundation

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၂ယ/၅၈၉၉၈၊ ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်လီလီမြင့် [၈/ငဖန(နိုင်)၀၀၅၄၇၅]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေညာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန
ခရိုင်ရုံး(ရမည်းသင်းမြို့)

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့၊ ကံသာကျောင်းတိုက်

ဦးစီးပဓာနနာယကဆရာတော်

ဘဒ္ဒန္တဇောတိက

သိက္ခာတော်(၄၈)ဝါ၊ သက်တော်(၆၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့၊ အမှတ်(၂)ရပ်ကွက်၊ ကျောင်းကြီးလမ်းနေ ဖခမည်းတော် ဦးရွှေဘ-မယ်တော်ဒေါ်သိန်းတို့၏သား၊ ခရမ်းမြို့၊ (၁)ရပ်ကွက်၊ ကံသာကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် သိက္ခာတော်(၄၈)ဝါ၊ သက်တော်(၆၈)နှစ်ရှိ ဘဒ္ဒန္တဇောတိက မဟာထေရ်မြတ်သည် ၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁ရက် ည ၈း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ သဖြင့် ဆရာတော်၏ ကြွင်းကျန်ရစ်သည့် ဥတုဇရုပ်ကလာပ်ကို ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁/၁၂ရက် မွန်းလွဲ ၂ နာရီတွင် ကံသာကျောင်းတိုက်၊ ဓမ္မာရုံ၊ မင်းလမ်း၊ ခရမ်းမြို့၌ အန္တိမဈာပနပူဇာသဘင်ကို ကျင်းပမည်ဖြစ်ပါသဖြင့် ကြွရောက်ပူဇော်နိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ ဈာပနကျင်းပရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တဂုဏိယ

သိက္ခာတော်(၄၄)ဝါ၊ သက်တော်(၆၄)နှစ်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်၊ (၅၀၃)ရပ်ကွက်၊ ရေတော်တိုက် ကိဋ္ဌကပါလကျောင်း ဆရာတော်ဘဒ္ဒန္တဂုဏိယ သိက္ခာတော်(၄၄)ဝါ၊ သက်တော်(၆၄)နှစ်သည် (၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်) ညနေ ၅း၃၀ နာရီတွင် ပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်) ၁၈-၃-၂၀၁၃ ရက် မွန်းလွဲ ၂ နာရီတွင် တောင်အင်းမြောက်အင်းသုသာန်၌ အန္တိမအဂ္ဂိဈာပနပူဇော်မည်ဖြစ်ပါကြောင်း အကြောင်းကြားသိစေအပ်ပါသည်။ တပည့်ဒါယကာ၊ ဒါယိကာမများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုခ်ဦး၊ ဇရပ် ဒါယကာကြီး

ဦးစံသိန်း(သူ့ထက်စံတည်းခိုခန်း)

အသက်(၇၅)နှစ်

ဦးစီးအရာရှိ(ငြိမ်း)၊ စည်ပင်၊ ပခုက္ကူ

ကျောက်ပန်းတောင်းမြို့နယ်၊ စည်သာရွာနေ ဦးထွန်းပေါ-ဒေါ်ဆိုင်တို့၏သား၊ ချောင်းခြားရွာနေ ဦးမြိုင်-ဒေါ်သိန်းညွန့်တို့၏သားသမက်၊ ပခုက္ကူမြို့၊ (၇)ရပ်ကွက်၊ မြို့မလမ်းနေ ဒေါ်မြသွယ်၏ခင်ပွန်း၊ ဦးသန်းဝင်း-ဒေါ်စန်းစန်းမြ၊ ဦးရဲအောင်-ဒေါ်သန်းသန်းခိုင်၊ ဒေါ်မိုးမိုးသိန်း၊ ဦးလှတိုး-ဒေါ်ကလျာမိုး၊ ဦးသန်းထွဋ်အောင်-ဒေါ်မူယာဆွေတို့၏ဖခင်၊ မသင်းနော်အေး၊ မောင်သစ်လွင်ထူး၊ မဖြိုးသင်ဇာဝင်း၊ မအေးမြတ်မွန်၊ မခင်ငြိမ်းငြိမ်းသူ၊ မဆုဆက်ဆက်ဝေ၊ မောင်ဟိန်းထွဋ်အောင်တို့၏အဘိုးသည် ၁၁-၃-၂၀၁၃ (တနင်္လာနေ့) နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၃-၂၀၁၃(အင်္ဂါနေ့)တွင် ပခုက္ကူသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးတင်မောင်ဦး(လဝက-၂၉၄၅)

အသက်(၅၉)နှစ်

ဒုတိယညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီး ဦးစီးဌာနမှူးရုံး

ဦးအောင်စိန်-မမတင်တို့၏ သားသမက်၊ ဒေါ်ခင်ကျော့ကျော့လှိုင်၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ရှိန်းခန့်ဦး၊ မရည်မွန်ဦးတို့၏ မွေးသဖခင် ကျေးဇူးရှင် ဦးတင်မောင်ဦးသည် ၁၃-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ နှမြောတသ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါက်တာဦးအောင်ဝင်း-အန်တီဒေါ်ဥဥအောင်
ပြည့်စုံအောင်-သူဇာလွင်၊ ညဏ်လွှမ်းထက်၊ သွန်းဖြိုးဆုလာဘ်လှိုင်
Royal Reward Resort ပြင်ဦးလွင်မြို့

ကျေးဇူးဆပ်ပါမည်

ဦးအောင်မျိုးဦး၏ သင်္ဘောသားလုပ်သက် မှတ်တမ်းစာအုပ်အမှတ် ရန်-၄၁၆/၉၇ သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉၄၃၁၃၄၀၉၆

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးဂျိမ်းအက်ဂနေရှက်(စ်)

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးဂျိုးဇက်-ဒေါ်ရှီလာ)၊ ဒေါ်လူဒ်မေရီတို့၏ မောင်၊ ဦးဖရန်းစစ်(စ်)၊ ဦးရစ်ချတ်-ဒေါ်မွဂီ၊ ဦးစတီဗင်၊ ဒေါ်မရီနား-ဦးရောဘတ်(ထ်)၊ ဒေါ်ဂလိုရီ၊ ဦးမိုက်ကယ်(လ်)တို့၏ ဦးလေး၊ မြေးလေးယောက်တို့၏ အဘိုးသည် ၁၃-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၁း၀၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၇-၃-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ဖာတီမာမယ်တော် ဘုရားရှစ်ခိုးကျောင်း မြေနီကုန်း၌ ဝတ်ပြု ဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ် ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်ဆွေ အပေါင်းတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဘွန်ပြုံး မှတ်ပုံတင်အမှတ်- [၁၂/လမတ(နိုင်)၀၁၅၉၄၆]၏ သွင်းကုန်ပါမစ်အမှတ် ISP IDV8 12-13 17697(18/10/2012) အကောက်ခွန်ဦးစီးဌာန၏ ID အမှတ် 788725(22/10/2012) နှင့်ကျွန်မ ဒေါ်မြင့်မြင့်ခွဲ့ မှတ်ပုံတင်အမှတ်[၁၂/အစန(နိုင်)၁၆၅၀၉၂]၏ သွင်းကုန်ပါမစ်အမှတ် ISP IDV 8 12-13 24061(07/12/2012) အကောက်ခွန် ဦးစီးဌာန၏ IDအမှတ် 821807(19/12/2012)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

မြိတ်မြို့နယ်အသင်း(ရန်ကုန်)

ဒေါ်ကြည်ညွှန့်(မြိတ်) (၈၃)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးရပ်ကွက်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ်(၈၇)၊ သုံးလွှာနေ (ဦးသော်ဇင်-ဒေါ်တင်)တို့၏သမီး၊ (ဦးကြင်ဝမ်)၏ဇနီးသည် ၁၃-၃-၂၀၁၃(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၃ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသားအသင်းသူများသိစေအပ်ပါသည်။

အမှုဆောင်အဖွဲ့

ခရစ်တော်၌အိပ်ပျော်ခြင်း

မလေကော(ခ)မအေးမြ

အသက်(၂၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ်(၆၀၀)နေ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ လဟယ်မြို့ ဇာတိ ဦးရေကော-ဒေါ်နော်ပီးတို့၏သမီး မလေကော(ခ)မအေးမြသည် ၁၁-၃-၂၀၁၃(တနင်္လာနေ့) နံနက် ၆း၁၅ နာရီတွင် ရန်ကုန်မြို့၊ သဃ်န်းကျွန်းစံပြ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၌ ခရစ်တော်တွင် အိပ်ပျော်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူဦးစိုးချစ်နှင့်မိသားစု

ဒေါ်ကြည်ညွှန့်(မြိတ်)

အသက်(၈၃)နှစ်

(မိုးကုတ်ယောဂီ)

မြိတ်မြို့၊ ထားဝယ်စုရပ်၊ ဗဟိုလမ်း၊ အမှတ်(၄၆) နှင့် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးရပ်ကွက်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ် (၈၇)၊ သုံးလွှာနေ (ဦးသော်ဇင်-ဒေါ်တင်)တို့၏သမီး၊ (ဦးထွန်းရွှေ-ဒေါ်ကျင်ဖွား)တို့၏သမီးချွေးမ၊ (ဦးကျင်ဝမ်)၏ဇနီး၊ ကိုဝင်းနိုင်-ဒေါက်တာသဉ္ဇာမြတ်ခိုင်၊ ကိုအောင်မင်းမြတ်-မကြင်ကြင်ခိုင်၊ မဟေမာမြတ်ခိုင်၊ မရတနာသူ၊ ဒေါက်တာလင်းအာကာ၊ မောင်လင်းသူရ-မယမင်းဦး၊ မောင်ပြည့်စုံသူ၊ မောင်အုပ်စိုးမြတ်-မချစ်စုဝေ၊ မောင်ဝေယံမြတ်နိုင်၊ မောင်ဖြိုးခန့်ညီညီ၊ မောင်ရဲရင့်ညီညီတို့၏ ချစ်လှစွာသော အဘွား၊ မောင်ထူးဝီရနိုင်၊ မတွယ်တာအောင်၊ မဖူးအဥ္ဇလီနိုင်တို့၏ ဘွားဘွားကြီးသည် ၁၃-၃-၂၀၁၃ (ဗုဒ္ဓဟူးနေ့) ည ၉ နာရီတွင် ရန်ကုန်မြို့ ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၅-၃-၂၀၁၃(သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၁၉-၃-၂၀၁၃(အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမြေးများ

"ဒေါ်ခင်တင့်[၁၂/ကမရ(နိုင်)၀၂၆၀၇၇]နှင့် တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်ညွှန့်(စဉ်-၆၅၇၂)တို့၏ ၁-၃-၂၀၁၃ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၀)ပါ အများသိစေရန် ကြေညာချက်အား အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း"

ကျွန်ုပ်မိတ်ဆွေ ဦးတင်ဝင်း[၁၂/အစန(နိုင်)၁၂၉၅၉၂]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ခင်တင့်၊ ၎င်း၏ရှေ့နေ ဦးခင်မောင်ညွှန့်နှင့် အများသိစေရန်အဖြစ်မှန်အား ပြန်လည်ရှင်းလင်းသတိပေးကြေညာအပ်ပါသည်။

၁-၃-၂၀၁၃ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၀)တွင် အများသိစေရန် ကြေညာချက်တွင် ကျွန်ုပ်မိတ်ဆွေ ဦးတင်ဝင်း၏ နိုင်ငံသားအမှတ်အားသားဖြစ်သူ ဦးဟန်ဝင်းထွန်း၏ နိုင်ငံသားအမှတ်အဖြစ် မှားယွင်းထည့်သွင်းထားသလို ဖြစ်ရပ်အမှန်မဟုတ်သည်ကို ဟုတ်မှန်သယောင် အများအမြင်ထင်ယောင်ထင်မှားဖြစ်အောင် ကြေညာခြင်းဖြစ်ကြောင်း ဦးစွာရှင်းလင်းအပ်ပါသည်။

၁။ ဖြစ်ရပ်မှန်မှာ ကျွန်ုပ်မိတ်ဆွေဦးတင်ဝင်း၏ လက်ရှိအမည်ပေါက်ဖြစ်သော နှစ်(၆၀)ဂရန်မြေအမျိုးအစား၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၉)(ခ)၊ မြေကွက်အမှတ်(၁)၊ ဧရိယာ(၁. ၆၃၀)ဧကရှိမြေကို ၂၅-၅-၂၀၁၁ရက်စွဲပါ အိမ်ခြံမြေနှစ်ဦးသဘောတူ အရောင်းအဝယ်စရန်ပေးစာချုပ်အရ ဦးတင်ဝင်းထံမှ ကျပ်သိန်း(၁၅၀၀)ဖြင့် ဒေါ်ခင်တင့်က ဝယ်ယူရန် စရန်ငွေကျပ်သိန်း(၂၀၀)ပေးခဲ့ပါသည်။

၂။ အဆိုပါ နှစ်(၆၀)ဂရန်မြေအား ၂၅-၅-၂၀၁၁ရက်တွင် စရန်ပေးကတိစာချုပ်ချုပ်ဆိုပြီးနောက် အကြိမ်ကြိမ်ညှိနှိုင်းရက်ချိန်းရွှေ့ပြောင်းခဲ့ရာ ဒေါ်ခင်တင့်ဘက်မှ မြေတန်ဖိုးလျှော့၍ ရောင်းချမှသာလျှင် အဆင်ပြေမည်ဟုညှိနှိုင်းလာသဖြင့် ၁၉-၇-၂၀၁၂ရက်တွင် နှစ်ဖက်တွေ့ဆုံရန်ရက် သတ်မှတ်ခဲ့ကြပါသည်။ ၁၉-၇-၂၀၁၂ရက်တွင် ဒေါ်ခင်တင့်က စရန်ငွေပေးထားသည့် ကျပ်သိန်း(၂၀၀)အပါအဝင် မြေတန်ဖိုးကို ကျပ်သိန်း(၇၀၀)ဈေးဖြတ်ပြီး၊ ၅-၈-၂၀၁၂ရက်တွင် အပြီးသတ်ငွေပေးချေရန် နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။ ကျွန်ုပ်မိတ်ဆွေဦးတင်ဝင်းနှင့်ဒေါ်ခင်တင့်တို့၏ ၂၅-၅-၂၀၁၁ရက်စွဲပါ အိမ်ခြံမြေ အရောင်းအဝယ်စရန်ပေးကတိစာချုပ်အရ အရောင်းအဝယ်ပြုလုပ်သည့်ပစ္စည်းတန်ဖိုးကို ကျပ်သိန်း(၁၅၀၀) သတ်မှတ်ခဲ့ကြသော်လည်း ဒေါ်ခင်တင့်ဘက်မှ ၁၉-၇-၂၀၁၂ရက် ပစ္စည်းတန်ဖိုးကို လျှော့ချ၍ ကျပ်သိန်း(၇၀၀)သို့ ပြောင်းလဲသတ်မှတ်ပြီး၊ ဝယ်ယူသူ ဒေါ်ခင်တင့်ဘက်မှ ငွေအပြီးပေးချေရန် ၅-၈-၂၀၁၂ရက်တွင် ဒေါ်ခင်တင့်ဘက်မှ ငွေမချေဘဲ ၇-၈-၂၀၁၂ရက်သို့ ရက်ရွှေ့ချိန်းဆိုခဲ့ပြန်ရာ ကျွန်ုပ်မိတ်ဆွေဘက်မှ စိတ်ရှည်သည်းခံလိုက်လျောခဲ့ပါသည်။ သို့ရာတွင် ငွေအပြီးပေးချေရန် ဒေါ်ခင်တင့်ချိန်းဆိုသည့် ၇-၈-၂၀၁၂ရက်တွင် ဒေါ်ခင်တင့် ဘက်မှ ငွေပေးချေရန်ထပ်မံပျက်ကွက်ခဲ့သည်ကို ကာယကံရှင်ဒေါ်ခင်တင့်အသိဆုံးပင်ဖြစ်ပါသည်။ ထိုကဲ့သို့ ဒေါ်ခင်တင့်ဘက်မှ အပြီးသတ်ငွေပေးချေရမည့်ရက်ချိန်းများပေးခဲ့ပြီး ပျက်ကွက်မှုများကို ဖော်ပြလျက် အရောင်းအဝယ်ပျက်ခဲ့ပြီးဖြစ်ကြောင်း၊ ချစ်စကိုရှည်စေရန် ကျွန်ုပ်မိတ်ဆွေဦးတင်ဝင်းက ရှေ့နေမှတစ်ဆင့် ၁၆-၈-၂၀၁၂ရက်စွဲပါ အကြောင်းကြားစာဖြင့် ၂၅-၅-၂၀၁၁ရက်က စရန်အဖြစ်ယူခဲ့သည့် ကျပ်သိန်း (၂၀၀)ကို ဒေါ်ခင်တင့်ဘက်မှ မည်ကဲ့သို့လက်ခံမည်ကို အသိပေးအကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ ဦးတင်ဝင်းဘက်က ပေးပို့သည့် အကြောင်းကြားစာအပေါ် အပြီးသတ်ငွေပေးချေရန် ပျက်ကွက်ခဲ့သူ ဒေါ်ခင်တင့်က ရှေ့နေမှတစ်ဆင့် ၂၂-၈-၂၀၁၂ရက်စွဲပါ အကြောင်းကြားစာဖြင့် ကျပ်သိန်း(၆၀၀)ပေးလျော်ရန် ကျွန်ုပ်မိတ်ဆွေထံ အကြောင်းပြန်ကြားခဲ့ပါသည်။

၃။ ဒေါ်ခင်တင့်သည် ပစ္စည်းတန်ဖိုး ကျပ်သိန်း(၇၀၀)သဘောတူလျက် အပြီးသတ်ပေးချေရန် ရက်ချိန်းပျက်ကွက်မှုများကြောင့် အရောင်းအဝယ်ထုံးစံအရ စရန်ငွေအဆုံးဖြစ်ပြီး အရောင်းအဝယ်ပျက်နေပါလျက် ၁-၃-၂၀၁၃ရက် ကြေးမုံသတင်းစာတွင် အများသိစေရန် ကြေညာချက် အပိုဒ်(၂)တွင် "ရောင်းဖိုးကျန်ငွေကျပ်သိန်း ၁၃၀၀ကို မြေပိုင်ရှင် ဦးတင်ဝင်းမှ လက်ခံရယူ၍ ရောင်းချသောမြေကွက်နှင့် ပိုင်ဆိုင်မှု စာရွက်စာတမ်းများကို တန်ဖိုးလျှော့သတ်မှတ်ပြီး လက်ရောက်လွှဲပြောင်း ပေးအပ်ရန် တောင်းဆိုလိုက်ပါသည်ဟု" ဒေါ်ခင်တင့်ဘက်မှ ငွေပေးချေရန် ရက်ချိန်းများ ပျက်ကွက်ခဲ့သည့် မိမိအပြစ်ကို ဖုံးကွယ်၍ မမှန်မကန်ကြေညာခဲ့ခြင်းသာဖြစ်ပါသည်။

၄။ ကျွန်ုပ်မိတ်ဆွေဦးတင်ဝင်းသည် ၎င်းပိုင်ဖြစ်သည့် မြေတိုင်းရပ်ကွက်အမှတ်(၃၉၉/က)၊ မြေကွက်အမှတ်(၉၆)၊ (၃/ခ)မြေအမျိုးအစား၊ ဧရိယာ (၀. ၆၉)ဧကထဲမှ ဧရိယာ (၀. ၃၉၈)အား ၂၉-၁၂-၂၀၁၁ ရက်စွဲပါ အရောင်းအဝယ်စာချုပ်အရ ရောင်းဖိုးငွေ အပြေအကျေ ဒေါ်ခင်တင့်က ပေးချေ၍ ကျွန်ုပ်မိတ်ဆွေက အဆိုပါ (၃/ခ) မြေအမျိုးအစား၊ ဧရိယာ (၀. ၃၉၈)အား မြေကွက်တိုင်းတာ၍ ဒေါ်ခင်တင့် တောင်းဆိုချက်အရ ကျွန်ုပ်မိတ်ဆွေက နယ်နိမိတ်ကျောက်တိုင်စိုက်၍ လက်ရောက်ပေးအပ်ခဲ့ပြီးလည်းဖြစ်ပါသည်။ သို့ရာတွင် ဒေါ်ခင်တင့်ဘက်မှ အများသိစေရန် ကြေညာချက်အပိုဒ် (၃)တွင် "မြေရှင်ဦးတင်ဝင်းက ရောင်းချခဲ့ပြီးသော"ဟု စကားရပ်သုံးနှုန်းခြင်း သည် ကျွန်ုပ်မိတ်ဆွေဦးတင်ဝင်းက ဧရိယာ(၀. ၆၉)တစ်ကွက်လုံးကို ရောင်းချခဲ့ပြီးဖြစ်သယောင် မမှန်မကန် သုံးစွဲကြေညာခြင်းသာဖြစ်ပါသည်။ ရောင်းချခဲ့ပြီးဆိုသည့် စကားရပ်သည် ရောင်းဖိုးငွေအပြေအကျေရပြီးဖြစ်သည်ဟု ဆိုလိုရာရောက်ကြောင်း ကာယကံရှင် ဒေါ်ခင်တင့်နှင့် ရှေ့နေ ဦးခင်မောင်ညွှန့်တို့အနေဖြင့် သတိကပ်စကားလုံးရွေးချယ်စေလိုပါသည်။ ဦးတင်ဝင်းပိုင် အဆိုပါ (၃/ခ)အမျိုးအစားမြေကွက်ကြီးထဲမှ ကျန်ရှိသော ၀. ၂၉၂ ဧကအတွက် ဒေါ်ခင်တင့်ထံမှ ကျွန်ုပ်မိတ်ဆွေမြေပိုင်ရှင် ဦးတင်ဝင်းက ရောင်းဖိုးငွေ အပြေအကျေလက်ခံရယူခဲ့ခြင်းမရှိသလို စရန်အဖြစ်ပင် လက်ခံရယူထားခြင်းမရှိသေးကြောင်း သိစေအပ်ပါသည်။

၅။ ဒေါ်ခင်တင့်ဘက်မှ ၁-၃-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာတွင် အများသိစေရန် ကြေညာချက်အပိုဒ် (၄)တွင် "ကျွန်ုပ်၏ မိတ်ဆွေက ဥပဒေနှင့်အညီ နည်းလမ်းတကျစာချုပ်ချုပ်ဆို၍ ဦးတင်ဝင်းထံမှ ဝယ်ယူ၍ လက်ရောက်ရရှိထားသော မြေကွက်ကို ရောင်းချသူ၏ သားသမီးများက ဝါးလုံး၊ ဝါးကပ်များဖြင့် ဝင်ပေါက်ထွက်ပေါက်မရှိအောင် ပိတ်ဆို့ကာရံသည့်အပေါ်"ဟု စကားရပ်သုံးနှုန်းခြင်းသည် အဖြစ်အမှန်မဟုတ်သော ကိစ္စကိုရေးသား ခြင်းဖြစ်သည်။ ဒေါ်ခင်တင့်သည် ဦးတင်ဝင်းထံမှ အရပ်အရောင်းအဝယ်ကတိစာချုပ်ဖြင့် ငွေအပြေအကျေပေးချေ၍ လက်ရောက်ရရှိ ဝယ်ယူခဲ့သည်မှာ မြေတိုင်းရပ်ကွက်အမှတ် (၃၉၉/က)၊ မြေကွက်အမှတ်(၉၆)ထဲမှ (၃/ခ)အမျိုးအစားမြေ ၀. ၃၉၈ ဧကသာဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ ဦးတင်ဝင်းက မိမိပိုင် မြေတိုင်းရပ်ကွက်အမှတ် (၃၉၉/ခ)၊ မြေကွက်အမှတ်(၁)၊ ဧရိယာ ၁. ၆၃၀ဧကရှိ အမည်ပေါက်ပြီး ဂရန်မြေကွက်၏ မျက်နှာစာအား ခြံဝဖွင့်လျက် သန့်ရှင်းသပ်ရပ်စေရန် ရှိပြီးဖြစ်သော ဂရန်မြေကွက်နယ်နိမိတ်ကျောက်တိုင်တွင် ဝါးကပ်ကာရံခြင်းသာဖြစ်ပါသည်။ ဒေါ်ခင်တင့်ပိုင်ခြံအား ဝင်ရောက်ကာရံခြင်းမဟုတ်ကြောင်း ကာယကံရှင် ဒေါ်ခင်တင့်၊ ရှေ့နေ ဦးခင်မောင်ညွှန့်နှင့် အများသိစေအပ်ပါသည်။

၆။ အထက်အပိုဒ်ပါ မိမိပိုင်ဂရန်မြေမျက်နှာစာဝါးကပ်ကာရံသည့်အပေါ် ဒေါ်ခင်တင့်၏ ရှေ့နေ ဦးခင်မောင်ညွှန့်က ၈-၂-၂၀၁၃ရက်စွဲပါ အကြောင်းကြားစာနှင့် ၁၈-၂-၂၀၁၃ရက်စွဲပါ အကြောင်းကြားစာအပေါ် ကျွန်ုပ်မိတ်ဆွေဦးတင်ဝင်းကိုယ်တိုင် (၁၉-၂-၂၀၁၃)ရက်စွဲဖြင့် ရှင်းလင်းပြန်ကြားခဲ့ပြီးဖြစ်ပါသည်။

၇။ ဒေါ်ခင်တင့်သည် ကျွန်ုပ်မိတ်ဆွေ ဦးတင်ဝင်းအမည်ပေါက် ပိုင်ဆိုင်သော ဂရန်မြေကွက်အား ဒေါ်ခင်တင့်အနေဖြင့် အထက်တွင် ဖော်ပြပါ အရောင်းအဝယ်ပျက်ခဲ့ပြီးသည်ကိုပင် အများသိစေရန် ကြေညာချက်၌ နောက်ကြောင်းပြန်ကောက်ပြီး ရောင်းဖိုးငွေကျပ်သိန်း(၁၃၀၀) လက်ခံရန် တောင်းဆိုနေခြင်းသည် ဒေါ်ခင်တင့်အနေဖြင့် မိမိဘက်ကတိပျက်ကွက်မှုကို ဖုံးကွယ်လျက် ပြန်လည်ရောင်းချပေးရန် တောင်းဆိုမှုအပေါ် ကျွန်ုပ်မိတ်ဆွေက လက်ခံရန် အကြောင်းမရှိကြောင်း နှင့် ဒေါ်ခင်တင့်ဘက်မှ ရှေ့နေအသီးသီးဖြင့် ပြောင်းလဲအကြောင်းကြားစာများအပေါ် ဖြစ်ရပ်မှန်ဖော်ပြလျက် ဂရန်အမျိုးအစား ခြံမြေအရောင်းအဝယ် ပျက်ပြယ်သွားပြီးဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေဦးတင်ဝင်းကိုယ်တိုင် ရှင်းလင်းပြန်ကြားထားပါလျက် ကြေးမုံသတင်းစာတွင် ဒေါ်ခင်တင့်ဘက်မှ အပြီးသတ်ငွေပေးရန် ရက်ချိန်းများ ပျက်ကွက်၍ အရောင်းအဝယ်ပျက်ခဲ့ပြီးဖြစ်သည်ကို အမှန်တရားဖုံးကွယ်၍ အများသိစေရန် ကြေညာချက်ထုတ်ခြင်းသည် ကျွန်ုပ်မိတ်ဆွေ၏ လူမှုရေးဂုဏ်သိက္ခာထိခိုက်နစ်နာစေရန် အကြံအစည်ဖြင့် အများထင်ယောင်ထင်မှား ဖြစ်စေရန် ရည်ရွယ်ထည့်သွင်းကြေညာခဲ့ခြင်း ဖြစ်ကြောင်း သိသာထင်ရှားနေပါသည်။

သို့ဖြစ်၍ ယခုဖော်ပြပါ ရှင်းလင်းကြေညာချက်ပါသည့်နေ့မှ (၇)ရက်အတွင်း နေ့စဉ်ထုတ်သတင်းစာတွင် လူကြီးမင်းတို့၏ ကြေညာချက်အား ပြန်လည် ရုပ်သိမ်းကြေညာပေးရန် ပြင်းထန်စွာတောင်းဆိုလိုက်ပါသည်။ အကယ်၍ ပြန်လည်ရုပ်သိမ်းကြေညာပေးခြင်းမရှိပါက တည်ဆဲပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမနစ်နာမှုအရဖြစ်စေ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ဒေါ်ခင်တင့်၊ ၎င်း၏ တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်ညွှန့်နှင့် အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသောင်းဝင်း(LL.B)	**ဒေါ်စိုးစိုးမြင့်(LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၉၀၀)	**အထက်တန်းရှေ့နေ (စဉ်-၃၁၄၉၃)**

အမှတ်(၈၆၆/က)၊ သလ္လာဝတီ(၅)လမ်း၊ ၁၀/တောင် (၁၂) ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၃၀၂၆၇၃၉

ဝမ်းနည်းကြေကွဲခြင်း

ဦးတင့်ဆွေ (ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)-ဒေါ်နီလာသွင်တို့၏ဖခင် ဦးမြသွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

စတသ(၂၇)မှ သူငယ်ချင်းများနှင့် မိသားစုများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးမြသွင်(ညွှန်ကြားရေးမှူး၊ ငြိမ်း)

စက်မှုကြီးကြပ်ရေးနှင့် လျှပ်စစ်စစ်ဆေးရေးဦးစီးဌာန၊ စက်မှု(၁)

အသက်(၇၇)နှစ်

ဦးတင့်ဆွေ (ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)-ဒေါ်နီလာသွင်တို့၏ဖခင် ဦးမြသွင်သည် ၁၄-၃-၂၀၁၃ ရက် နံနက် ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

Forever Group ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးမြသွင်(ညွှန်ကြားရေးမှူး၊ ငြိမ်း)

စက်မှုကြီးကြပ်ရေးနှင့် လျှပ်စစ်စစ်ဆေးရေးဦးစီးဌာန၊ စက်မှု(၁)

အသက်(၇၇)နှစ်

ဦးတင့်ဆွေ (ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)-ဒေါ်နီလာသွင်တို့၏ဖခင် ဦးမြသွင်သည် ၁၄-၃-၂၀၁၃ ရက် နံနက် ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

MRTV-4 ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးမြသွင်(ညွှန်ကြားရေးမှူး၊ ငြိမ်း)

စက်မှုကြီးကြပ်ရေးနှင့် လျှပ်စစ်စစ်ဆေးရေးဦးစီးဌာန၊ စက်မှု(၁)

အသက်(၇၇)နှစ်

ဦးတင့်ဆွေ (ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)-ဒေါ်နီလာသွင်တို့၏ဖခင် ဦးမြသွင်သည် ၁၄-၃-၂၀၁၃ ရက် နံနက် ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မန္တလေး FM ဝန်ထမ်းများ

ဦးအောင်စည်(ကျုံပျော်)
အသက်(၆၇)နှစ်
မန်နေဂျာ
လှမြန်မာ(ရွှေဘ)ထမင်းဆိုင်

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ အကွေ့တန်းကျေးရွာနေ (ဦးစကီး-ဒေါ်နန့်ချုပ်)တို့၏သား၊ ဦးကျော်မြင့်-(ဒေါ်စန်းစိန်)၊ ဒေါ်ပန်းစိန်၊ ဦးအေးကျော်-ဒေါ်ဂျူး၊ ဦးစောမြင့်-ဒေါ်နန်းစိန်၊ ဦးဖိုးထူး-ဒေါ်နန်းတင်၊ ဦးသိန်းအောင်-ဒေါ်လှထွေးယဉ်တို့၏ ညီ/မောင်၊ အမှတ် (၂၇)၊ (၅)လမ်း၊ အနောက်ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်နေ ဒေါ်ခင်ကြိုင်၏ခင်ပွန်း၊ ကိုအောင်မြင့်မြတ်၊ မကျော့ကျော့တို့၏ဖခင်၊ တူ/တူမ ၁၅ယောက်တို့၏ဘကြီးသည် ၁၅-၃-၂၀၁၃ရက် နံနက် ၂း၀၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံ ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးခိုင်သိန်း(မော်လမြိုင်)
အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တိုက်(၄)၊ အခန်း(၃၃)၊ ရွှေဂုံရိပ်မွန်အိမ်ရာနေ ဦးမောင်ပိန်-ဒေါ်တင်စိန်တို့၏သားကြီး၊ ဒေါ်အေးအေးဆန်း၏ခင်ပွန်း၊ ကိုထွေးနိုင်-မလွင်မော်ခိုင်တို့၏ဖခင်၊ (ကိုအေးထွန်း)-ဒေါ်ခင်မူမူ၊ ကိုဝင်းနိုင်-မသီတာအေး၊ ကိုဌေးဝင်းမောင်-မခင်မျိုးသန့်၊ ကိုတင်အောင်မိုး-မစုစုထွေး၊ မအိအိမျိုး၊ မအိအိမိုး၊ မခင်ဇာမော်တို့၏အစ်ကိုကြီး၊ မနှင်းစန္ဒာ၊ မောင်နေမျိုးလွင်၊ မောင်ဉာဏ်လင်းအောင်တို့၏ဘကြီးသည် ၁၅-၃-၂၀၁၃ရက် မွန်းလွဲ ၁း၅၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၁၃ (တနင်္ဂနွေနေ့) နံနက် ၁၀း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့်
အသက်ကယ်ပါ

ဦးခင်အောင်(စစ်ကိုင်း)
အသက်(၇၈)နှစ်
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
စက်မှုဇုန်(၁)ရုံးအဖွဲ့အကြံပေး(ငြိမ်း)

စစ်ကိုင်းမြို့၊ မိုးဇာရပ်နေ ငွေခြားရစက်ရှင်တရားသူကြီး(ဦးမောင်မောင်ကြီး-ဒေါ်မမလေး)တို့၏မြေး၊ (ဦးသိန်း-ဒေါ်သိန်းခင်)တို့၏သား၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(၂၀၂)၊ အခန်း(၂)နေ ဒေါ်ခင်ဌေး၏ချစ်လှစွာသောခင်ပွန်း၊ [ဦးခင်ကျော်(လဝက/မှူး-ငြိမ်း)]၊ ဒေါ်ခင်အေးမြင့်၊ အရာခံဗိုလ်သက်ထွေး(ငြိမ်း)၊ ဒေါ်ခင်မြသွေး(အလက-၂၊ ရန်ကင်း-ငြိမ်း)၊ ဒေါ်ခင်မြထွေး (Y.T.T.C-ငြိမ်း)၊ ဦးအောင်ကိုး(လ/ထ တိုင်းမန်နေဂျာ/သွားလာ၊ မြန်မာ့မီးရထား-ငြိမ်း)၊ ဦးနိုင်ဦး (မြန်မာ့မီးရထား-ငြိမ်း)တို့၏ချစ်လှစွာသော အစ်ကိုကြီး၊ ဒေါ်ချိုမြအေး (YCDC)၊ တူ/တူမ ၁၅ယောက်တို့၏ဘကြီးသည် ၁၆-၃-၂၀၁၃ရက် ညနေ ၃း၅၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၃(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမောင်နှမတစ်စု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ကျင်မွှေး(ခ)ဒေါ်မွှေး
အသက်(၇၃)နှစ်
(ရွှေအိမ်တော်)

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ် (၁၂၅၅)နေ (ဦးမောင်စိန်-ဒေါ်အေး)တို့၏ သမီး၊ ဦးလှမြင့်-ဒေါ်ဝင်းဝင်းကျင်၊ ဒေါ်သက်သက်၊ ဦးနိုင်နိုင်-ဒေါ်ချိုချိုချစ်၊ ဒေါ်ခင်ခင်နှောင်း၊ မောင်ကျော်သူရ-မသီတာမြင့်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွား၊ ဦးလှမြင့်၏ဇနီးသည် ၁၆-၃-၂၀၁၃ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၃ (တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်သန်းရင် (၈၃)နှစ်
တမိုက်သာ(တောင်သာ)

ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၁)၊ လက်ထောက်ညွှန်ကြားရေးမှူး(စက်မှု) ဦးမောင်မောင်ချို၏မွေးသမိခင် ဒေါ်သန်းရင် အသက် (၈၃)နှစ်သည် ၁၅-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ
တည်ဆောက်ရေး(၁)

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်သန်းရင် (၈၃)နှစ်

ဦးမောင်မောင်ချို [ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၁)၊ လက်ထောက်ညွှန်ကြားရေးမှူး(စက်မှု)]-ဒေါ်နီနီမာအေးတို့၏မိခင် ဒေါ်သန်းရင် အသက်(၈၃)နှစ်သည် ၁၅-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

စက်မှုဝန်ထမ်းများ
လက်ထောက်ညွှန်ကြားရေးမှူး(စက်မှု)ရုံး
တည်ဆောက်ရေး(၁)
ဆည်မြောင်းဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်သန်းရင် (၈၃)နှစ်

ဦးမောင်မောင်ချို [ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၁)၊ လက်ထောက်ညွှန်ကြားရေးမှူး(စက်မှု)]-ဒေါ်နီနီမာအေးတို့၏မိခင် ဒေါ်သန်းရင် အသက်(၈၃)နှစ်သည် ၁၅-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဆန်းထွန်းမင်း၊ဦး/ရှိ(စက်မှု)-ဒေါ်မျိုးယုသွယ်
ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်း
တည်ဆောက်ရေး(၁)
ဆည်မြောင်းဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်မြရင်(မော်လမြိုင်) (၇၄)နှစ်

ဦးဖေကြည်မိသားစုဆေးဆိုင်၏မိခင်ကြီး ဒေါ်မြရင်သည် ၁၂-၃-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒေါ်မိမိငယ်၊မန်နေဂျာ
SHWE F.M (ပဲခူး)

ဝမ်းနည်းကြေကွဲခြင်း
ဦးအေးထွန်းဝင်း(ခ)ဦးမောင်မောင်
အသက်(၆၄)နှစ်

ဦးရဲထွန်းမြင့်-ဒေါ်အိကေခိုင် (CHERRY OO)တို့၏ဖခင် ဦးအေးထွန်းဝင်း(ခ)ဦးမောင်မောင်သည် ၁၄-၃-၂၀၁၃ရက် ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

BOD နှင့် ချယ်ရီဦးဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ လုပ်ငန်းကော်မတီဝင် ဦးကျော်မြင့် B.E (Electronics) (Asean Engineer) အသက်(၅၄)နှစ်သည် ၁၄-၃-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

AER Chapter, MES

ဒေါ်သန်းရင်
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပတ္တမြားလမ်း၊ အမှတ် (၇၄)နေ ဦးမောင်မောင်ချို [လ/ထ ညွှန်/မှူး (စက်မှု)၊ တည်ဆောက်ရေး(၁)၊ ဆည်မြောင်းဦးစီးဌာန]-ဒေါ်နီနီမာအေးတို့၏မိခင် ဒေါ်သန်းရင်သည် ၁၅-၃-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးခင်အောင် (၇၈)နှစ်
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
စက်မှုဇုန်(၁)ရုံးအဖွဲ့အကြံပေး(ငြိမ်း)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ရှင်းလမ်း၊ အမှတ်(၂၀၂)၊ အခန်း(၂)နေ (ဦးသိန်း-ဒေါ်သိန်းခင်)တို့၏သား၊ ဒေါ်ခင်ဌေး၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်နွယ်ဦး (အထက-၃၊ မြောက်ဒဂုံ)၊ ဒေါ်ခင်မျိုးအေး (အထက-၂၊ တောင်ဥက္ကလာ)၊ ဦးမျိုးဟိန်း-ဒေါ်စီစီသိန်း (ကြယ်စင်စာပေ)၊ ဒေါ်တင်မိုးခိုင် (အခွန်ဌာန၊ မြို့တော်စည်ပင်)၊ ဦးပြည့်စုံ-ဒေါ်မေမျိုးနိုင် (Diethelm & Co., Ltd.)တို့၏ ချစ်လှစွာသောဖခင်၊ မချောအိအိထူး(အထက-၂၊ ဗဟန်း)၊ မောင်ဇွဲထက် (အထက-၂၊ အင်းစိန်)တို့၏ ချစ်လှစွာသော အဘိုးသည် ၁၆-၃-၂၀၁၃ရက် ညနေ ၃း၅၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၃(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၈း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးလုစိန်
အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဇ)ရပ်ကွက်၊ မေဓာဝီလမ်း၊ အမှတ် (၅၇၇)နေ (ဦးဆိုက်ရာ-ဒေါ်ခင်မာ)တို့၏သား၊ ဒေါ်ချစ်၏ခင်ပွန်း၊ (ဦးခင်ဝင်း)၊ ဦးခင်ရွှေ-ဒေါ်ခင်ခင်ဝင်း၊ ဦးမြသန်း-မလှလှ၊ ဦးကျော်စိုး-ဒေါ်အေးကျင်စိန် (ဒေါ်ချစ်ကုန်စုံဆိုင်)၊ (ကိုနိုင်ဝင်း)-မတင်တင်အေး၊ ကိုအောင်ခင်-မသင်းသင်းယုတို့၏ဖခင်၊ မြေးခြောက်ယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၁၆-၃-၂၀၁၃ (စနေနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၃ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးအောင်ကြည် (၈၆)နှစ်
ဦးစိန်စတိုး၊ သိမ်ကြီးဈေး-ဘီရုံ

ရန်ကုန်မြို့၊ အမှတ်(၉၉/၁၀၁)၊ ရွှေတိဂုံဘုရားလမ်း၊ လသာမြို့နယ်နေ (ဦးမြန်-ဒေါ်အေးချို)တို့၏သား၊ ဒေါ်ခင်စန်းဝင်း၏ ချစ်လှစွာသော ခင်ပွန်း၊ [ဒေါ်ကြင်စွမ်(ခ)ဒေါ်ခင်စွမ်]၏ဦးလေး၊ (မစန်းစန်းမြင့်)၊ မစန်းစန်းတင့်၊ မဝင်းဝင်းတင်၊ မောင်ကြီးမြင့်၊ မောင်အောင်မြင့်၊ မောင်ကြီးစိန်၊ မောင်အောင်ဝင်းထွန်းတို့၏ ဖခင်သည် ၁၆-၃-၂၀၁၃ရက် နံနက် ၁၁း၄၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၃ (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

အနိစ္စ

ဦးကြန်စိန်
K.S ပွဲရုံဘုရင့်နောင်
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လမ်း(၂၀)၊ အမှတ်(၂၂)နေ ဒေါ်ကျင်ရီ၏ခင်ပွန်း၊ ဦးအိန်ချောင်း-ဒေါ်ခင်ခင်ထွေး၊ ဦးစိန်ဝင်း-ဒေါ်နီနီလှ၊ ကိုသန်းထိုက်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၆-၃-၂၀၁၃ရက် နံနက် ၃း၃၀နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၃(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်မေမေခင်ကြီး
အသက်(၈၀)

ရန်ကုန်မြို့၊ အမှတ် (၁၁/က)၊ ကမ္ဘောဇလမ်း၊ ရွှေတောင်ကြား (၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်နေ ဝဏ္ဏကျော်ထင် [သီရိပျံချီ ဦးတင်(၂)-ဒေါ်ခင်မေကြီး (တောင်ခွင်)]တို့၏သမီး၊ ဦးကိုကို၊ ဒေါ်အေးအေးတို့၏ အစ်မ၊ [ဦးစိန်လှိုင်(ဧရာဝတီတိုင်းမင်းကြီး)]၏ဇနီး၊ ဦးမင်းအောင်-ဒေါ်ခင်စိုးစိုးလှိုင်၊ (ဦးတင်ဝင်းလှိုင်)၊ ဦးသန့်ဇင်-ဒေါ်ခင်အေးအေးလှိုင်၊ (ဦးတင်ထွန်းလှိုင်)၊ မခင်ထွေးထွေးလှိုင်တို့၏မိခင်၊ မယွန်းနဒီ၏အဘွားသည် ၁၅-၃-၂၀၁၃ရက် ည ၉း၁၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၁၃ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း(ရန်ကုန်)
ဒေါ်သန်းရီ(မြိတ်)
အသက်(၇၆)နှစ်
အသင်းဝင်အမှတ်-(၅၀၄၃)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ (၅)ရပ်ကွက်၊ သီရိမွန်လမ်း၊ အမှတ် (၁၆၅)နေ (ဦးစံတင်)၏ဇနီးသည် ၁၅-၃-၂၀၁၃ (သောကြာနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ အမှုဆောင်အဖွဲ့

ဒေါ်သန်းပို(ထားဝယ်)
အသက်(၆၅)နှစ်

ထားဝယ်မြို့နေ (ဦးထွန်းညွှန့်-ဒေါ်နှင်းမြ)တို့၏သမီး၊ ထားဝယ်မြို့နေ (ဦးလှဝင်းကြည်-ဒေါ်စိန်ကြည်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ (၉၁) လမ်း၊ အမှတ်(၁၁၉)၊ ခုနစ်လွှာနေ ဦးတင်ထွန်း၏ချစ်လှစွာသောဇနီး၊ ဦးမျိုးအောင်-ဒေါ်ချိုချိုထွန်း၊ ဦးစိုးမိုး-ဒေါ်မို့မို့ထွန်း၊ ဦးမင်းဇော်ထွန်း-ဒေါ်မြမာလာတို့၏ မိခင်၊ မြေးလေးယောက်တို့၏ အဘွားသည် ၁၅-၃-၂၀၁၃ရက် ည ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၁၃ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများနံနက်၉း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးကျော်ဝင်း(ဖိုးထောင်)
အသက်(၆၁)နှစ်
မြန်မာ့ဆက်သွယ်ရေး(ငြိမ်း)
ကလေးမြို့

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နေ (ဦးလှမောင်-ဒေါ်ခင်ဌေး)တို့၏သားကြီး၊ ဦးဝင်းမြင့်-ဒေါ်ခင်မာဌေး၊ ဒေါ်ရီရီခိုင်၊ ဦးဝင်းဆွေ-ဒေါ်ညိုအေး၊ ဦးထွန်းထွန်းနိုင်-ဒေါ်ချောချော၊ ဦးဇော်နိုင်-ဒေါ်စန်းမြင့်အေးတို့၏အစ်ကိုကြီး၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ လှိုင်း(၄)၊ အခန်း (၃၂)၊ E.P.C ဝင်းနေ ဒေါ်ဝင်းရီ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမြလွင်-ဒေါ်ဝင်းကြည်တို့၏အစ်ကို၊ ဦးဇော်ဝင်း(ကြက်ဘဲဈေး)-ဒေါ်ထားထားဝင်း၊ ဦးအောင်မင်းနိုင်-ဒေါ်သီတာဝင်း၊ ကိုနိုင်ဝင်း၊ မဖြိုးဖြိုးဝင်း(Y.E.S.B၊ သာကေတမြို့နယ်ရုံး)၊ မသဇင်ဝင်းတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁၄-၃-၂၀၁၃ (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၃-၂၀၁၃ (သောကြာနေ့) နံနက် ၁၀း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ခင်ငြိမ်း
အသက်(၈၇)နှစ်
(မှော်ဘီ)

မှော်ဘီမြို့၊ မြို့မ (၃)ရပ်ကွက်၊ သရက်တောလမ်းနေ (ဦးဘိုးအောင်-ဒေါ်ငွေရှင်)တို့၏သမီး၊ မှော်ဘီဈေးရှေ့၊ အမှတ်(၃၈၃၊ ၃၈၄)နေ (ဦးထွန်းခင်)-ဒေါ်ခင်သန်း(ပဒေသာစတိုး)တို့၏အစ်မ၊ ဗိုလ်မှူးကြီးစိုးသိန်း(ငြိမ်း) (ကကယာ)-ဒေါ်ဖြူဖြူဝင်း၊ ဦးဝင်းလှိုင်(ဒု/ညွှန်ချုပ်၊ စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)-ဒေါ်မူမူသန်း၊ ဦးသိန်းဇော် (C/E, GEWIN)-ဒေါ်အေးဝင်းသိန်း၊ ဦးဝင်းမော်-ဒေါ်သောင်းရင် (ပဒေသာ အီလက်ထရွန်နစ်)တို့၏အဒေါ်၊ မြေး ၁၁ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၆-၃-၂၀၁၃ရက် နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၃ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။) (ပဒေသာစတိုးနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးမန်းချောင်း (၇၁)နှစ်
(Mang Chawn)
အရာခံဗိုလ်(ငြိမ်း)

ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ တလန်ခွားရွာနေ (သိက္ခာတော်ရဆရာကြီးချန်ထန်-ဒေါ်ရွှေခဲန်း)တို့၏သား၊ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ပြည်လုံးကျော်ရွာနေ(ဦးပြောင်း-ဒေါ်ချစ်အေး)တို့၏သားသမက်၊ (ဒေါ်ဗိုင်အီယန်)-ဦးဒါပ်လိန်းတို့၏မောင်၊ ဒေါ်ဖာရ်ထိုင်း(မြို့နယ်ပညာရေးမှူး-ငြိမ်း)-ဦးရွှေပွမ်း၊ ဒေါ်ရီလ်ကြည်-ဦးဗန်ကျဲအို၊ ဦးလျန်ဟုမ်း(ရဲမှူး-ငြိမ်း)-ဒေါ်လှိမ်ထန်း၊ ဦးဗန်ထောင်း (ဝန်ကြီး၊ ချင်းပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေး)-ဒေါ်တီာလ်နောန်၊ ဦးထန်မှုန်း (ဥပဒေအရာရှိ-ငြိမ်း၊ တရားလွှတ်တော်ရှေ့နေ)-ဒေါ်ရင်ရွှေ(မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)၊ ဦးပေါလု-ဒေါ်ဟွေနှိုယာန်၊ သိက္ခာတော်ရဆရာထောင်လိန်း(USA)-ဒေါ်ဆုန်ခဲန်းတို့၏အစ်ကိုကြီး၊ ခြံအမှတ်(၅)၊ ဓူဝံလမ်း၊ (၂/က) စံပြရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေ ဒေါ်သိန်းမြ၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ဌေးဌေးမြင့်၏ဖခင်ကြီး၊ မောင်သန့်ဇင်ဦး၊ မောင်ရဲမင်းမြတ်(အထက-၅၊ မင်္ဂလာဒုံ)တို့၏အဘိုးသည် ၁၆-၃-၂၀၁၃ရက် နံနက် ၈နာရီတွင် မဟာမြိုင် အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (လှိုင်သီရိအိမ်ရာ၊ ဘီအိုစီ၊ အင်းစိန်နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဦးစံမြင့် (၆၇)နှစ်
မြန်မာကြက်တောင်လက်ရွေးစင်ဟောင်း
(ကပရ-ငြိမ်း)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်(၂၄)၊ ခုနစ်လွှာ၊ (၁၀၈) လမ်းနေ (ဦး EA မားကွစ်-ဒေါ်လှရီ)တို့၏ သား၊ (ဦးအောင်တင်-ဒေါ်တင်ရီ)တို့၏ သားသမက်၊ ဒေါ်ခင်မေဦး(စီးပွား/ကူးသန်း)၏ ခင်ပွန်း၊ ကိုခင်ငွေ-မစန်းသီတာ၊ ကိုဆုရ (High Tech)- မအေးမြတ်စံ၊ (မောင်နန္ဒစံမြင့်)တို့၏ ဖခင်၊ ဒုဗိုလ်အောင်ထက်ပိုင်(ပိုးပိုး)၊ မောင်နိုင်ရဲလွင်(နိုးနိုး)၊ မောင်တင်ထွဋ်ကျော်(တုံးတုံ)၊ ဝေရီမြတ်(တီတီ)၊ မရည်မွန်အောင်(မုမု)တို့၏အဘိုး ဦးစံမြင့်သည် ၁၆-၃-၂၀၁၃ ရက် နံနက် ၇း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၂-၃-၂၀၁၃ရက်တွင် အမှတ်(၂၄)၊ (၁၀၈)လမ်း၊ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးတင်မောင်ဆွေ (၅၈)နှစ်
တွံတေးမြို့၊ ကျွန်းတောရပ်ကွက်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့၊ ကျွန်းတောရပ်ကွက် (၂)လမ်း၊ အမှတ်(၄၈)နေ ဒေါ်သန်းချစ်၏ခင်ပွန်း၊ ဗိုလ်မှူးသူရိန်လင်း-မအေးမြတ်ဝင်း၊ မဝင်းအိခိုင်တို့၏မွေးသဖခင်၊ မောင်သုတလင်း၊ မောင်တေဇလင်းတို့၏အဘိုး ဦးတင်မောင်ဆွေသည် ၁၅-၃-၂၀၁၃(သောကြာနေ့) ည ၁၀း၅၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၃-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ တန်ဆောင်း ဒါယိကာမကြီး
ဒေါ်အေးအေးသွယ်
B.A gr.Sc(Q), M.Sc (Khon Kaen University)
အသက်(၄၁)နှစ်
(၁၉၉၆၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်)
ဒု-ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရန်ကုန်တောင်ပိုင်းခရိုင်
(ကျောက်တန်း)

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့၊ စံချိန်မီမြို့သစ်၊ သရဖီလမ်း၊ အမှတ်(၅၅၄/၅၅၆)နေ (ဦးအင်သိန်း)-ဒေါ်ခင်ဌေးတို့၏ ချစ်လှစွာသောသမီး၊ ဦးတင်အောင်မိုး-ဒေါ်တင်တင်ခိုင်၊ ဦးဇော်အောင်-ဒေါ်အေးအေးမိုးတို့၏ညီမ၊ မဝေဝေခိုင်၊ မောင်အောင်မျိုးထွေးတို့၏ အစ်မ၊ တူ/တူမ သုံးယောက်တို့၏အဒေါ်သည် ၁၆-၃-၂၀၁၃(စနေနေ့) နံနက် ၄း၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၃-၂၀၁၃(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ကျောက်တန်းမြို့၊ အနောက် ပိုင်း တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
မလေကော(ခ)မအေးမြ (၂၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၃၄)ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ်(၆၀၀)နေ စစ်ကိုင်းတိုင်းဒေသ ကြီး၊ ခန္တီးခရိုင်၊ လဟယ်မြို့ဇာတိ ဦးရေကော-ဒေါ်နော်ပီးတို့၏သမီး မလေကော(ခ) မအေးမြသည် ၁၁-၃-၂၀၁၃ (တနင်္လာနေ့) နံနက် ၆း၁၅နာရီတွင် ရန်ကုန်မြို့၊ သဃ်န်းကျွန်းစံပြအထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၌ ခရစ် တော်တွင် အိပ်ပျော်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိဘဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူဦးစိုးချစ်နှင့်မိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184

၂၀၁၄ ခုနှစ်တွင် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်အောင် ပူးပေါင်းဆောင်ရွက်

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နေပြည်တော်၌ တည်ဆောက်လျက်ရှိသော နိုင်ငံတော်ဧည့်ဂေဟာပုံစံငယ်အား ကြည့်ရှုစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၆

နိုင်ငံတော်ဧည့်ဂေဟာဖြစ်သည့် Ruby Hall နှင့် Jade Villa အဆောက်အအုံများ အချိန်မီပြီးစီးရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ Ruby Hall တည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးသန့်ကျော်၊ ဒေါ်စန္ဒာခင်၊ ဒေါက်တာတင်ရွှေ၊ ဒုတိယရဲချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် Ruby Hall နှင့် Jade Villa အဆောက်အအုံများကို တာဝန်ယူတည်ဆောက်နေသော ကုမ္ပဏီများမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ အထူးဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး နေပြည်တော်ကောင်စီဝင် ဦးကံချွန်က Ruby Hall နှင့် Jade Villa အဆောက်အအုံများကို ကုမ္ပဏီအလိုက် တာဝန်ယူတည်ဆောက်နေမှု၊ အဆောက်အအုံဖွဲ့စည်းမှု၊ ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းမှ တာဝန်ယူဆောင်ရွက်နေသည့် ပြင်ပရေရရှိရေး၊ ပြင်ပလျှပ်စစ်လုပ်ငန်းနှင့် ပြင်ပဆက်သွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ Ruby Hall ကို တာဝန်ယူတည်ဆောက်လျက်ရှိသော ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီ အမှုဆောင်အရာရှိချုပ်က Ruby Hall ၏ အခန်းဖွဲ့စည်းပုံ၊ တည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကိုလည်းကောင်း အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှု ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ ဒုတိယရဲချုပ်နှင့် တာဝန်ရှိသူများက Ruby Hall နှင့် Jade Villa **စာမျက်နှာ ၃ ကော်လံ ၁ သို့**❊

ဆဲလ်ဖုန်း၏လျှပ်စစ်သံလိုက်လှိုင်းများ သိုင်းရွိုက်ကင်ဆာရောဂါဖြစ်နိုင်

ဂျေရုဆလင် မတ် ၁၆

ဆဲလ်ဖုန်းများမှပေါ်ထွက်လာသော လျှပ်စစ်သံလိုက်ဓာတ် ရောင်ခြည်လှိုင်းများနှင့် သိုင်းရွိုက်ကင်ဆာရောဂါအကြား ဆက်နွယ်မှုရှိနိုင်ကြောင်း အစ္စရေးသိပ္ပံပညာရှင်များ၏ လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

သတင်းလုံးချင်း

အနောက်တိုင်း နိုင်ငံများ၌ မကြာသေးမီ နှစ်များအတွင်း သိုင်းရွိုက်ကင်ဆာဖြစ်ပွားမှုနှုန်း အလွန်အမင်း မြင့်တက်လာခဲ့ကြောင်း၊ သိုင်းရွိုက်ကင်ဆာရောဂါ ဖြစ်ပွားမှုနှုန်းမြင့်တက်လာခြင်းသည် ဆဲလ်ဖုန်းများက ထုတ်လွှတ်သော ဓာတ်ရောင်ခြည်လှိုင်းနှင့် တွေ့ထိခံရမှုများပြားလာခြင်းကြောင့် ဖြစ်နိုင်ဖွယ်ရှိကြောင်း တဲလ်အဘစ်တက္ကသိုလ်နှင့် ဘီလင်ဆန်ဆေးရုံတို့ ပူးပေါင်းပြုလုပ်သော လေ့လာချက်တစ်ရပ်တွင်ဖော်ပြသည်။

သိပ္ပံပညာရှင်များသည် ကျန်းမာရေး ကောင်းမွန်သူများထံမှ ရယူသော သိုင်းရွိုက်ကလပ်စည်းများကို ဆဲလ်ဖုန်းများက ထုတ်လွှတ်သော လျှပ်စစ်သံလိုက်လှိုင်းများနှင့် တွေ့ထိစေကာ လေ့လာစမ်းသပ်မှု ပြုလုပ်ခဲ့သည်။

အဆိုပါ လေ့လာတွေ့ရှိချက်ကို အစ္စရေးနိုင်ငံ အီလတ်မြို့၌ မတ် ၁၀ ရက်က ကျင်းပသော နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းရောဂါများဆိုင်ရာ ခွဲစိတ်ကုသရေးသမားတော်ကြီးများ၏ ညီလာခံတွင် တင်သွင်းခဲ့သည်။

ဆဲလ်ဖုန်းအသုံးပြုမှုနှင့် ကင်ဆာရောဂါဖြစ်ပွားမှု ဆက်နွယ်မှုရှိသည်ဆိုသော **စာမျက်နှာ ၅ ကော်လံ ၆ သို့**❖



အမြန်လမ်းမကြီးတစ်လျှောက် ကီလိုမီတာ ၁၀၀ နှင့် အထက် မောင်းနှင်သည့်ယာဉ်များအား အရှိန်ထိန်းတိုင်းစက်ဖြင့် ဖမ်းဆီးအရေးယူမည်

ရန်ကုန် မတ် ၁၆

ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်တွင် ကီလိုမီတာ ၁၀၀နှင့်အထက် မောင်းနှင်သည့် မော်တော်ယာဉ်များအား လာမည့်ဧပြီလ ၁ ရက်မှ စတင်ကာ အရှိန်ထိန်းတိုင်းစက် (Redflex Traffic System)ဖြင့် ဖမ်းဆီးအရေးယူ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ ရဲမှူးကြီးနေဝင်းက ပြောသည်။

သတ်မှတ်ကီလိုမီတာထက် ပိုမိုမောင်းနှင်သည့် ယာဉ်များကို ဖမ်းဆီးအရေးယူသွားမည့် အရှိန်ထိန်းတိုင်းစက် (Redflex Traffic System)မှာ ဩစတြေးလျနိုင်ငံထုတ်စက်ပစ္စည်းဖြစ်ပြီး သတ်မှတ်ကီလိုမီတာထက် ပိုမိုမောင်းနှင်သည့် မော်တော်ယာဉ်များအား ရေဒါစနစ်ဖြင့် မှတ်တမ်းတင်ထားမည်ဖြစ်ပြီး မှတ်တမ်းတွင် ဝင်ရောက်သည့် မော်တော်ယာဉ်အား သက်ဆိုင်ရာနယ်မြေအလိုက် ဖမ်းဆီးအရေးယူဆောင်ရွက်ရန် စီစဉ်ထားကြောင်းသိရသည်။

အမြန်လမ်းတစ်လျှောက် ဖမ်းဆီးအရေးယူ ဆောင်ရွက်သည့် မော်တော်ယာဉ်များအား ယာဉ်စည်းကမ်းတရားရုံးများအဖြစ် **စာမျက်နှာ ၈ ကော်လံ ၁ သို့**❁

ယနေ့ မာတိကာ

အေဒီ ၁၇၅၆ တွင်မြန်မာဘုရင်က ဗြိတိန်ဘုရင်ထံ ရွှေသားအစစ် ပေစာရွက်တစ်ရွက် ပေးပို့ခဲ့

စာမျက်နှာ - ၂